# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်    ၂၀၁၅ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္ဂနွေနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၃၁]


အရိယ သစ္စာန ဒဿနံ
ဝေတံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်လာခြင်းသည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပိုမိုအကျိုးဖြစ်ထွန်းစေ

**အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်သည် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဖော်ပြထားသော မဟာဗျူဟာမှတ်တမ်းအဖြစ် နောင်လာမည့်အစိုးရများကို လက်ဆင့်ကမ်းနိုင်မည့် အမွေအနှစ်တစ်ခုလည်းဖြစ်**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်း၊ စာမျက်နှာ-၈) (သတင်းစဉ်)

## တောင်တရုတ်ပင်လယ် လူလုပ်ကျွန်းအနီး ချဉ်းကပ်လာသည့် အမေရိကန်လေယာဉ်ကို တရုတ်တပ်ဖွဲ့က မောင်းထုတ်

စာမျက်နှာ-၅

## ၂၀၁၅ ရွေးကောက်ပွဲမှာ ကြိုတင်မဲ ဘယ်လိုပေးမလဲ၊ ဘယ်သူတွေပေးခွင့်ရှိလဲ

စာမျက်နှာ-၁၀




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပင်လယ်ပြင် လူကုန်ကူးမှုသတိပြု

လွန်ခဲ့သည့်နှစ်များအတွင်း အရှေ့အလယ်ပိုင်းနှင့် အာဖရိက နိုင်ငံအချို့၌ စစ်မက်ဖြစ်ပွားမှု၊ အစာရေစာရှားပါးမှု၊ နိုင်ငံရေး မတည်မငြိမ်မှုများကြောင့် ပင်လယ်ပြင်ကိုဖြတ်ကျော်ကာ ဥရောပ သို့တရားမဝင်ရွှေ့ပြောင်းသွားလာနေထိုင်မှုများ ရှိခဲ့ပါသည်။ အလားတူ အာရှတိုက်တွင်လည်း ပင်လယ်ပြင်လူမှောင်ခိုကူးမှု နှင့် လူကုန်ကူးမှုများလည်း ကြီးထွားလာခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်များအတွင်း ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့ တွင်လည်း လူမှောင်ခိုမှု၊ လူကုန်ကူးမှုများကို စီးပွားရေး လုပ်ငန်းကြီးတစ်ရပ်သဖွယ် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများက အတင့်ရဲစွာ လုပ်ဆောင်လာသည်ကို တွေ့ရပေသည်။

ဤသို့ ပင်လယ်ပြင် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများနှင့်အတူ မကြာသေးမီက ပင်လယ်တွင်း လှေစီးဒုက္ခသည်များသည် မြန်မာ နိုင်ငံမှလာသည်ဟု အခြေအမြစ်မရှိသော စွပ်စွဲပြောဆိုမှုများနှင့် ရေးသားဖော်ပြမှုများကို နိုင်ငံတကာမီဒီယာများတွင် တွေ့မြင်လာ ရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်ကာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး တစ်ရပ်ကို မေ ၂၁ ရက်က နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတဦးညဏ်ထွန်းက "ပင်လယ်တွင်း လှေစီးဒုက္ခသည်များသည် မြန်မာနိုင်ငံမှလာ သည်ဟု စွပ်စွဲပြောဆိုနေမှုများတွင် မြန်မာနိုင်ငံမှ နည်းပါး သည့်အရေအတွက် ပါဝင်ကောင်း ပါဝင်နိုင်သော်လည်း အများစု မှာ မိမိတို့နိုင်ငံမှမဟုတ်သည်ကို ပြတ်ပြတ်သားသားပြောကြား လိုပါကြောင်း၊ မြန်မာနိုင်ငံသားဟုတ်မဟုတ် လိုအပ်သည့် ဇာစ်မြစ်ကိုစိစစ်ခြင်း၊ နိုင်ငံတကာ ကောင်စစ်လုပ်ငန်းများနှင့် အညီ စိစစ်မှုများကို ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားဖြစ် ကြောင်း အတည်ပြုနိုင်ပါက ကာကွယ်စောင့်ရှောက်မှုများပြုလုပ် ပေးခြင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခြင်းများပြုလုပ်သွား မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

အမှန်စင်စစ် ဤပြဿနာသည် ဒေသတွင်း၌ဖြစ်ပွားနေ သည့် ပြဿနာဖြစ်သည့်အတွက် မြန်မာတစ်နိုင်ငံတည်း ဆောင်ရွက်ရန် ခက်ခဲပါသည်။ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းပြီး တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်း၊ ပူးပေါင်းဆောင် ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုများကို ဖြစ်ပေါ် စေသည့်အကြောင်းရင်းများကိုဖယ်ရှားရန် ထိရောက်မြန်ဆန် သည့် အကောင်အထည်ဖော်မှုများ ဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံပိုင်နက် ရေပြင်အား ကြားစခန်းထောက်အဖြစ် အသုံးပြုသွားလာမှုများကိုလည်း ပင်လယ်ပြင်လုံခြုံရေး တပ်ဖွဲ့ဝင် များက အမြဲမပြတ်စောင့်ကြည့်လျက်ရှိပြီး လိုအပ်သည့်အရေးယူ ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်လျက်ရှိ ပါသည်။ ထို့ပြင် လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုများကို မည်သည့် နိုင်ငံမှ အစပြုသည်ဖြစ်စေ လူသားချင်းစာနာသည့်အကူအညီများ ပေးရန် အသင့်ပြင်ဆင်ထားပါသည်။ သို့ပါ၍ ကပ္ပလီပင်လယ်ပြင် နှင့် မလက္ကာရေလက်ကြားတို့၌ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုများ ကြီးထွားလာမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

# မြန်မာနိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ငွေကြေးပံ့ပိုးမည့် သဘောတူစာချုပ်လက်မှတ်ထိုး



**ရန်ကုန် မေ ၂၃**

ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် အာရှ ဖွံ့ဖြိုးရေးဘဏ်တို့သည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ငွေကြေးပံ့ပိုးမည့် အစီအစဉ်ဖြစ်သည့် Non-Sovereign Framework Agreement သဘောတူစာချုပ် လက်မှတ်ထိုးပွဲကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ် ၌ မေလတတိယပတ်က ကျင်းပရာ မြန်မာနိုင်ငံဘက်မှ ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းနှင့် အာရှ ဖွံ့ဖြိုးရေး ဘဏ်မှ အရှေ့အာရှ၊ အရှေ့တောင် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ Mr.Stephen P.Groffတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းသဘောတူစာချုပ်အရ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် လိုအပ်သောငွေကြေးများကို အာရှဖွံ့ဖြိုးရေးဘဏ်က ပံ့ပိုးကူညီနိုင် မည်ဖြစ်သည့်အပြင် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် စီမံကိန်းများတွင် ပါဝင် ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက ကဏ္ဍတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ရင်းနှီးမြှုပ်နှံခြင်း၊ အာမခံချက်များ ထုတ်ပေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပံ့ပိုးခြင်းတို့ ဆောင်ရွက်နိုင် မည်ဖြစ်သည်။

အဆိုပါစာချုပ်ကို လက်မှတ် ရေးထိုးနိုင်ရေးအတွက် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် တို့ကြား နှစ်နှစ်နီးပါး အချိန်ယူ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရ သည်။

**(မြန်မာ့အလင်း)**

# တရားစီရင်ရေးဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်ညှိနှိုင်းအစည်းအဝေး

**ဘားအံ မေ ၂၃**

ပြည်ထောင်စုတရားလွှတ်တော် ချုပ်၏ တရားစီရင်ရေးဆိုင်ရာသုံးနှစ် တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) အရ ရှေ့ပြေးတရားရုံး (Pilot Court)အဖြစ် ဆောင်ရွက်နေ သည့် ဘားအံမြို့နယ် တရားရုံးတွင် အကောင်အထည်ဖော် ဆောင်ရွက် မည့် အမှုသွားအမှုလာ စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ ညှိနှိုင်း အစည်းအဝေးကို မေ ၂၂ ရက်က ကရင်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည် နယ် တရားလွှတ်တော် တရားသူကြီး ချုပ် ဦးစောစံလင်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ညွှန်ကြား ချက်များနှင့်အညီ တရားစီရင်ရေး ဆိုင်ရာ အဓိကရည်မှန်းချက်များ ချမှတ်ပြီး တရားဥပဒေ စိုးမိုးရေးကို မြှင့်တင်ရန် သုံးနှစ်တာ မဟာဗျူဟာ စီမံကိန်း (၂၀၁၅-၂၀၁၇) ရေးဆွဲ ခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းအောင်မြင် ရေးအတွက် တရားစီရင်ရာတွင် (Caseflow Management) အမှုသွားအမှုလာ အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တရား စီရင်ရေးနှင့် ဆက်စပ်သော ပြည်နယ် အဆင့်ဆိုင်ရာဌာနများနှင့် ဟန်ချက်



ညီညီ ပူးပေါင်းပါဝင်အကောင် အထည်ဖော်ကြရန် အမှာစကားပြော ကြားသည်။ ပြည်နယ်တရားလွှတ် တော်မှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဘားအံမြို့နယ် တရားသူကြီးတို့က မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ရည်မှန်းချက်များ အကောင်အထည် ဖော်ရာတွင် သက်ဆိုင်ရာဌာနများက ဟန်ချက်ညီညီ ပူးပေါင်းပါဝင်နိုင်ရေး အတွက် တရားရုံး၏ အမှုသွားအမှုလာ စီမံခန့်ခွဲမှု ဆောင်ရွက်ရမည့်အစီ အစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ပြည်နယ် အဆင့်ဆိုင်ရာဌာနများက သိလို သည်များ ဆွေးနွေးတင်ပြကြောင်း သိရသည်။

**(မြန်မာအလင်း)**

# မိုးစပါးဘဏ်ချေးငွေများ စတင်ထုတ်ချေး

**ရန်ကုန် မေ ၂၃**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သန်လျင်ဘဏ်ခွဲမှ မိုးစပါးဘဏ်ချေး ငွေများကို မေ ၂၁ ရက်မှ စတင်၍ တောင်သူများကို ထုတ်ချေးပေးမည် ဖြစ်သည်။ သန်လျင်ဘဏ်ခွဲအနေဖြင့် ယခင်နှစ် မိုးစပါးချေးငွေနှင့် ဆောင်း ချေးငွေများကို ရာနှုန်းပြည့် ပြေကျေ ပြီးဖြစ်သည့် ကျေးရွာများသို့ ဦးစား ပေး ထုတ်ချေးပေးသွား မည်ဖြစ်သည်။

သန်လျင်မြို့နယ်တွင် မိုးစပါး ဧက ၅၂၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သန်း ၅၂၀၀ ထုတ်ချေးပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၃၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၂.၀-၁၁၂၃ |
| ဥရောပ | တစ်ယူရို | ၁၂၀၂.၆-၁၂၁၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၀.၇၉-၈၁၇ |
| ထိုင်း | တစ်ဘတ် | ၃၂.၃၆၆-၃၃.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၉၉၅-၁၇ |
| တရုတ် | တစ်ယွမ် | ၁၇၄.၆၁-၁၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၈၉-၃၀၁.၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၃၀၀ |
| ပေါ်ကြွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၇၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၀၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၁၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၅၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၅၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၅၀၀ |
| သကြား | တစ်ပိဿာ | ၁၀၄၀-၁၀၇၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော်ဝင်းပြသည်။**

# မိတ္ထီလာ(မြောက်)ကန်သည် လုပ်ငန်းပမာဏကြီးမားသည့်အတွက် စက်ယန္တရားအစီးရေ ၄၀၀ ခန့်ဖြင့် ဆောင်ရွက်မည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း စတင်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ ပြန်/ဆက်)

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ(မြောက်)ကန်အနီး ယာယီရှင်းလင်းဆောင်၌ ကျင်းပသည့် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ စတင်နိုင်ရန်အတွက် အန္တရာယ်ကင်း ပရိတ်တရားတော်များနာယူ ကြည်ညိုခြင်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတက မိတ္ထီလာမြို့ နိုင်ငံတော်သြဝါဒါစရိယ အသောကာရုံ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ လာဘာဝတ မဟာထေရ်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်အစိုးရအနေဖြင့် မိတ္ထီလာ(မြောက်)ကန် ပြန်လည်တူးဖော်ရေးလုပ်ငန်းရပ်ဆိုင်ရာများ ဆောင်ရွက်ရခြင်းနှင့် ဆောင်ရွက်လုပ်ကိုင်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတအမှူးပြုသည့် ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ အသောကာရုံ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ အသောကာရုံ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်က သြဝါဒကထာ ချွတ်ပွားချီးမြှင့်ပေးပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မိတ္ထီလာ(မြောက်)ကန်၏ တည်နေရာ၊ နောက်ခံသမိုင်းအကျဉ်း၊ လုပ်ငန်းမဆောင်ရွက်မီ အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရန် ဖြစ်ပေါ်လာပုံအခြေအနေ၊ လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ယခုလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ဤကန်ကြီးသည် မိတ္ထီလာမြို့နေလူထုအတွက် စိုက်ပျိုးရေးနှင့် မြို့သောက်ရေသုံးရေအတွက် အထောက်အကူပြုသည့်ကန်ကြီး ဖြစ်ပါကြောင်း၊ ရေရရှိရေးသည် ပြည်သူများ၏ အခြေခံ လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ပြည်သူများ ချက်ချင်းလက်ငင်း အကျိုးရှိမည့်လုပ်ငန်းများကို အလေးထားစဉ်းစားပြီး ဆောင်ရွက်ပေးလျက်ရှိရာ၌ ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့မှုရှိစေရန် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် ရေရရှိရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိရာ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ရေရှားပါးသည့်နေရာများ၌ ရေရရှိနိုင်စေရန် ကန်များပြုပြင်ခြင်း၊ စက်ရေတွင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ။

ဤမိတ္ထီလာ(မြောက်)ကန် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားသည့်အတွက် စက်ယန္တရားအစီးရေ ၄၀၀ ခန့်ဖြင့် ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ဤကန်ကြီး ပြန်လည်တူးဖော်ပြုပြင်ပြီးစီးသွားပါက ဒေသခံလူထုအတွက် သန့်ရှင်းသော သောက်သုံးရေ၊ စိုက်ပျိုးရေများ ကောင်းစွာရရှိမည် ဖြစ်ပါကြောင်း၊ ဒေသခံမြို့လူထု ရေရရှိရေးတွင် များစွာအကျိုးပြုပြီး ခေတ်အဆက်ဆက်က သမိုင်းအစဉ်အလာရှိခဲ့သည့် ဤကန်ကြီးကို မိမိတို့ အစိုးရလက်ထက်တွင် ဒေသခံလူထုအတွက် စေတနာဖြင့် ယခုကဲ့သို့ ပြုပြင်ပေးခြင်း ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ လုပ်ငန်းဆောင်ရွက်နေစဉ်နှင့် ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသွားသည့်အခါတွင်လည်း ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်ပေးသွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မိတ္ထီလာ(မြောက်)ကန်ပြန်လည်ပြုပြင်တူးဖော်မည့်နေရာနှင့် စက်ယန္တရားများ ရောက်ရှိနေမှုအခြေအနေများ၊ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းပေါ်ရှိ မိတ္ထီလာ-ကန်ဖြတ်တံတားကို လက်ရှိ ၂၅ ပေအကျယ် နှစ်လမ်းသွားမှ ၄၈ ပေအကျယ် လေးလမ်းသွားအထိ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများနှင့် မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။




မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်မည့် စက်ယန္တရားများကို တွေ့ရစဉ်။ (ဓာတ်ပုံ ပြန်/ဆက်)

ယခု ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် မိတ္ထီလာ(မြောက်)ကန်ကို ဆည်မြောင်းဦးစီးဌာနက ၂၀၁၅ ခုနှစ် မေလအတွင်း အကြိုစူးစမ်းတိုင်းတာမှုများ ပြုလုပ်ခဲ့ပြီး စက်ယန္တရားအင်အား အစီး ၄၀၀ ခန့်ဖြင့် လုပ်ငန်းကာလ နှစ်လအတွင်း ပြန်လည်ပြုပြင်တူးဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါကန်ကြီးသည် လက်ရှိအခြေအနေတွင် ကန်ပေါင် အလျား ပေ ၂၃၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ်အကျယ်ပေ ၃၀၊ ပျမ်းမျှရေအနက် လေးပေခြောက်လက်မ၊ ရေလှောင်ပမာဏ ဧကပေ ၃၀၀၀၊ ရေထုတ်ပေါက် (၃၅ × ၃၅) ပေ နှစ်ခုသာရှိတော့သဖြင့် သီးနှံစိုက်ပျိုးမှုအားဖြင့် မိုးစပါး ၂၆၃၄ ဧကနှင့် နွေစပါး ၄၄၅ ဧကသာ စိုက်ပျိုးနိုင်တော့ကြောင်း သိရသည်။

သဲနုန်းပို့ချနေသည့် မိတ္ထီလာ(မြောက်) ကန်မြေကို ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင်တူးဖော်ရာတွင် ကန်ပေါင်အလျား ပေ ၂၅၆၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ် အကျယ်ပေ ၅၀၊ ပျမ်းမျှရေအနက်ရှစ်ပေ၊ ရေလှောင်ပမာဏ ဧကပေ ၇၂၀၀ အထိတူးဖော်ပြုပြင်သွားမည်ဖြစ်ပြီး သီးနှံစိုက်ပျိုးမှုအားဖြင့်လည်း မိုးစပါး ၆၆၅၅ ဧကနှင့် နွေစပါး ၆၉၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည်။

မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်း လုပ်ငန်းတွင် သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်များ ထပ်ပိုးခြင်း၊ ကန်ပေါင်အသစ်ပြုလုပ်ခြင်း၊ ဆင်ခြေလျှောလှိုင်းကာကျောက်ရိုးစီခြင်း ၊ ရေထိန်းတံခါးနှင့် ကန်ခြားရေတံခါးများကိုလည်း အထူးစီမံကိန်းအသွင်ဖြင့် စက်ယန္တရားကြီးများ အလုံးအရင်းနှင့် ပြန်လည်ပြုပြင်တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်

**နေပြည်တော်  မေ ၂၃**

လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် တို့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လားရှိုးမြို့ပေါ်ရှိ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတ အမှူးပြုသော ဆရာတော် သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် လားရှိုးမြို့ပေါ်ရှိ စွန်းလွန်းဝိပဿနာ စတုသစ္စာကျောင်းတိုက် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဒေဝိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ မြို့လယ်ပရိယတ္တိ စာသင်တိုက် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ မြို့မပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကလျာဏ အမှူးပြုသော ဆရာတော် သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ ထင်းရှူးမြိုင် မြို့ပြဖွံ့ဖြိုးရေး အိမ်ရာစီမံကိန်းနှင့် ချယ်ရီမြိုင် တည်ဆောက်ရေး စီမံကိန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ထင်းရှူးမြိုင် မြို့ပြဖွံ့ဖြိုးရေးအိမ်ရာ စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်မိုးနှင့် တာဝန်ရှိသူများက စီမံကိန်းတည်နေရာ၊ အကျယ်အဝန်း၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံလုပ်ငန်း၊ လမ်းလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရှင်းလင်းဆောင်၌ ပြသထားသည့် ထင်းရှူးမြိုင် မြို့ပြဖွံ့ဖြိုးရေးအိမ်ရာ စီမံကိန်းပုံစံငယ်ကို ကြည့်ရှုပြီး အဆောက်အအုံများ ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့၌ ပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် Shining Myanmar ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ချယ်ရီမြိုင် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ Shining Myanmar ကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အဆောက်အအုံပုံစံများ ရွေးချယ်ထားရှိမှု၊ စီမံကိန်းကာလအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ၊ မြေသားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး မြို့မပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကလျာဏထံ လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်မီးသွယ်တန်းရေး၊ သောက်သုံးရေဖြန့်ဖြူးရေး၊ အမှိုက်သရိုက်များ၊ စီမံကိန်းအဆောက်အအုံနှင့် အိမ်ရာများမှ ထွက်ရှိလာသော ရေဆိုးများကို ပြုပြင်သန့်စင်စက်များဖြင့် သန့်စင်ပြီး စနစ်တကျစွန့်ပစ်ရန်၊ စည်းကမ်းတကျ စွန့်ပစ်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်နှင့် အဆင့်မြင့်ယာဉ်ရပ်နားစခန်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေးရထားလမ်း ဒစ်ဂျစ်တယ်အချက်ပြစနစ်များ တပ်ဆင်မည်

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သက္က**

**ရန်ကုန်  မေ ၂၃**

ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက် ခေတ်မီဒစ်ဂျစ်တယ် အချက်ပြစနစ်များ ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ "ဒီစီမံကိန်းက ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ချေးငွေအကူအညီနဲ့ ဂျပန်ယန်းငွေ ၂ ဒသမ ၄ ဘီလီယံနဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပထမဆင့်အဖြစ် ရန်ကုန်ဘူတာကြီးနဲ့ ပြွန်တန်ဆာဘူတာအကြား ကီလိုမီတာ ၁၄၀ ရှည်တဲ့ လမ်းပိုင်းကို စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းကိုတော့ ၂၀၁၇ ခုနှစ် ဇွန်လမှာပြီးစီးဖို့ ခန့်မှန်းထားပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ ရထားလမ်းတစ်လျှောက် ဒစ်ဂျစ်တယ် အချက်ပြစနစ်များကို တပ်ဆင်ရန် ဂျပန်ထိပ်တန်းအီလက်ထရွန်နစ် ကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် မစ်ဆူဘီရှီကော်ပိုရေးရှင်းနှင့် ဟီတာချီတို့က လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသွားကြောင်း သိရသည်။

အဆိုပါကုမ္ပဏီ နှစ်ခုအနေဖြင့် ရထားစောင့်ကြည့်ထိန်းချုပ်ရေးစနစ် (Train Monitoring System နှင့် အီလက်ထရွန်စနစ် အပြန်အလှန်ချိတ်ဆက်စနစ် (Electronic Interlocking System)၊ ရေပြင်ညီဖြတ်သန်းမှုစနစ် (Level Crossing System) တို့ပါဝင်သော အချက်ပြစနစ်များကို တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစနစ်များ တပ်ဆင်လိုက်သည့်အတွက် ရထားလမ်းတစ်လျှောက် အစုန်နှင့်အဆန်ရထားများအနေဖြင့် အလိုအလျောက်စနစ်များကြောင့် ဘေးကင်းလုံခြုံစွာ မောင်းနှင်နိုင်မည်ဖြစ်သည်။ အချက်ပြစနစ်သစ်များသည် မြန်မာနိုင်ငံ၏ သက်တမ်းကြာရှည်နေပြီ ဖြစ်သော မီးရထား အခြေခံအဆောက်အအုံများအပေါ် ဝန်ဆောင်မှုအရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုကို ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အဆိုပါ လုပ်ကိုင်ခွင့်ရကုမ္ပဏီနှစ်ခု၏ကြေညာချက်တွင် ဖော်ပြထားသည်။

မစ်ဆူဘီရှီကော်ပိုရေးရှင်းသည် အာရှနှင့် အရှေ့အလယ်ပိုင်း ရထားလမ်းနှင့် ရထားဆက်စပ်ကိရိယာများ တပ်ဆင်ရာတွင် အတွေ့အကြုံအများအပြားရှိပြီး ဟီတာချီမှာ ရထားလုပ်ငန်းအတွက် ရထားလမ်းဆက်စပ်နှင့် အချက်ပြစနစ်များကဲ့သို့ တစ်နေရာတည်းမှ ထိန်းချုပ်အဖြေရှာရေးစနစ်များ တပ်ဆင်ရာတွင် အတွေ့အကြုံများကြောင်း သိရသည်။

ယင်းစီမံကိန်းကို ပထမအဆင့်အဖြစ် အခြေခံထားသော်လည်း ယင်းလုပ်ကိုင်ခွင့်ရ ကုမ္ပဏီနှစ်ခုအနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးရထားလမ်း ခေတ်မီတိုးတက်ရေးအပါအဝင် မြန်မာနိုင်ငံအတွင်း ရထားလမ်းအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းသစ်များ ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။



# မြန်မာနိုင်ငံအနာဂတ်ကာလ သဘာဝဓာတ်ငွေ့ရည်လုပ်ငန်း ဆောင်ရွက်ခြင်းအခွင့်အလမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော်  မေ ၂၃**

စွမ်းအင်ဝန်ကြီးဌာနမှဦးဆောင်၍ Pavilion Energy Pte.,Ltd. နှင့် Green Power Myanmar Co., Ltd တို့က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ အနာဂတ်ကာလသဘာဝဓာတ်ငွေ့ရည်လုပ်ငန်းဆောင်ရွက်ခြင်း အခွင့်အလမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Future Liquified Natural Gas (LNG) Business Opportunity in Myanmar ) ကို နေပြည်တော် သင်္ဂဟဟိုတယ်၌ ၂၀၁၅ ခုနှစ် မေ ၂၂ ရက်တွင် ကျင်းပခဲ့ရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာနမှဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ စွမ်းအင်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ Pavilion Energy Pte.,Ltd. နှင့် Green Power Myanmar Co., Ltd တို့မှ တာဝန်ရှိသူများ၊ သဘာဝဓာတ်ငွေ့ရည်လုပ်ငန်း တင်သွင်းဖြန့်ဖြူးရောင်းချရေးလုပ်ငန်းအား စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသည့်နိုင်ငံခြားကုမ္ပဏီများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို နိုင်ငံတကာ အတွေ့အကြုံရှိ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသည့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၀၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သဘာဝဓာတ်ငွေ့ရည်အခွင့်အလမ်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်ကာလအာရှနိုင်ငံများ၏ သဘာဝဓာတ်ငွေ့ရည်လုပ်ငန်း အခွင့်အလမ်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည်ပြောင်းလဲသုံးစွဲမှု (သဘာဝဓာတ်ငွေ့ရည် သိုလှောင်ခြင်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း)နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ သဘာဝဓာတ်ငွေ့ရည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသော ကုမ္ပဏီအသီးသီး၏ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး နေပြည်တော်၌ကျင်းပမည်

**နေပြည်တော်  မေ ၂၃**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်သော (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www.moi.gov.mm မှ Home Page တွင်ရှိသည့် 7th CLMV SUMMIT and 6th ACMES SUMMIT ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Submit ပြုလုပ်ရန် မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇွန် ၂၁ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Sky Palace Hotel ၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း ၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# အိန္ဒိယကို ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်ရန် မြှင့်တင်တည်ဆောက်နေသည့် ဝန်ကြီးချုပ်မိုဒီ

ထွန်းတောက်

### တစ်နှစ်ပြည့်ခဲ့ပြီ

၂၀၁၄ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် အိန္ဒိယအထွေထွေရွေးကောက်ပွဲတွင် အာဏာရကွန်ဂရက်ပါတီအပေါ် အနိုင်ရခဲ့သည့် အတိုက်အခံ ဘာရာတီယာဂျာနာတာပါတီ (BJP)ခေါင်းဆောင် နရန္ဒြာမိုဒီ ဝန်ကြီးချုပ်ဖြစ်လာသည်မှာ ယခုနှစ် မေလ ၂၆ ရက်နေ့တွင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

အိန္ဒိယကို ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်ရန် မြှင့်တင်တည်ဆောက်နေသည့် ဝန်ကြီးချုပ်မိုဒီသည် တစ်နှစ်တာကာလအတွင်း၌ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် စူပါစတားနိုင်ငံရေးသမားအဖြစ် ဂုဏ်သိက္ခာကို မြှင့်တင်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။

တစ်နှစ်အတွင်း၌ ဝန်ကြီးချုပ်မိုဒီသည် အမေရိကန်၊ တရုတ်၊ တောင်ကိုရီးယား၊ မွန်ဂိုလီယား စသည့်နိုင်ငံပေါင်း ၁၉ နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ထိုနိုင်ငံများနှင့် ကုန်သွယ်စီးပွားရေးနှင့် သံတမန်ဆက်ဆံရေးများကို မြှင့်တင်တည်ဆောက်နိုင်ခဲ့သည်။

ယနေ့လူသားတို့၏ ကမ္ဘာကြီးပေါ်တွင် လူကြိုက်အများဆုံး နိုင်ငံ့ခေါင်းဆောင်မှာ သမ္မတအိုဘားမားဖြစ်ပြီး ဒုတိယလူကြိုက်အများဆုံးပုဂ္ဂိုလ်မှာ ဝန်ကြီးချုပ်မိုဒီဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူတို့က ဆိုသည်။

ကမ္ဘာပေါ်တွင် ဝန်ကြီးချုပ်မိုဒီသည် ပညာဉာဏ်အင်အားကြီးမားသည့် ပုဂ္ဂိုလ်အဖြစ် ပြည်သူများ၏ လေးစားမှုကိုရရှိခဲ့ပြီဖြစ်သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလက အမေရိကန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်တွင် နယူးယောက်မက်ဒီဆင်ရင်ပြင်ဥယျာဉ်၌ ဝန်ကြီးချုပ်မိုဒီ မိန့်ခွန်းပြောကြားခဲ့ရာ အမေရိကန်ပြည်သူများနှင့် အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံသား ထောင်ပေါင်းများစွာသည် ကွင်းလုံးပြည့်မျှ တက်ရောက်၍ “မိုဒီ၊ မိုဒီ၊ မိုဒီ” ဟု ကြွေးကြော်အော်ဟစ်ကာ ထောက်ခံအားပေးခဲ့ကြသည်။

ထိုလူထုအစည်းအဝေးပွဲ၌ ဝန်ကြီးချုပ်မိုဒီက အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံသည် မွေးရာပါသဘာဝကိုက မဟာဗျူဟာမြောက် မဟာမိတ်များဖြစ်ကြပါသည်ဟု လေးလေးနက်နက် ဂုဏ်ယူပြောဆိုခဲ့သည်။

အမေရိကန်သမ္မတ အိုဘားမားကလည်း ယခုနှစ်ဇန်နဝါရီလ အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးစဉ်တွင် လူထုစည်းဝေးပွဲတစ်ခု၌ အိန္ဒိယနိုင်ငံကြီးသည် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးအယူအဆမကွဲပြားဘဲ သွေးစည်းညီညွတ်ကြမည်ဆိုလျှင် ကမ္ဘာ့စီးပွားရေး၊ စစ်ရေးအင်အားကြီးသောနိုင်ငံ၊ ကမ္ဘာ့ထိပ်တန်းအောင်မြင်သောနိုင်ငံကြီးမုချဖြစ်လာမည်ဖြစ်ကြောင်း သုံးသပ်ပြောဆိုခဲ့သည်။

### လူဦးရေ ၁ ဒသမ ၂၅ ဘီလီယံ

မစ္စတာမိုဒီ (၆၄ နှစ်)သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တာဝန်ကိုမထမ်းဆောင်မီ ဂုဂျာရတ်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်စဉ်ကာလ၌ ဂုဂျာရတ်ပြည်နယ်၏ စက်မှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အိန္ဒိယပြည်နယ်အားလုံးက ဂုဂျာရတ်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို စံပြအဖြစ် အတုယူခဲ့ကြရသည်။

ထိုစဉ်ကပင် ပြည်နယ်ဝန်ကြီးချုပ် နရန္ဒြာမိုဒီသည် အသိပညာရှင်၊ အတတ်ပညာရှင် (Technocrat) အဖြစ် အိန္ဒိယတွင်သာမက နိုင်ငံတကာတွင် လူသိများထင်ရှားနေပြီဖြစ်သည်။

ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီး အိန္ဒိယသည် လူဦးရေ ၁ ဒသမ ၂၅ ဘီလီယံရှိသည့်အတွက် ကမ္ဘာကြီးတစ်ခုလုံး၏ စုစုပေါင်း လူဦးရေ၏ ခြောက်ပုံတစ်ပုံမျှ ရှိသည်။ လူဦးရေ ၁ ဒသမ ၂၅ ဘီလီယံ၏ စားဝတ်နေရေး၊ စီးပွားရေးကိစ္စကို မြှင့်တင်တည်ဆောက်ရသော အလုပ်တာဝန်မှာ အလွန်ပင် ခက်ခဲလှသည်။

ဂုဂျာရတ်ပြည်နယ်၏ စက်မှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို စံပြအဖြစ်ထားကာ အိန္ဒိယတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝန်ကြီးချုပ်မိုဒီဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစနစ်ပုံစံများကို ယနေ့အချိန်၌ ပြုပြင်ပြောင်းလဲမြှင့်တင်လျက်ရှိနေသည်။

မကြာမီက နယူးဒေလီမြို့တွင် တိုင်းမ်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့နှင့် တွေ့ဆုံမေးမြန်းရာတွင် ဝန်ကြီးချုပ်မိုဒီကအစိုးရအဖွဲ့၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုမူဝါဒများကို ကာကွယ်ပြောဆိုတဲ့ ဘာသာရေးမတူကွဲပြားသည့် လူနည်းစုများအပေါ်ထားရှိသည့် အစိုးရ၏ သဘောထားအမှန်များကိုလည်း ရှင်းရှင်းလင်းလင်း ပြောဆိုခဲ့သည်။

မစ္စတာမိုဒီက ၎င်း၏သဘောထား၊ အစိုးရအဖွဲ့၏ သဘောထားနှင့် ဘာရာတီယာဂျာနာတာပါတီ၏ သဘောထားမှာ နိုင်ငံသားအားလုံးအတူတကွ ပါဝင်လက်တွဲ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အောင်မြင်မှုကို ကြိုးပမ်းဆောင်ရွက်ကာ ထိုအောင်မြင်မှုကို အားလုံးမျှဝေခံစားခြင်းပင်ဖြစ်ကြောင်း၊ ဟိန္ဒူဘာသာအားဖြင့် “ Sabka Saath Sabka Vikas” ပင်ဖြစ်ကြောင်း အလေးထားပြောဆိုသည်။

အိန္ဒိယအစိုးရ၏ တရိုတသေမြင့်မြင့်မြတ်မြတ် တန်ဖိုးထားကိုင်စွဲသော အထွတ်အမြတ် (holy Book) စာအုပ်မှာ အခြေခံဥပဒေစာအုပ်သာဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ စည်းလုံးညီညွတ်မှုမှာ ထိပ်တန်းဦးစားပေးဆောင်ရွက်ရမည့်အရာဖြစ်ကြောင်း၊ အခြေခံဥပဒေနှင့်အညီ အားလုံးသော ဘာသာတရားများနှင့် အားလုံးသော လူ့အဖွဲ့အစည်းများသည် တူညီသောအခွင့်အရေးကိုရရှိခံစားရမည်သာဖြစ်ကြောင်း၊ မိမိဦးဆောင်သော အစိုးရသည် ထိုအခွင့်အရေးအပြည့်အဝရရှိစေရန် တာဝန်ယူကာကွယ်စောင့်ရှောက်ရမည်သာဖြစ်ကြောင်း၊ ဘာသာရေး၊ လူမျိုးရေး၊ ဇာတ်ခွဲခြားဆက်ဆံမှုကို လုံးဝလက်ခံမည်မဟုတ်ကြောင်းဖြင့် မစ္စတာမိုဒီကအစိုးရ၏မူဝါဒကို ပြတ်သားရှင်းလင်းစွာ ပြောဆိုခဲ့သည်။

၂၀၀၂ ခုနှစ်၌ မစ္စတာ မိုဒီ ဂုဂျာရတ် ပြည်နယ်ဝန်ကြီးချုပ် တာဝန်ယူစဉ်၌ ဟိန္ဒူဘုရားဖူးရထားတစ်စင်းတိုက်ခိုက်မီးရှို့ခံရမှုကြောင့် ၅၉ ဦး သေဆုံးခဲ့ရာမှစတင်ကာ လူမျိုးရေး အဓိကရုဏ်းဖြစ်ပွားခဲ့မှုကြောင့် မွတ်စလင်အများစုပါဝင်သည့် လူ ၁၀၀၀ ခန့် သေဆုံးခဲ့ရသည်။

ပြည်နယ်ဝန်ကြီးချုပ်မိုဒီသည် ထိုအကြမ်းဖက်မှုကို တာဝန်အရ ဟန့်တားနိုင်ခဲ့သော်လည်း မဟန့်တားဘဲ လျစ်လျူရှုထားခဲ့သည်ဟု ပြစ်တင်ဝေဖန်ခံခဲ့ရာ မစ္စတာမိုဒီက အမှားအယွင်း တစ်စုံတစ်ရာမလုပ်ခဲ့ကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်။ အိန္ဒိယအစိုးရက ၎င်းကိုတရားစွဲဆိုခြင်းမပြုခဲ့သော် အမေရိကန်အစိုးရက မစ္စတာမိုဒီကို အမေရိကန်သို့ လာရောက်ခွင့်ပိတ်ပင်ခဲ့ပြီး Black List စာရင်းသို့ သွင်းထားခဲ့သည်။

နောက်ပိုင်း မစ္စတာမိုဒီကို အိန္ဒိယဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်သောအခါ အမေရိကန်အစိုးရက ၎င်းကို Black List ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်ဒီဇင်ဘာလ၌ ဝန်ကြီးနာရန်ဂျန်ဂျိုတီက လူထုအစည်းအဝေးတစ်ခုတွင် အိန္ဒိယပြည်သူတို့သည် ရာမနတ်ဘုရားမှ ဆင်းသက်လာသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အစိုးရကိုလိုလားသလား သို့မဟုတ် မျိုးမစစ်များပါဝင်သည့် အစိုးရကို လိုလားသလားဟု မေးခွန်းမေးခဲ့မှုကြောင့် သတင်းမီဒီယာများ၏

စာမျက်နှာ ၆ သို့

**အခြေခံဥပဒေနှင့်အညီ အားလုံးသော ဘာသာတရားများနှင့် အားလုံးသော လူ့အဖွဲ့အစည်းများသည် တူညီသောအခွင့်အရေးကို ရရှိခံစားရမည်သာဖြစ်ကြောင်း၊ မိမိဦးဆောင်သောအစိုးရသည် ထိုအခွင့်အရေး အပြည့်အဝရရှိစေရန် တာဝန်ယူကာကွယ်စောင့်ရှောက်ရမည်သာဖြစ်ကြောင်း၊ ဘာသာရေး၊ လူမျိုးရေး၊ ဇာတ်ခွဲခြားဆက်ဆံမှုကို လုံးဝလက်ခံမည်မဟုတ်ကြောင်း**

# တောင်တရုတ်ပင်လယ် လူလုပ်ကျွန်းအနီး ချဉ်းကပ်လာသည့် အမေရိကန်လေယာဉ်ကို တရုတ်တပ်ဖွဲ့က မောင်းထုတ်

**ပေကျင်း မေ ၂၃**

အမေရိကန်စစ်ဘက်ဆိုင်ရာ ဂျက်လေယာဉ်တစ်စင်း တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်အတွင်းရှိ လူလုပ်ကျွန်းတည်ဆောက်နေသောနေရာအနီးချဉ်းကပ်ပျံသန်းမှုမှ ထွက်ခွာသွားရန် တရုတ်တပ်ဖွဲ့ဝင်များက တောင်းဆိုခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သောကြာနေ့က အတည်ပြုပြောကြားလိုက်သည်။

“ တရုတ်တပ်ဖွဲ့ဝင်တွေက အမေရိကန်သူလျှိုလေယာဉ်ကို ဥပဒေနှင့်အညီ ထွက်ခွာပေးဖို့ တောင်းဆိုလိုက်ခြင်းဖြစ်ပါတယ်”ဟု ပြောခွင့်ရပုဂ္ဂိုလ် ဟောင်လိက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားလိုက်သည်။ အမေရိကန်ထောက်လှမ်းရေး လေယာဉ် P-8A သည် တရုတ်နန်ရှာကျွန်းစုအနီးကမ်းလွန်တွင် ဗုဒ္ဓဟူးနေ့က ဖြတ်သန်းသွားပြီးနောက် ဟောင်၏မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန် ကင်းထောက်လေယာဉ်ချဉ်းကပ်မှုသည် တရုတ်နိုင်ငံ၏ ရေပိုင်နက်ကို ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာဖွယ်ရှိကြောင်းဟောင်က ပြောကြားသည်။ ယင်းကဲ့သို့ ပြုမူဆောင်ရွက်ခြင်းကို တရုတ်နိုင်ငံက အပြင်းအထန် ရှုတ်ချပါကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

(ဆင်ဟွာ)



# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Co.,Ltd. တို့ ပူးပေါင်း၍ “Call Center Hotline 1883”မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သောသတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀) နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ(၃)ခုထားရှိကာ နံပါတ် (၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသတင်းနှင့် နံပါတ်(၃)တွင် နောက်ဆုံးရထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး (MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Moblile ဖုန်း အော်ပရေတာများနှင့် ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**







## နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ကွင်းဆင်းဆောင်ရွက်

**မန္တလေး မေ ၂၃**

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားအခမဲ့ One Stop Service ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ကတ်ပြားပေးအပ်ပွဲကို သင်ပန်းကုန်းရပ်ကွက်ရှိ လောကမာန်အောင် ဓမ္မာရုံ၌ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှ၊ ဦးသိန်းလွင်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသောင်းဇော်၊ မန္တလေးခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၂၃၁ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



*စာမျက်နှာ ၅ မှ*

ဝေဖန်မှုကိုခံခဲ့ရသည်။ ဝန်ကြီးချုပ်မိုဒီက ၎င်းဝန်ကြီး၏ ပြောဆိုမှုကို လက်မခံကြောင်း ကန့်ကွက်ခဲ့သော်လည်း ဝန်ကြီးကိုရာထူးမှ မဖယ်ရှားခဲ့ပေ။

ယခုနှစ် ဇန်နဝါရီ ၂၆ ရက် အိန္ဒိယသမ္မတနိုင်ငံထူထောင်သောနေ့ (Republic Day) အခမ်းအနားတွင် ပထမဆုံးအကြိမ် အမေရိကန်သမ္မတအဖြစ် မစ္စတာအိုဘားမားက တက်ရောက်ချီးမြှင့်ခဲ့မှုကို မစ္စတာမိုဒီက ဝမ်းမြောက်ဝမ်းသာဂုဏ်ယူခဲ့သည်။

သမ္မတအိုဘားမားနှင့် ဝန်ကြီးချုပ်မိုဒီတို့သည် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ဆက်ဆံရေးကို မြှင့်တင်တည်ဆောက်ခဲ့ကြပြီး စီးပွားရေး၊ စစ်ရေး ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်။ မစ္စတာအိုဘားမားက အိန္ဒိယနိုင်ငံအနေနှင့် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးစည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြလျှင် ကမ္ဘာ့ထိပ်တန်းအင်အားကြီးနိုင်ငံတစ်နိုင်ငံ မုချဖြစ်လာမည်ဟု အလေးထားပြောဆိုခဲ့သည်။

### အိန္ဒိယလူဦးရေ၏ ထက်ဝက်ခန့်

အိန္ဒိယလူဦးရေ၏ထက်ဝက်ခန့်မှာ အသက် ၂၅ နှစ်အရွယ် တက်ကြွသောလူငယ်များဖြစ်ကြပြီး ၎င်းတို့လုပ်ငန်းခွင်သို့ဝင်ရောက်ရန် အရွယ်ရောက်လာချိန်တွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးမှာ နှေးကွေးကျဆင်းနေသည်ကိုတွေ့ရှိရပြီး အလုပ်အကိုင်များ ရှားပါးနေသည်။

၁၉၉၀ ပြည့်နှစ်များတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုကြောင့် အိန္ဒိယဖွံ့ဖြိုးမှုနှုန်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တိုင်တိုင် ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့သည်။

သို့သော် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ် အိန္ဒိယအထွေထွေရွေးကောက်ပွဲကျင်းပချိန်အထိ အာဏာရကွန်ဂရက်ပါတီ ဝန်ကြီးချုပ် မန်မိုဟန်ဆင်း ဦးဆောင်သည့် အစိုးရလက်ထက်တွင် အိန္ဒိယစီးပွားရေးမှာ ဆုတ်ယုတ်ကျဆင်းနေခဲ့သည်။

ဝန်ကြီးချုပ် မိုဒီဦးဆောင်သည့် အစိုးသစ်လက်ထက် တစ်နှစ်တာကာလတွင် အိန္ဒိယ၏စီးပွားရေးတိုးတက်မှုနှုန်းမှာ ၅ရာခိုင်နှုန်းအထိ ပြန်လည်မြှင့်တင်နိုင်ခဲ့သော်လည်း နှစ်စဉ်အလုပ်ခွင်သို့ ဝင်ရောက်နိုင်သည့် လူငယ် ၁၀ သန်းအတွက် လုံလောက်သောအလုပ်အကိုင်သစ်များ ဖော်ထုတ်ပေးနိုင်ခြင်းမရှိသေးပေ။

ဆင်းရဲနေသော အိန္ဒိယပြည်သူများစွာ၏ဘဝကို မြှင့်တင်ပေးရန်အတွက် မစ္စတာမိုဒီသည် လူငယ်ဘဝကပင် သန္နိဋ္ဌာန်ချမှတ်ထားပါသည်ဟု တိုင်းမ်သတင်းထောက်နှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောဆိုခဲ့သည်။

မစ္စတာမိုဒီသည် ဂူဂျာရတ်ပြည်နယ်ရှိ မြို့လေးတစ်မြို့တွင် အလွန်ဆင်းရဲနွမ်းပါးသော မိသားစုမှ မွေးဖွားလာခဲ့သူဖြစ်သည်။ ၎င်း၏ဖခင်မှာ မီးရထားဘူတာရုံလေးတွင် လက်ဖက်ရည်ဆိုင်လေးဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ရပြီး လူငယ်လေးမိုဒီမှာ ရထားတွဲများပေါ်၌ လက်ဖက်ရည်ရောင်းခဲ့ရသည်။

၎င်း၏မိခင်ဖြစ်သူမှာ အိမ်သန့်ရှင်းရေး၊ အိုးခွက်ပန်းကန်ဆေးကြောရေး စသည့် အလုပ်များကိုလုပ်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ရသည်။ မိုဒီ၏ကလေးဘဝမှာ အလွန်ပင် ဆင်းရဲတွင်းနက်ခဲ့ရသည့်အတွက် ၎င်းအကြောင်းကိုပြောပြသည့်အခါတိုင်း မိုဒီ၏မျက်နှာတွင် ဝမ်းနည်းသည့် အရိပ်အယောင်များကို ဖော်ပြနေခဲ့သည်။ ဆင်းရဲတွင်းနက်သည့်ဘဝမှ မိုဒီရယူခဲ့သည့် စိတ်ကူးစိတ်သန်းမှာ ဆင်းရဲသောပြည်သူများ၏ဘဝကို မြှင့်တင်ဆယ်မနိုင်ရန် ကြိုးပမ်းလုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်ပြုခဲ့ခြင်းပင်ဖြစ်သည်ဟု မစ္စတာမိုဒီက ပြောဆိုသည်။

ထို့ကြောင့်ပင် မစ္စတာမိုဒီသည် ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ်အဖြစ်မှ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အဖြစ် တက်လှမ်းကာ အိန္ဒိယပြည်သူတစ်ရပ်လုံး၏ ဘဝစီးပွားရေးကို မြှင့်တင်ပေးရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ပြီးနောက် မစ္စတာမိုဒီသည် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ပါကစ္စတန်အပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်များကို ဖိတ်ကြားတက်ရောက်စေခဲ့သည်။

ပါကစ္စတန်သည် အိန္ဒိယ၏ချူကလီးယားပြိုင်ဘက်မဟာရန်သူဖြစ်သော်လည်း ဝန်ကြီးချုပ်မိုဒီသည် သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်စီးပွားမြှင့်တင်ရန် စတင်ကြိုးပမ်းခြင်းဖြစ်သည်။

သီရိလင်္ကာအပါအဝင် အိန္ဒိယသမုဒ္ဒရာကျွန်းနိုင်ငံများနှင့်လည်း ဝန်ကြီးချုပ်မိုဒီသည် ဆက်ဆံရေးမြှင့်တင်တည်ဆောက်ခဲ့သည်။ လွန်ခဲ့သောနှစ်များ၌ တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံအား ဘီလီယံချီသော ဒေါ်လာငွေကြေးများကို ထုတ်ချေးပေးခဲ့ပြီး သီရိလင်္ကာ၌ တရုတ်ရေငုပ်သင်္ဘောများအတွက် သင်္ဘောကျင်းများ တည်ဆောက်မှုကြောင့် အိန္ဒိယအစိုးရသည် စိုးရိမ်ပူပန်မှုဖြစ်ခဲ့ရသည်။

လွန်ခဲ့သည့် မတ်လ၌ ဆယ်စုနှစ်သုံးခုအတွင်း ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယဝန်ကြီးချုပ်တစ်ဦးက သီရိလင်္ကာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး သံတမန်ဆက်ဆံရေးနှင့် စီးပွားကုန်သွယ်မှုများတိုးမြှင့်တည်ဆောက်ခဲ့ရာ မစ္စတာမိုဒီကို သီရိလင်္ကာသမ္မတသစ် သီရိသေနာက စွမ်းဆောင်ရည်ပြည့်ဝသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု ချီးကျူးပြောဆိုခဲ့သည်။

### အမေရိကန် အိန္ဒိယဆက်ဆံရေး

၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံရေး စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် အမေရိကန်နှင့် အိန္ဒိယဆက်ဆံရေးမှာ နီးစပ်နွေးထွေးလာခဲ့သည်။ ၂၀၁၁ ခုနှစ်၌ ဂူဂျာရတ်ပြည်နယ် လူမျိုးရေးအဓိကရုဏ်းဖြစ်ပွားမှုနှင့် ပတ်သက်၍ အမေရိကန်အာဏာပိုင်များသည် မစ္စတာမိုဒီအား Black List သွင်း၍ ပြည်ဝင်ခွင့်ပိတ်ပင်ထားခဲ့သည်။

မစ္စတာမိုဒီ အိန္ဒိယဝန်ကြီးချုပ်ဖြစ်လာသောအခါတွင် မိုဒီသည် အမျိုးသားရေးအစွန်းရောက်ဝါဒီနှင့် လူမျိုးကြီးဝါဒီသမားဖြစ်လာနိုင်သည်ဟု အမေရိကန်အာဏာပိုင်များက မျှော်လင့်ထားခဲ့သော်လည်း အသိပညာရှင်၊ အတတ်ပညာရှင် လက်တွေ့သမားကြီးမိုဒီသည် အမေရိကန်နှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးကို မြှင့်တင်တည်ဆောက်လာမှုကြောင့် အမေရိကန်ခေါင်းဆောင်များက အံ့အားသင့်မှုနှင့်အတူ နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

မစ္စတာမိုဒီသည် ကမ္ဘာ့ခေါင်းဆောင်ကြီးများဖြစ်သည့် ရုရှားသမ္မတပူတင်၊ တရုတ်သမ္မတရှီကျင့်ဖျင်၊ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ် စသည်တို့နှင့်တွေ့ဆုံကာ ရင်းနှီးချစ်ကြည်မှုကိုတည်ဆောက်နိုင်ခဲ့သည်။

အထူးခြားဆုံးမှာ အာရှဒေသ၌ ပြိုင်ဆိုင်တင်းမာနေခဲ့ကြသည့် တရုတ်နှင့်အိန္ဒိယ အင်အားကြီးနှစ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်စီးပွားရေးကို မြှင့်တင်တည်ဆောက်ခဲ့ကြပြီး သမ္မတရှီကျင့်ဖျင်နှင့် ဝန်ကြီးချုပ်မိုဒီတို့သည် အပြန်အလှန်လည်ပတ်ခဲ့ကြခြင်းဖြစ်သည်။

မေ ၁၄ ရက်မှ ၁၆ ရက်အထိ ဝန်ကြီးချုပ် မိုဒီသည် ပေကျင်းမြို့သို့ သွားရောက်လည်ပတ်ခဲ့ပြီး သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးကာ အိန္ဒိယနှင့် တရုတ်ကုမ္ပဏီများကြားတွင် ဒေါ်လာ ၂၂ ဘီလီယံ တန်ဖိုးရှိသည့် စီးပွားကုန်သွယ်မှုသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ လက်မှတ်ထိုးပွဲအခမ်းအနား၌ မစ္စတာမိုဒီက “ကျွန်တော်တို့ အပြန်အလှန်အကျိုးစီးပွားအတွက် လက်တွဲလုပ်ဆောင်ကြပါစို့၊ အိန္ဒိယသည် စီးပွားရေးလုပ်ဖို့ အသင့်ရှိနေပါပြီ”ဟု အလေးထားပြောဆိုခဲ့သည်။

မစ္စတာမိုဒီသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန် လုပ်ဆောင်ပေးမည်ဟု ရွေးကောက်ပွဲကတိအတိုင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ရယူခဲ့ခြင်းပင် ဖြစ်သည်။

ကမ္ဘာ့လူဦးရေအထူထပ်ဆုံးနှစ်နိုင်ငံကြား ဆက်ဆံရေးသည် နယ်စပ်ပြဿနာကြောင့် နှစ်ရှည်ကြာစွာ တင်မာနေခဲ့ရာ ဒေသတွင်းတည်ငြိမ်ဖွံ့ဖြိုးရေးအတွက် မစ္စတာမိုဒီက တရုတ်နှင့် ဆက်ဆံရေးမြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။

မစ္စတာမိုဒီက တိုင်းမ်မဂ္ဂဇင်းသတင်းထောက်နှင့် တွေ့ဆုံမေးမြန်းရာတွင် ဆယ်စုနှစ်သုံးခုကြာမျှ တရုတ်-အိန္ဒိယနယ်စပ်တွင် ကျည်ဆန်တစ်ထောင့်မပစ်ဖောက်ရဘဲ တည်ငြိမ်အေးချမ်းမှုသည် နှစ်နိုင်ငံခေါင်းဆောင်များ တည်ငြိမ်ရင့်ကျက်မှုကို ပြသနေခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြောင်း အလေးထားပြောဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့်ပတ်သက်၍ တိုင်းမ်မဂ္ဂဇင်းသတင်းထောက်က မေးမြန်းခဲ့ရာတွင် မစ္စတာမိုဒီက “အမေရိကန်နှင့်အိန္ဒိယသည် ပင်ကိုယ်သဘာဝကိုက မဟာမိတ်များဖြစ်ပါတယ်။ မဟာမိတ်ဖြစ်မှုဆိုသည်မှာ အမေရိကန်က အိန္ဒိယအကျိုးကို လုပ်ပေးရမည်မဟုတ်ပါ။ အိန္ဒိယကလည်း အမေရိကန်အကျိုးကို လုပ်ပေးရမည်မဟုတ်ပါ။ အမေရိကန်နှင့်အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာ့ဒီမိုကရေစီ စံတန်ဖိုးများကို တောင့်တင်းခိုင်မာစေရန် မြှင့်တင်ခြင်းပင်ဖြစ်ပါတယ်”ဟု မစ္စတာမိုဒီက အဓိပ္ပာယ်ဖွင့်ပြခဲ့သည်။

# တပ်မတော်၏ တရားသောစစ်ဆင်နွှဲနေသည့်အပေါ် ပြည်သူအားလုံးက ထောက်ခံဂုဏ်ပြု



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လားရှိုးမြို့ အမှတ်(၉) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)၌ ဆေးကုသမှုခံယူနေသော တပ်မတော်သားတစ်ဦးအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

လားရှိုး မေ ၂၃

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ် လားရှိုးမြို့သို့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်စိုးတို့နှင့်အတူ လားရှိုးမြို့ အမှတ်(၉)တပ်မတော် ဆေးရုံ(ခုတင်-၁၀၀)သို့ရောက်ရှိပြီး လတ်တလော ကာလအတွင်း လောက်ကိုင်ဒေသ တိုက်ပွဲများတွင် နိုင်ငံတော်အတွက် သက်စွန့်ဆံဖျား တိုက်ပွဲဝင်ကြရာမှ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသဖြင့် ဆေးကုသမှု ခံယူလျက်ရှိကြသော တပ်မတော်သား အရာရှိ၊ စစ်သည်များအား တွေ့ဆုံအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများမှ ဦးစီးအဖွဲ့ဝင်များ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ နိုင်ငံရေးပါတီများနှင့် ကိုးကန့်ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကာလတွင် တပ်မတော်၏ တရားသောစစ်ဆင်နွှဲနေသည့်အပေါ် ပြည်သူအားလုံးက ထောက်ခံဂုဏ်ပြုလျက် ရှိပါကြောင်း၊ ပြီးခဲ့သည့် ဧပြီလအတွင်းက ပြင်ဦးလွင်ရှိ အမှတ်(၁) တပ်မတော်စစ်ဆေးရုံ(ခုတင်-၇၀၀)သို့ ရောက်ရှိပြီး စစ်ဆင်ရေးအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအား တွေ့ဆုံအားပေးခဲ့ပါကြောင်း၊ ယခုခရီးစဉ်သည် လားရှိုးမြို့ တပ်မတော်စစ်ဆေးရုံမှ ဒဏ်ရာရစစ်သည်များအား တွေ့ဆုံအားပေးရန်နှင့် ကိုးကန့်ဒေသ တိုက်ပွဲစဉ်များတွင် ကျဆုံးသွားခဲ့သည့် တပ်မတော်သားများကို ဂုဏ်ပြုအလေးပြုရန် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် တာဝန်ကျေပွန်ပြီး သစ္စာစောင့်သိသည့် စိတ်ဓာတ်ဖြင့် စွန့်လွှတ်စွန့်စားမှုကို မိမိတို့ ဂုဏ်ပြုကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ထိန်းသိမ်းစောင့်ရှောက်သည့် မှန်မြတ်သည့် တပ်မတော်ဖြစ်ပါကြောင်း။

နိုင်ငံတိုင်း၌ တပ်မတော်ရှိကြောင်း၊ တပ်မတော်အင်အားမရှိလျှင်၊ စွမ်းရည်ထက်မြက်မှုမရှိလျှင် အခက်အခဲကြုံတွေ့နိုင်ပါကြောင်း၊ တပ်မတော်ကို အင်အားတောင့်တင်းပြီး ခေတ်မီသည့် မျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိပါကြောင်း၊ ထိုနည်းတူ ပြည်သူချစ်ခင်လေးစားသည့် တပ်မတော်ဖြစ်အောင် အမြဲကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း၊ တပ်မတော်တစ်ခုတည်းဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် လုံလောက်မှုမရှိနိုင်ပါကြောင်း၊ မည်သည့်နိုင်ငံသားမဆို ကိုယ့်နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ တပ်မတော်နှင့်အတူ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှသာ လွတ်လပ်ပြီး အခွန့်ရှည်သည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း။

ယခုနှစ် နှစ်ဆန်းပိုင်းတွင် လောက်ကိုင်ဒေသ၌ MNDAA အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး တပ်မတော်သားများလည်း ကျဆုံးခဲ့ရကြောင်း၊ ကိုးကန့်ဒေသမှ ပြည်သူများ စစ်ဘေးရှောင်ကြရပြီး ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရကြောင်း၊ လောက်ကိုင်ဒေသ၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ရခြင်းမှာ အာဏာကို မတရားနည်းဖြင့် ရယူလိုကြသူများက ၎င်းတို့ ကိုယ်ကျိုးအတွက် မသိနားမလည်သည့် တိုင်းရင်းသားလူငယ်များကို တိုက်ခိုက်ရန် အသုံးချခိုင်းစေခဲ့ခြင်းကြောင့်ဖြစ်ပါကြောင်း၊ တပ်မတော်သားများ ဆုံးရှုံးသည့်နည်းတူ အပြစ်မဲ့ တိုင်းရင်းသားများ ဆုံးရှုံးခြင်းသည် နိုင်ငံတော်၏ ဆုံးရှုံးမှုပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့ အသက်ခန္ဓာကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများကို ဂုဏ်ပြုရန် လာရောက်ခဲ့သည့် ခရီးစဉ်အတွက် စီစဉ်ပေးခဲ့ကြသူများကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

> **လောက်ကိုင်ဒေသ၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ရခြင်းမှာ အာဏာကို မတရားနည်းဖြင့် ရယူလိုကြသူများက ၎င်းတို့ ကိုယ်ကျိုးအတွက် မသိနားမလည်သည့် တိုင်းရင်းသားလူငယ်များကို တိုက်ခိုက်ရန် အသုံးချခိုင်းစေခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ တပ်မတော်သားများ ဆုံးရှုံးသည့်နည်းတူ အပြစ်မဲ့တိုင်းရင်းသားများ ဆုံးရှုံးခြင်းသည် နိုင်ငံတော်၏ ဆုံးရှုံးမှုပင်ဖြစ်**

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၉ ရက်မှ စတင်ဖြစ်ပွားခဲ့သည့် MNDAA အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေ၊ ထိခိုက်ဒဏ်ရာရခြင်း၊ ဒုက္ခမျိုးစုံ တွေ့ကြုံရခြင်းများကြောင့် အလွန်ပင် စိတ်မကောင်းစရာဖြစ်ပါကြောင်း၊ ယခုအခါ တပ်မတော်အနေဖြင့် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် MNDAA အဖွဲ့အား တိုက်ခိုက်ချေမှုန်းနေသည်မှာ အမြစ်ပြတ်လုနီးပါး ရှိပြီဖြစ်ကြောင်း။

ကိုးကန့်ဒေသအတွက် အသက်ပေးဆပ်ခဲ့ရသော တပ်မတော်သားများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများ၊ ရဲမေများ၊ ကလေးငယ်များအပါအဝင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်မှာ မိမိတို့ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါကြောင်း၊ ယင်းသို့ တပ်မတော်အပိုင်းက ပေးဆပ်ရသည့်အပြင် မိမိတို့ဒေသတစ်ခုလုံးရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အပါအဝင် ကိုးကန့်တိုင်းရင်းသား တစ်သိန်းကျော် ဒုက္ခရောက်ခဲ့ရပါကြောင်း။

ယခုကဲ့သို့ စစ်ပွဲများဖြစ်ပွားနေသည်မှာ လုံးဝမဖြစ်သင့်ပါကြောင်း၊ တိုင်းရင်းသားအားလုံး ပူးပေါင်းလက်တွဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရမည့်အချိန်ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပါက တိုင်းပြည်အတွက် အသက်ပေါင်းများစွာ ပေးဆပ်နေရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ဘဏ္ဍာငွေများလည်း များစွာဆုံးရှုံးနေမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လက်နက်ကိုင်အဖွဲ့များအား ထပ်မံတောင်းဆိုလိုသည်မှာ ၂၀၁၅ ရွေးကောက်ပွဲနီးကပ်လာပြီဖြစ်၍ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်နိုင်ရေး ဆောင်ရွက်ရန် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က ကိုးကန့်ဒေသသည် ကုန်းကြမ်း၊ လောက်ကိုင်မြို့နယ်နှစ်ခုဖြင့် ဖွဲ့စည်းထားပြီး ကိုးကန့်၊ ပလောင်၊ လီဆူး၊ ရှမ်း၊ ဗမာ၊ 'ဝ'၊ ကချင်စသည့် တိုင်းရင်းသားများ စုစုစည်းစည်း ညီညီညွတ်ညွတ်နေထိုင်သည့် ဒေသဖြစ်ပါကြောင်း၊ ထိုဒေသ၌ နေထိုင်ကြသည့် မျိုးနွယ်စုခေါင်းဆောင်များ၏ အားပြိုင်မှု ပဋိပက္ခများကြောင့် မကြာခဏ ပြဿနာဖြစ်ပွားလေ့ ရှိပါကြောင်း၊ သို့သော်လည်း တပ်မတော်၏ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့မှုကြောင့် ကိုးကန့်ဒေသတွင် တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

ယနေ့အချိန်တွင် ကိုးကန့်ဒေသ၌ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်ခဲ့ပါကြောင်း၊ ယင်းပြဿနာများ၏ အရင်းခံကို ကြည့်ပါက တိုင်းရင်းသားခေါင်းဆောင်အချို့၏ အာဏာရယူလိုမှု၊ အချင်းချင်းမနာလိုမှုနှင့် ဖြတ်လမ်းမှလိုက်ပါလိုမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့ ဤဒေသကို တည်ငြိမ်အေးချမ်းပြီး စည်ပင်ဖွံ့ဖြိုးအောင် တပ်မတော်သားများက အသက်သွေးချွေးကို ပဓာနမထားဘဲ တိုင်းပြည်နှင့် လူမျိုးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေသည်မှာ တိုင်းရင်းသားများအားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ခေတ်စနစ်များ ပြောင်းလဲခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်များနှင့် နိုင်ငံသားများကလည်း လက်နက်ကိုင်ပဋိပက္ခများကို လက်နက်ဖြင့် ဖြေရှင်း၍မရဘဲ တွေ့ဆုံဖြေရှင်းသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ကို နားလည်ပါကြောင်း၊ မိမိတို့ဖြစ်စေချင်သည့် ဆန္ဒများကို တရားသောနည်းလမ်းဖြင့် လွှတ်တော်၌ တောင်းဆိုနိုင်သော အခွင့်အရေးများရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအသီးသီးတွင်လည်းထိုက်သင့်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများလည်း ရရှိနေပြီဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေတို့က လောက်ကိုင်ဒေသတွင် စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေသော စစ်သည်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်စိုးက လက်ခံသည်။

ထို့နောက် ဖူလီလိုက်ကုမ္ပဏီက စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေသော စစ်သည်များအတွက် အလှူငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းမှူးက လက်ခံသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တပ်မတော်၏နိုင်ငံကာကွယ်ရေး၊ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် တရားသောစစ်ပွဲ ဆောင်ရွက်ချက်များအပေါ် ပြည်သူအားလုံးက အမြဲထာဝရ ထောက်ခံအားပေးသွားရန် လိုအပ်ပါကြောင်း၊ ဂုဏ်ပြုချီးကျူးထိုက်သူကို ချီးကျူးဂုဏ်ပြုမည် ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသတွင် တရားသောစစ်ကိုဆင်နွှဲရင်း ကျဆုံးသွားသောစစ်သည်များကို ဂုဏ်ပြုအလေးပြုပါကြောင်း၊ ကိုးကန့်ဒေသတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် တပ်မတော်နှင့်အတူ ကိုးကန့်ဒေသမှ ပြည်သူများကလည်း လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အတူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့်ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ တပ်မတော်ကို အင်အားတောင့်တင်းပြီး ခေတ်မီသည့် မျိုးချစ်တပ်မတော်၊ ဖြစ်ရုံသာမက ပြည်သူများက ချစ်ခင်လေးစားသည့် တပ်မတော်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍လားရှိုးမြို့ရှိ ကျဆုံးစစ်သည်ဂူဗိမာန်၌ လောက်ကိုင်ဒေသ စစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသော အရာရှိ၊ စစ်သည်များအား လွမ်းသူ့ပန်းခွေချ အလေးပြုခြင်း အခမ်းအနားကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လောက်ကိုင်ဒေသစစ်ဆင်ရေးတွင် ကျဆုံးသွားသော အရာရှိ၊ စစ်သည်များ၏ဂူဗိမာန်တွင် လွမ်းသူ့ပန်းခွေချသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ကျဆုံးသွားသော အရာရှိစစ်သည်များအား အလေးပြုပြီး မေတ္တာပို့အမျှဝေကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် အရာရှိစစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# အခက်အခဲ၊ စိန်ခေါ်မှုများကိုကျော်လွှားပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ရမည်




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။(သတင်းစဉ်)

**နေပြည်တော် မေ ၂၃**

အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြု အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်မိန့် ခွန်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည် ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည် နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီး အကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီး များ၊ သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုး မှုအစီအစဉ်(UNDP)မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စတာတွိုင် လီကိုဗာနော့နှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည် တော်များနှင့် ပြည်တွင်း ပြည်ပ ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာ တွင် **ယနေ့မိမိတို့ အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည် ဆောက်နိုင်ရန်အတွက် စနစ်ဟောင်းတစ်ခုမှ ဒီမိုကရေစီစနစ်သစ်တစ်ခုသို့ ညင်သာစွာပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် ညင်သာစွာ မပြောင်းလဲနိုင်သော နိုင်ငံများကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ညင်သာစွာ ပြောင်းလဲနိုင်ခြင်းသည် မိမိတို့ အစိုးရ၏ ပထမဆုံးအပြောင်းအလဲဖြစ်ပါကြောင်း။**

ဒုတိယအပြောင်းအလဲအနေဖြင့် ဒီမိုကရေစီစနစ်၏ လိုက်လျောညီထွေဖြစ်မည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဒီမိုကရေစီသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်နှင့် တွဲဖက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးတွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်အောင် ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း။

**ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ်သို့ ကူးပြောင်းမှုသည် ကျယ်ပြန့် နက်ရှိုင်းပြီး နူးညံ့သိမ်မွေ့သည့်အတွက် အသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်ရှိ အခြားနိုင်ငံများကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့ရတတ်ပါကြောင်း၊ သို့သော်ထိုကဲ့သို့ အခက်အခဲ၊ စိန်ခေါ်မှုများကို ကျော်လွှားပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နောက်ကြောင်းပြန်လှည့်မည် မဟုတ်သည်ကို ပြောကြားလိုပါကြောင်း။**

ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရန် ဆိုပါက ပြည်သူ့အကျိုး ဆောင်ရွက်ပေးနေသည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေး ယန္တရားကို လည်ပတ်ပေးနေသည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းများဖြစ်ရန် မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် Meritocracy ဟုခေါ်သည့် အရည်အသွေးအခြေပြုချီးမြှင့်မြှောက်စားသည့် စနစ်ဖြင့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှုတို့ကို ကျင့်သုံးရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေခြင်းသည် နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဟုလည်း မိမိတို့ ယုံကြည်ပါကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဗဟိုဦးစီးစနစ် လျှော့ချခြင်းကိစ္စအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးများသို့ ဘတ်ဂျက်များ ပိုမိုခွဲဝေ ချထားပေးခြင်း၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ စွမ်းဆောင်ရည်တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ပိုင်ခွင့်အာဏာ ခွဲဝေပေးခြင်း၊ ဝန်ကြီးဌာန အဆင့်ဆင့်ကြား ပေါင်းစပ်ညှိနှိုင်းပေးမှုတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း။

ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အပိုင်းအနေဖြင့် သဘာဝသယံဇာတထုတ်လုပ်မှု လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး (EITI)နှင့် ပွင့်လင်းမိတ်ဖက်နိုင်ငံများ အဖွဲ့ဝင်ဖြစ်ရေးတို့ကို ဆောင်ရွက်နေသည့်အပြင် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးအလိုက် သတင်းထုတ်ပြန်ရေးကိစ္စရပ်များကိုလည်း အကောင်အထည်ဖော်နေပြီလည်း ဖြစ်ပါကြောင်း။

သို့သော်လည်း အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် ကြီးမားကျယ်ပြန့်သည့်အတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ ဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်း စွမ်းအားဖြင့် လုပ်ဆောင်၍ မရနိုင်ပါကြောင်း၊ ထိုကဲ့သို့ပင် ပြည်ထောင်စုအဆင့်တစ်ခုတည်း၊ တိုင်းဒေသကြီးအဆင့် တစ်ခုတည်း၊ ပြည်နယ်အဆင့် တစ်ခုတည်းဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် တစ်ခုတည်းသော မူဘောင်၊ မူဝါဒအောက်တွင် အားလုံး စုစုစည်းစည်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးသည် အလွန်အရေးကြီးသည်ကို ပြောကြားလိုပါကြောင်း။

**ထို့ပြင် အစိုးရ၏ ကျန်ရှိသည့် သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ရေရှည်ခိုင်မာသည့် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးရမည့် လုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်နှင့် မျှော်လင့်ချက်များသည် အလွန်များပြားပြီး လိုအပ်ချက်အားလုံး ပြည့်မီအောင် လုပ်ဆောင်ရန် ဆိုသည်မှာလည်း အစိုးရသက်တမ်းတစ်ခုနှင့် မည်သို့မျှ မဖြစ်နိုင်သည်ကို အားလုံးက သိရှိပြီးဖြစ်ပါကြောင်း။**

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းသည် ရေရှည်အစဉ်အဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်နှင့် ပြည်သူများ၏ အနာဂတ် ဘဝအတွက် ရေရှည်ခိုင်မာသော အုတ်မြစ်ကောင်းတစ်ခု လိုအပ်လာပါကြောင်း၊ ယနေ့ ကာလတွင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို နယ်ပယ်ကဏ္ဍ အသီးသီးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှိနေသည့်အတွက် စုစည်းဆောင်ရွက်နိုင်ရန် မဟာဗျူဟာမှတ်တမ်းကဲ့သို့ မူဘောင်တစ်ခုလိုအပ်လာပါကြောင်း။

ထိုမူဘောင်ကို အစိုးရတစ်ဦးတည်း၏ ဆောင်ရွက်မှုတစ်ခုအနေဖြင့် မရှုမြင်စေဘဲ မိမိတို့ နိုင်ငံ၏ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် တည်ဆောက်ရာတွင် နိုင်ငံသားအားလုံး၏ စုပေါင်းပါဝင် ကြိုးပမ်း



**ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် မစ္စတာ တွိုင်လီကိုဗာနော့**

အားထုတ်မှု တစ်ရပ်အနေဖြင့် ရှုမြင်စေလိုပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်သည် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဖော်ပြထားသော မဟာဗျူဟာမှတ်တမ်းအဖြစ် နောင်လာမည့် အစိုးရများကို လက်ဆင့်ကမ်းနိုင်မည့် အမွေအနှစ်တစ်ခု လည်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ သက်ဆိုင်သူအားလုံးက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ပါဝင်ကူညီဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်ကို အောင်မြင်အောင် ဖော်ဆောင်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ထိရောက်ထက်မြက် ပွင့်လင်းတက်ကြွစွာဖြင့် ဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတကာ အတွေ့အကြုံများအရ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ပြသည့်နေရာတွင် ကာလတိုအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမျိုး မဟုတ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အချိန်ကာလတစ်ခုအထိ ကြာမြင့်သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ **မိမိတို့အနေဖြင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းသည့်နေရာတွင် ရေတိုကာလအတွင်း ရလဒ်ကောင်းများ ရရှိစေရန်အတွက် ပြည်သူလူထု၏ လိုလားချက်များကို လေ့လာပြီး ဥပဒေနှင့်အညီ ပြောင်းလဲသင့်သည့် ကိစ္စများကို Quick Win ရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းရှိသကဲ့သို့ ရေရှည်ခိုင်မာသည့် အခြေခံကောင်းများကို ချမှတ်ဆောင်ရွက်ပေးခဲ့ရခြင်းလည်း ဖြစ်ပါကြောင်း၊** ယနေ့ကျင်းပသည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲသည် တိုင်းပြည်၏ အနာဂတ်ကောင်းမွန်ရန်အတွက် ရေရှည် ခိုင်မာသည့် အခြေခံကောင်း တစ်ရပ်ကို ဖော်ထုတ်ချမှတ်နိုင်ရန် ရည်မှန်း ဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာ တွိုင်လီ ကိုဗာနော့က အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ ရုံးလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းများကို တိုးတက်အောင် လုပ်ခြင်းတစ်ခုတည်း မဟုတ်သည်ကို မေ့ထား၍ မရပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများတွင် အရေးအကြီးဆုံးမှာ ဆုံးဖြတ်ချက်များကို မည်သူက ချမှာလဲ၊ အရင်းအမြစ်များကို မည်သူတွေက ပိုင်ဆိုင်သလဲ၊ မည်သူ့ထံတွင် လုပ်ပိုင်ခွင့်များ ရှိနေသလဲဆိုသည်နှင့် သက်ဆိုင်ပါကြောင်း၊ **အုပ်ချုပ်မှုပြုပြင်ပြောင်းလဲမှုများ အကြောင်းပြောသည့် အခါ၊ အထူးသဖြင့် ဗဟိုဦးစီးစနစ်လျှော့ချမှုအကြောင်း ပြောကြသည့်အခါ အရေးပါလာသည့် အစိတ်အပိုင်းတစ်ခုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေး ဆွေးနွေးပွဲပင် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဘဝများသိသိသာသာ ပြောင်းလဲတိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မြင့်မားသည့် မျှော်မှန်းချက်များ ပြည့်မီနိုင်မည် မဟုတ်ပါကြောင်း၊** ပြည်နယ်များနှင့်တိုင်းဒေသကြီး အားလုံးတွင် ထိရောက်သည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ် အဖွဲ့အစည်းများ ရှိမှသာ တိုင်းရင်းသား လူမျိုးစုများ အကြားအပြန်အလှန်ယုံကြည်မှုများ တိုးပွားလာရန် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်ခြင်းသည် အစိုးရအနေဖြင့် တတိယလှိုင်းပြုပြင်ပြောင်းလဲမှုများကို မြန်ဆန်စေမည်ဖြစ်သကဲ့သို့ တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး တစ်ခုလုံးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအခြေအနေကို ညွှန်ပြနိုင်သည့် မူဘောင်ပြုစုရေးဆွဲရေးအတွက် အကြံပြုဆွေးနွေးချက်များ ရရှိနိုင်ရန် ကျင်းပခြင်းဖြစ်ပြီး ယင်းရည်ရွယ်ချက်များ အောင်မြင်စေရန် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အရာထမ်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ ပူးပေါင်းညှိနှိုင်းပြီး တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် သမဝါယမက ယခုထက်ပိုမို၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြင့်တင်ရေးအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် လယ်ယာကဏ္ဍကို အဓိကအားထားနေရသည့် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးစရိတ် အရင်းအနှီး အထောက်အကူဖြစ်စေရန် သင့်တင့်သည့်ချေးငွေများ အကူအညီပေးရေး၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် နည်းပညာနှင့် စက်ကိရိယာများ ပံ့ပိုးပေးရေး၊ လယ်ယာထွက်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ခိုင်မာသည့် ဈေးကွက်ရရှိရေး၊ နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ လွယ်ကူအဆင်ပြေစေရေး၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်နစ်နာမှုများအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးနိုင်ရေး စသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဥပဒေနှင့်အညီ ထိရောက်အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ရန်အတွက် တောင်သူလယ်သမားများ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ နည်းဥပဒေများအား ရေးဆွဲအတည်ပြုပြဋ္ဌာန်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံထူထောင်နိုင်ရန် မိရိုးဖလာလက်မှု လယ်ယာလုပ်ငန်းများတွင် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို အစားထိုးအသုံးပြုပြီး ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများ နိုင်ငံခြားမှ မှာယူတင်သွင်းပြီး သမဝါယမဝန်ကြီးဌာန၏စီမံမှုဖြင့် အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်အောင် ပံ့ပိုးပေးလျက်ရှိပါကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ပေးသည့်အတွက် အချိန်မီစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စိုက်ပျိုး၊ ရိတ်သိမ်းစရိတ်သက်သာခြင်းနှင့် သီးနှံအရည်အသွေးကောင်းမွန်ခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ လုပ်အားသက်သာခြင်း စသည့်အကျိုးကျေးဇူးများကို ခံစားကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဝယ်ယူထားသည့် စက်ကိရိယာများကို မိမိတို့ လယ်ယာလုပ်ငန်းခွင်၌ အသုံးပြုသည့်အပြင် အခြားလယ်ယာများသို့ အငှားလိုက်ခြင်းအားဖြင့်လည်း အပိုဝင်ငွေရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယခင်တစ်သီးသာ စိုက်ပျိုးနိုင်သည့်အခြေအနေမှ သီးထပ် သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ကြမည် ဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ အလုပ်အကိုင်၊ အခွင့်အလမ်းများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း။

သမဝါယမစနစ်သည် အသင်းသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးရသည့် စနစ်ကိုရှေးရှုပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး သမဝါယမအသင်းသားများ တိုးပွားလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအပေါ် လုံးလုံးလျားလျား မှီခိုအားထားမနေရတော့ဘဲ မိမိတို့စုဆောင်းငွေအရင်းအနှီး၊ မိမိတို့ကိုယ်ပိုင်စက်ကိရိယာများနှင့် မိမိတို့ကိုယ်တိုင် တစ်ပိုင်တစ်နိုင် ရပ်တည်နိုင်ပြီး မိမိအကျိုးကိုသာမက အများအကျိုး၊ နိုင်ငံတော်အကျိုးကိုပါ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါကြောင်း။

သမဝါယမ ဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုဖြင့် သမဝါယမအသင်းသား ပြည်သူများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ယခင်ထုတ်ချေးပေးခဲ့သည့် ချေးငွေများအပြင် နိုင်ငံခြားချေးငွေအဖြစ် ပထမအကြိမ် ငွေကျပ် ၅၁၅၃၆ ဒသမ ၀၃ သန်းကို ထုတ်ချေးခဲ့ပြီး ပြေကျေလို့ ဒုတိယအကြိမ် ငွေကျပ် ၅၇၁၂ ဒသမ ၂၄ သန်း၊ တတိယအကြိမ် ငွေကျပ် ၅၂၄၂၅ ဒသမ ၀၃ သန်းကိုလည်း ထုတ်ချေးပေးခဲ့ပါကြောင်း၊ ချေးငွေအားလုံး(၁၀၀%) ရာနှုန်းပြည့် ပြန်လည်ကောက်ခံရရှိသည့်အတွက် တာဝန်ကျေပွန်သည့် အသင်းသားပြည်သူများ၊ သမဝါယမအသင်းအဆင့်ဆင့်နှင့် သမဝါယမဝန်ကြီးဌာနကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဤအစဉ်အလာကောင်းကို သမဝါယမမူဝါဒ၊ လုပ်ထုံးလုပ်နည်းများအပေါ် လိုက်နာကြပြီး ဆက်လက်ထိန်းသိမ်းသွားရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

ပြင်ပတွင် အတိုးနှုန်းကြီးမားစွာ ရယူပြီး လိုအပ်သည့်ရင်းနှီးငွေကို ခက်ခဲစွာရှာဖွေနေရသည့် တောင်သူဦးကြီးများ စိုက်ပျိုးရာသီရောက်သည့်အခါ အခက်အခဲကြုံတွေ့နေရသည့် အခြေအနေကို သမဝါယမဝန်ကြီးဌာနက ပြည်ပချေးငွေများရယူပြီး အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးနေခြင်းကြောင့် ထိုက်သင့်သည့် သက်သာမှုရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ တောင်သူဦးကြီးများ၏ အကျိုးကို သမဝါယမက ကူညီ စောင့်ရှောက်ပေးနေသကဲ့သို့ အသင်းသား ပြည်သူများကလည်း သတ်မှတ်ကာလတွင် တာဝန်ကျေရန်လည်း လိုအပ်ပါကြောင်း၊ ရေရှည်တွင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်ကြိုးစားရန်၊ ရရှိသည့် ချေးငွေအထောက်အပံ့ကို အမှန်တကယ်လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချရန် သမဝါယမဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းဥပဒေမူဘောင်နှင့်အညီ ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ရန်၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် သမဝါယမက ယခုထက်ပိုမို၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

အတိတ်က မြန်မာ့သမဝါယမ၏ ကောင်းမွေဆိုးမွေကို သင်ခန်းစာယူပြီး မိမိတို့လက်ထက်မှာ အခြေခံပြည်သူများ၏ ဘဝမြင့်တက်လာအောင်၊ ဆင်းရဲနွမ်းပါးမှုနှုန်း လျှော့နည်းကျဆင်းသွားအောင်၊ တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူ ပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ ထို့အပြင် သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းနေသည့်နိုင်ငံများကို စံနမူနာယူပြီး မိမိတို့ နိုင်ငံမှာလည်း အောင်မြင်ဖြစ်ထွန်းအောင် ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ဝိုင်းဝန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် ဆင်းရဲမှု လျှော့ချရေးအတွက် ဦးတည်ချက် (၂)ရပ်နှင့်အညီ လက်တွေ့လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အဆိုပါလုပ်ငန်းစဉ်(၈)ရပ်အနက် ပြည်သူများ လိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းအတွက် အသေးစား အရင်းအနှီးချေးငွေ ထုတ်ပေးခြင်း၊ လယ်ယာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျ ငွေချေးစနစ်နှင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်း(၃)ရပ်ကို ယနေ့အခမ်းအနားတွင် ဆောင်ရွက်ပေးသွားမှု အခြေအနေများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ တာဝန်ကျေ ပြန်လည်ပေးဆပ်ပြီး ထပ်မံထုတ်ချေးပေးမည့် သမဝါယမအသင်း ကိုးသင်း၊ အသင်းသား ၇၄၅ ဦးအတွက် ထုတ်ချေးငွေကျပ် ၁၆၃ ဒသမ ၉ သန်းနှင့် ချေးငွေခံစားရခြင်း မရှိသေးသော သမဝါယမအသင်းသစ် ၁၁၈ သင်း၊ အသင်းသား ၇၂၂၄ ဦးအတွက် ထုတ်ချေးငွေကျပ် ၅၄၈ ဒသမ ၄ သန်း စုစုပေါင်း ထုတ်ချေးငွေကျပ် ၇၁၂ ဒသမ ၃ သန်းကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ချေးငွေခံစားရခြင်းမရှိသေးသော သမဝါယမအသင်းသစ် ၆၀၊ အသင်းသား ၃၇၂၀ အတွက် ထုတ်ချေးငွေ ၃၁၀ ဒသမ ၈၄ သန်းကို လည်းကောင်း ပေးအပ်ရာ မြို့နယ် သမဝါယမအသင်းစု ကိုယ်စားလှယ်များက လက်ခံကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တာဝန်ကျေပြန်လည်ပေးဆပ်ပြီး ထပ်မံထုတ်ချေးပေးမည့် သမဝါယမအသင်း ၂၅ သင်း၊ အသင်းသား ၃၀၀၁၃ ဦးအတွက် ထုတ်ချေးငွေကျပ် ၆၄၅၀ ဒသမ ၇၃ သန်းနှင့် ချေးငွေခံစားရခြင်းမရှိသေးသော သမဝါယမအသင်းသစ် ၂၇၃ သင်း၊ အသင်းသား ၂၃၆၆၈ ဦးအတွက် ထုတ်ချေးငွေကျပ် ၂၄၇၁ ဒသမ ၈၁ သန်း စုစုပေါင်းထုတ်ချေးငွေကျပ် ၈၉၂၂ ဒသမ ၅၄ သန်းကို လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ တာဝန်ကျေ ပြန်လည်ပေးဆပ်ပြီး ထပ်မံထုတ်ချေးပေးမည့် သမဝါယမအသင်း ၂၄၄ သင်း၊ အသင်းသား ၂၁၇၇၃ ဦးအတွက် ထုတ်ချေးငွေကျပ် ၃၁၃၉ ဒသမ ၈၄ သန်းနှင့် ချေးငွေခံစားရခြင်း မရှိသေးသော သမဝါယမအသင်းသစ် ၂၄၉ သင်း၊ အသင်းသား ၁၇၇၇၆ ဦးအတွက် ထုတ်ချေးငွေကျပ် ၁၆၁၁ ဒသမ ၁၂ သန်း စုစုပေါင်း ထုတ်ချေးငွေကျပ် ၄၇၅၀ ဒသမ ၉၆ သန်းကို လည်းကောင်း ပေးအပ်ရာ မြို့နယ် သမဝါယမအသင်းစု ကိုယ်စားလှယ်များက လက်ခံကြသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်းတို့ ပေါင်းစပ်၍ ဆိုင်ကယ် ၇၈၄ စီး၊ အနေးယာဉ် (ဆိုက်ကား) ၇၇ စီး၊ အပ်ချုပ်စက် ၁၇၅၁ လုံးနှင့် လယ်ယာသုံးပစ္စည်း ၁၅၆၄ မျိုးအတွက် တန်ဖိုးငွေကျပ် စုစုပေါင်း ၆၅၁၀ ဒသမ ၉၂၆ သန်းကို ပေးအပ်ရာ မြို့နယ် သမဝါယမအသင်းစု ကိုယ်စားလှယ်တစ်ဦးက လက်ခံသည်။

ယင်းနောက် တက်ရောက်လာကြသော အသင်းသားများ ကိုယ်စား အသင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ဝင်းအတွင်း ခင်းကျင်းပြသထားသည့် သမဝါယမဝန်ကြီးဌာန၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းများ၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သမဝါယမအသင်းများ အဆင့်မြှင့်ရာတွင် လိုအပ်သည့် စက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သွင်းအားစုများနှင့် နည်းပညာရပ်များဆိုင်ရာပြခန်းများ၊ သမဝါယမအသင်းများသို့ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးအပ်သွားမည့် လယ်ယာသုံးစက်ကိရိယာများနှင့် လယ်ယာသုံးယာဉ်များ၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ အနေးယာဉ်(ဆိုက်ကား)နှင့် အပ်ချုပ်စက်များကို ကြည့်ရှုစစ်ဆေးပြီး အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ကြသည့် သမဝါယမအသင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ယခင်ထုတ်ချေးပေးထားသည့် ချေးငွေပေါင်းမှာ ငွေကျပ် ၁၆၁၂၅ ဒသမ ၂၅၇ သန်းဖြစ်ပြီး ယခုချေးငွေသစ်နှင့်ဆိုလျှင် စုစုပေါင်း ထောက်ပံ့ချေးငွေ ကျပ်သန်းပေါင်း ၂၈၄၃၇ ဒသမ ၅၇ သန်းကျပ် (၂၈)ဘီလီယံကျော်ဖြစ်ကြောင်း သိရှိရသည်။ အလားတူ တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၀၇ မြို့နယ်နှင့် ကျေးရွာပေါင်း ၂၃၀၀၀ ကျော်မှ မိသားစုပေါင်း နှစ်သန်းကျော်အတွက် ချေးငွေပေါင်း ကျပ် ၂၂၄ ဘီလီယံကျော် ထုတ်ချေးပေးထားကြောင်း သိရှိရသည်။

ယနေ့အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်(၄)ခရိုင်ရှိ သမဝါယမအသင်းများမှ အသင်းသား ၁၅၀၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညဏ်ထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ၂၀၁၅ ရွေးကောက်ပွဲမှာ ကြိုတင်မဲ ဘယ်လိုပေးမလဲ၊ ဘယ်သူတွေပေးခွင့်ရှိလဲ

အမေး/အရေး-ရဲခေါင်ညွန့်
ဓာတ်ပုံ-ဖိုးထောင်

ရွေးကောက်ပွဲသည် နိုင်ငံနှင့် ပြည်သူများအတွက် အလွန်ပင်အရေးကြီးပေသည်။ ရွေးကောက်ပွဲ တစ်ခုတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန်နှင့် အရည်အချင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်တတ်စေရန် လိုအပ်ပေသည်။

မဲပေးခွင့်ရှိသူတစ်ဦးပေးလိုက်သည့်မဲသည် ပယ်မဲမဖြစ်ရေးအတွက် ပြည်သူလူထုထံသို့ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော အသိပညာနှင့်ဗဟု သုတများပေးနိုင်ရန် အစိုးရ၊ ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင်မှ ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ပွဲများနှင့် ဆယ်စုနှစ်နှစ်စုကျော်ကြာ ဝေးကွာခဲ့သည်။ ၂၀၁၅ ခုနှစ်နိုဝင်ဘာတွင် ကျင်းပနိုင်ရန် ပြင်ဆင်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ၂၀၁၅ ရွေးကောက်ပွဲတွင် ကျင့်သုံးမည့် ကြိုတင်မဲနှင့် ကြိုတင်မဲပေးခွင့်ရှိသူများအကြောင်းကို ပြည်သူများသိရှိနိုင်ရန် မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ ဦးသောင်းလှိုင်(ညွှန်ကြားရေးမှူး) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဦးသောင်းလှိုင်(ညွှန်ကြားရေးမှူး)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**မေး ။ ။ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲတွေမှာ ကြိုတင်မဲနဲ့ ပတ်သက်ပြီး အားနည်းချက်တွေ ရှိခဲ့မယ်ထင်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ ယခင်ရွေးကောက်ပွဲတွေက အားနည်းမှုတွေကို အတွေ့အကြုံယူပြီး ဘယ်လိုပြင်ဆင်ထားပါသလဲ ဆရာ။**

ဖြေ ။ ။ အဓိကကတော့ ကြိုတင်မဲပေါ့။ ၂၀၁၀ ကတော့ ဒီဘက်မှာ ပထမဆုံးအကြိမ်ကျင်းပတဲ့ အထွေထွေရွေးကောက်ပွဲဖြစ်တဲ့အတွက် မဲပေးခြင်းစနစ်နဲ့ပတ်သက်လို့ရော၊ ဥပဒေပြုမှုနဲ့ ပတ်သက်ပြီးတော့ရော၊ လုပ်ငန်းလမ်းညွှန်နဲ့ ပတ်သက်ပြီးတော့ရော အသိပညာပေးမှုနဲ့ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှာပါ အားနည်းတယ်။ ပါတီတွေမှာလည်း အားနည်းတယ်။ နောက်ဆုံးမဲဆန္ဒရှင်တွေအထိ အားနည်းတယ်။ အဲ့ဒီအခါကျတော့ အချို့ကိစ္စတွေမှာ သို့လောသို့လော အထင်လွဲစရာလည်း ရှိတယ်။ အချို့ကလည်း လုပ်မှားကိုင်မှားတွေရှိခဲ့တယ်။ အဲ့ဒီတော့ ကျွန်တော်တို့က ၂၀၁၀၊ ၂၀၁၂ ရဲ့ ရွေးကောက်ပွဲအတွေ့အကြုံ (အဓိကကတော့ ၂၀၁၀ ရဲ့ အတွေ့အကြုံ) ကိုယူပြီး ဘာကိုပြုပြင်သလဲဆိုတော့ ကြိုတင်မဲနဲ့ ပတ်သက်ပြီး အဓိကပြုပြင်တယ်။ ပြုပြင်တာက ကြိုတင်မဲကို ယခင်ရွေးကောက်ပွဲတုန်းက ဘယ်လိုလူမျိုးတွေပေးသွားသလဲ၊ ဘယ်နှယောက် ပေးသွားသလဲဆိုတာကို မသိရဘူး။ မသိတော့ ကျွန်တော်တို့က ရပ်ကွက်/ကျေးရွာအုပ်စုကပေးတဲ့ ကြိုတင်မဲကို ပုံစံ ၁၃ နဲ့ လုပ်တယ်။ အဲ့ဒီလို ပုံစံ ၁၃ နဲ့ လုပ်တဲ့အတွက် ကြိုတင်မဲတွေကို ဘယ်သူတွေပေးတယ်ဆိုတာ စာရင်းမှာ အတိအကျပေါ်မယ်။ အရင်တုန်းက ပိတ်ထားတဲ့ စာအိတ်တွေနဲ့ ပုံစံ ၁၃ ကို သွားပေးတယ်။ အခုကျတော့ အဲ့ဒီလိုမဟုတ်တော့ဘူး။ ကြိုတင်မဲပုံးထားမယ်။ ကြိုတင်မဲပုံးတွေကို မဲရုံအလိုက် နေရာအားလုံးမှာထားပေးမယ်။ အဲ့ဒီကြိုတင်မဲပုံးတွေကို ရွေးကောက်ပွဲကျင်းပတဲ့နေ့ နံနက် ၆ နာရီမတိုင်မီ သက်ဆိုင်ရာ မဲရုံကို ပို့ပေးရမယ်။ အရင်တုန်းက မဲစာအိတ်ဆိုတော့ ထပ်ထည့်လို့ရတယ်။ အခုက ချိပ်ပိတ်ထားတဲ့ ကြိုတင်မဲပုံးဆိုတော့ ထပ်ထည့်လို့လည်းမရဘူး။ နောက် ကြိုတင်မဲပေးသူတွေရဲ့ စာရင်းလည်းပါတဲ့အတွက် လိမ်လို့လည်းမရဘူး။ နှစ်ခါထပ်ပေးလို့လည်း မရဘူး။ မဲရုံမဖွင့်မီ ကြိုတင်မဲပုံးကို လာပေး ထားရမယ်။ မဲရုံပိတ်ပြီး မဲတွေကို စတင်ရေတွက်မယ်ဆိုရင်လည်း ကြိုတင်မဲကို စတင်ရေတွက်ရမယ်။ ဒီလောက်ထိ ကြိုတင်မဲနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ သေသေချာချာပြင်ထားပါတယ်။

**မေး ။ ။ ရပ်/ကျေး ကြိုတင်မဲကို ပုံစံ ၁၃ နဲ့စာရင်း ပြုစုတာတော့ ဟုတ်ပါပြီဆရာ။ ဘယ်အချိန်မှာ ကြိုတင်မဲ စတင်ပေးလို့ရမလဲ။ ကြိုတင်မဲပေးရာမှာလည်း ပွင့်လင်း မြင်သာမှုရှိဖို့အတွက် ဘယ်လိုလုပ်ဆောင်ထားလဲ။**

ဖြေ ။ ။ ရပ်ကွက်/ကျေးရွာအုပ်စုကပေးမယ့် ကြိုတင်မဲအတွက် ရပ်ကွက်ကော်မရှင်က ပုံစံ ၁၃ နဲ့ စာရင်းပြုစုရတာ၊ ပေးတိုင်းပေးတိုင်းမှာလည်း ကာယကံရှင်ကိုယ်တိုင်ထည့်တာရှိတယ်။ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲက သွားယူပြီး ထည့်ပေးရတာလည်း ရှိတယ်။ အဖွဲ့ခွဲက သွားယူရတဲ့ ကြိုတင်မဲကို ပါတီကိုယ်စားလှယ်တွေ၊ လေ့လာစောင့် ကြည့်သူတွေပါ စောင့်ကြည့်နိုင်ပါတယ်။ ကြိုတင်မဲပုံးကိုလည်း စပြီးမဖွင့်ခင်ကတည်းက မဲရုံကိုယ်စားလှယ် တွေ၊ ပါတီကိုယ်စားလှယ်တွေ နောက်ဆုံးလိုအပ်ရင် စောင့်ကြည့်လေ့လာသူတွေကိုပါ ပြသပြီးလုပ်မှာ။ ဒီတော့ ကြိုတင်မဲဟာ လျော့သွားစရာလည်း မရှိဘူး။ ကျော်သွားစရာလည်း မရှိဘူးပေါ့။ ကြိုတင်မဲနဲ့ ပတ်သက်တဲ့ ပုံစံ ၁၃ ကိုလည်း ကျွန်တော်တို့က လေးစုံပြုစုရတယ်။ မဲရုံမှူးကိုယ်တိုင်ကလည်း အဲ့ဒီလေးစုံလုံးမှာ လက်မှတ်ထိုးရမယ်။ ပထမဆုံး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက လက်မှတ်အရင်ထိုးပေးရတာပေါ့။ နှစ်စုံကို ပြန်ပေးတယ်။တစ်စုံကို မှတ်တမ်းအနေနဲ့ထားတယ်။ တစ်စုံကိုတော့ ရပ်ကွက်ရုံးမှာ ကပ်ကိုကပ်ရတယ်။ အဲ့ဒီလို ရပ်ကွက်ရုံးမှာ ကြိုတင်မဲပေးထားတဲ့သူတွေကို ကပ်ထားတော့ သွားကြည့်လို့ရတာပေါ့။ မဲရုံမှူးကလည်း နှစ်စုံယူထားရတယ်။ တစ်စုံက သူ့မှာ မှတ်တမ်းယူထားပြီး တစ်စုံကို ကပ်ပေးရတယ်။ ဒီတော့ ဒီမဲရုံမှာ ကြိုတင်မဲပေးတဲ့သူ ဘယ်နှယောက်ရှိတယ်ဆိုတာ မဲမရေကတည်းက သိ တယ်။ ရပ်ကွက်/ကျေးရွာအုပ်စုကပေးတဲ့ ကြိုတင်မဲကို ရွေးကောက်ပွဲ မကျင်းပမီ နှစ်ရက်အလိုကျမှ ပေးခွင့်ရှိမယ်။

**မေး ။ ။ မြို့နယ် ကြိုတင်မဲကျတော့ အမျိုးအစား ဘယ်နှခုလောက်ခွဲထားသလဲ။ မြို့နယ်ကြိုတင်မဲကို ဘယ်လိုလူတွေ ပေးလို့ရလဲ။**

ဖြေ ။ ။ မြို့နယ်မှာပေးတဲ့ ကြိုတင်မဲကျတော့ သုံးမျိုးခွဲထားတယ်။ ပထမတစ်မျိုးက သင်တန်းသားပေါ့ (ဥပမာ. . ဖောင်ကြီးမှာ သင်တန်းတက်နေတဲ့ ဝန်ထမ်းတို့၊ နောက် တက္ကသိုလ်လာတက်နေတဲ့ ကျောင်းသားတို့၊ အချုပ်ကျနေတဲ့လူတို့၊ ဆေးရုံတက်နေတဲ့လူတို့ ဒီလိုပုဂ္ဂိုလ်တွေအတွက် ပုံစံ ၁၅ နဲ့တောင်းရတယ်။ ပုံစံ ၁၅ နဲ့ ဘယ်အချိန်တောင်းမလဲဆိုရင် ရွေးကောက်ပွဲလုပ်ဖို့ ကြေညာပြီးတဲ့နေ့က စတောင်းလို့ရတယ်။ တောင်းတဲ့ပုံစံက ကျွန်တော်တို့က ဘယ်မှာနေပါတယ်၊ လက်ရှိမှာတော့ ဒီကိုရောက်နေပါတယ်၊ ဒါကြောင့် ကျွန်တော်တို့က ကြိုတင်မဲပေးချင်ပါတယ်ဆိုပြီး ကြိုတင်မဲပေးချင်သူက ပုံစံ ၁၅ ကို လက်မှတ်ထိုးပြီး တောင်းရတယ်။ ပုံစံ ၁၅ ကိုလည်း ဘယ်လိုရယူနိုင်သလဲလို့မေးရင် သင်တန်းတက်နေတဲ့သူဆိုရင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးက သူနဲ့အနီးစပ်ဆုံး မြို့နယ်ကော်မရှင်ရုံးက တောင်းယူနိုင်တယ်။ ဥပမာ-ဖောင်ကြီးမှာသင်တန်းတက်နေသူဆိုသူနဲ့ အနီးစပ်ဆုံး လှည်းကူးမြို့နယ်က တောင်းယူရတယ်။ ပုံစံ ၁၅ ကိုဖြည့်ပြီးပြီးဆိုရင်တော့ ခုနက တောင်းယူထားတဲ့ လှည်းကူးမြို့နယ်ကို ပြန်ပို့စရာ မလိုတော့ဘူး။ ကြိုတင်မဲပေးချင်သူနေတဲ့ မြို့နယ်ကော်မရှင်ရုံးတွေကို တိုက်ရိုက်ပို့လိုက်တယ်။ လားရှိုးမှာနေတဲ့သူအတွက်ဆို လားရှိုး၊ မြစ်ကြီးနားနေတဲ့သူဆို မြစ်ကြီးနား၊ စစ်တွေ၊ တောင်ကြီး၊ ရန်ကုန် စသဖြင့်ပေါ့။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်တွေကလည်း အခြေခံမဲစာရင်း တကယ်ယူရတဲ့ ကြိုတင်မဲပေးချင်သူနေထိုင်တဲ့ ရပ်ကွက်၊ ကျေးရွာက ကော်မရှင်တွေကိုစစ်မယ်၊ အကြောင်းကြားမယ်။ သက်ဆိုင်ရာ ရပ်ကွက်ကလည်း ပုံစံ ၁၅ ကိုစစ်မယ်။ စစ်လိုက်လို့ ရပ်ကွက်မှာ တကယ်ရှိတယ်ဆိုရင် စာရင်းသွင်းမယ်။ စာရင်းကို ဘာနဲ့သွင်းလဲဆိုတော့ ပုံစံတစ်တစ်နဲ့ သွင်းတယ်။ စာရင်းသွင်းပြီးတဲ့ ပုံစံတစ်တစ်တွေကို သူ့ရပ်ကွက်နဲ့ သက်ဆိုင်တဲ့ မြို့နယ်ကို(မြစ်ကြီးနားရပ်ကွက်တစ်ခုကဆို မြစ်ကြီးနားမြို့နယ်ကော်မရှင်ရုံး) ပြန်ပို့လိုက်မယ်။ပုံစံတစ်တစ်ကိုလည်း လေးစောင်ပြုစုရတယ်။ အဲ့ဒီလေးစောင်ကိုဆင့်ကဲဆင့်ကဲ ဆက်ဖြန့်ပြီး ရပ်ကွက်မှာလည်းကပ်တယ်။ သက်ဆိုင်ရာနေရာ ကျောင်းတို့၊ သင်တန်းတို့မှာလည်းရှိတယ်။ မြို့နယ်မှာလည်းရှိရမယ်။ ကပ်လည်းကပ်ထားရမယ်။ မြို့နယ်တွေကျတော့ တစ်လလောက် ကြိုတင်မဲပေးရတယ်။

ဒုတိယတစ်မျိုးက နိုင်ငံခြားရောက်နေသူတွေကလည်း အလားတူပဲ ကြိုတင်မဲပေးချင်တယ်ဆိုရင် ရွေးကောက်ပွဲ ကြေညာပြီဆိုတာနဲ့ သက်ဆိုင်ရာ သံရုံးတွေဆီသွားပြီး ကြိုတင်မဲပေးချင်ပါတယ်ပြောပြီး ပုံစံ ၁၅ ထုတ်ယူရတယ်။ သူကတော့ သံရုံးကနေတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကော်မရှင်ရုံး အဆင့်ဆင့်ပေါ့။ ကော်မရှင်ရုံးကနေပြီးမှ သက်ဆိုင်ရာ မြို့နယ်တွေ၊ ရပ်ကွက်တွေ ဆက်ပို့တယ်။ ရပ်ကွက်တွေက စစ်လိုက်လို့မှန်တယ်ဆိုရင် သူတို့ကိုတော့ ပုံစံတစ်သုံးနဲ့ လက်ခံစာရင်းသွင်းတယ်။ လေးစောင်ပြုစုရတယ်။ ပုံစံတစ်သုံးကိုလည်း ရပ်ကွက်မှာလည်းကပ်တယ်။ မြို့နယ်မှာလည်း ကပ်ထားတယ်။ ဒီတော့ နိုင်ငံခြားကနေ ကြိုတင်မဲပေးမယ့်လူ ဘယ်နှယောက်ရှိတယ်ဆိုတာကလည်း မဲမပေးခင်ကတည်းက စာရင်းက ကြိုပြီးရှိနေပြီပေါ့။

တတိယအမျိုးအစားကတော့ တပ်မတော်သားနဲ့ မိသားစပေါ့။ သူ့ကျတော့ ပုံစံ ၁၅ နဲ့ မလာဘူး။ တပ်ရင်းတပ်ဖွဲ့တွေရှိတဲ့ မြို့နယ်ကော်မရှင်အဖွဲ့က တပ်ရင်းမှူးဆီကို ကြိုတင်မဲပေမယ့်လူရှိလားဆိုပြီး စာရင်းလှမ်းတောင်းမယ်။ မြို့နယ်မရှိတဲ့ အချို့တပ်ရင်း တပ်ဖွဲ့တွေလည်း ရှိတာပေါ့။ မဲဆန္ဒနယ်ပြင်ပကို ရောက်နေတဲ့ တပ်မတော်သားနဲ့ မိသားစုရှိလားပေါ့။ အချို့ကလည်း ရှေ့တန်းပေါ့။ ကြိုတင်မဲပေးမယ့်လူ ရှိတယ်ဆိုရင် အပေါ်ကပြောခဲ့သလို မြို့နယ်ကနေ ရပ်ကွက်/ ကျေးရွာမှာ သူ့တို့အမည်စာရင်း ရှိ မရှိ တောင်းတယ်။ ရှိရှင်လက်ခံ စာရင်းသွင်းတယ်။ သူ့ကို လက်ခံစာရင်းသွင်းတာကတော့ ပုံစံတစ်နှစ်ဖြစ်သွားတယ်။ အားလုံးမှန်ကန်တယ်ဆိုရင် မြို့နယ်နဲ့ ရပ်ကွက် မှာကပ်မယ်။ မှတ်တမ်းထားပါ့မယ်။

နောက်ဆုံးကြိုတင်မဲအကြောင်းပြောပြချင်တာက မဲဆန္ဒနယ် ပြင်ပရောက်နေတဲ့ ကြိုတင်မဲပေးသူတွေရဲ့ စာရင်းပါ။ ကျောင်းသားတွေ၊ သင်တန်းသားတွေ၊ ဆေးရုံတက်နေသူတွေ၊ အချုပ်ကျနေသူတွေ၊ နိုင်ငံခြားမှာ တရားဝင်ရောက်နေသူတွေ၊ တပ်မတော်သားတွေနဲ့ မိသားစုဝင်တွေ အားလုံးကို ဘယ်နှယောက်ရှိတယ်။ ဘယ်သူဖြစ်တယ်ဆိုတာ ကြိုတင်မဲစာရင်း ပုံစံတစ်တစ်၊ ပုံစံတစ်နှစ်၊ ပုံစံတစ်သုံးတို့နဲ့ ဖော်ပြထားပြီးသား။ အရင်တုန်းက ဒီလိုမျိုး လုံးဝမရှိခဲ့ဘူး။ ၂၀၁၀ မှာရော၊ ၂၀၁၂ မှာရော မရှိခဲ့ဘူး။ ပြောချင်တာက ကြိုတင်မဲစာရင်းအတွက် ရွေးကောက်ပွဲမစခင် ကျွန်တော်တို့ ကြိုတင်ပြုစုထားပြီးသား ကြေညာပြီးသားဖြစ်မယ်ဆိုတော့ ကြိုတင်မဲအတွက် ကြိုပြီးသိနိုင်ပါတယ်။

**စာမျက်နှာ ၁၁ သို့**



**ဦးသောင်းလှိုင်(ညွှန်ကြားရေးမှူး)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



၂၀၁၅ ခုနှစ်တွင် ထားရှိပေးသွားမည့် ကြိုတင်မဲပုံးကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများအား နမူနာအဖြစ် သရုပ်ပြသစဉ်။



ရန်ကုန်တိုင်း ဒေသကြီး တာမွေမြို့နယ် သမိန်ဗရမ်းလမ်းနှင့် ကျိုက္ကဆံလမ်းဆုံသည် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါတိုင်း ရေလျှံခြင်းဖြစ်ပေါ်လေ့ရှိရာ မေ ၂၃ ရက် နံနက် ၁၀ နာရီခန့်တွင် ၁ နာရီခန့် ရွာသွန်းလိုက်သော မိုးကြောင့် ကားလမ်းပေါ်တွင် ရေများ ဖုံးလွှမ်းလျက်ရှိသည်ကို တွေ့မြင်ရစဉ်။

ကိုကြီးစိုး (ဆိပ်ကမ်း)

## သာသနာဝင်စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေး

ရန်ကုန် မေ ၂၃

မိုးပွင့်(အထူး)စီမံချက်နှင့်ဆက်နွယ်၍ သာသနာဝင် စိစစ်ရေးကတ်ပြား မပြုလုပ် ရသေးသော သာသနာဝင်ရဟန်းသာမဏေများနှင့် သာသနာနွယ်ဝင် သီလရှင်များအား သာသနာဝင်စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ထုတ်ပေးခြင်းကို ပူးတွဲကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းမီးရထားရပ်ကွက် ဓမ္မရက္ခိတ ဓမ္မာရုံ၌ မြို့နယ် လဝကဦးစီးအရာရှိ ဦးခင်မောင်ညွန့်နှင့် ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အသက်(၁၈နှစ်)ပြည့်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ထုတ်ပေးခြင်းနှင့် ရဟန်းသံဃာတော်၊ သာမဏေနှင့် သီလရှင်များအား သာသနာဝင်စိစစ်ရေး ကတ်ပြားစိစစ်ထုတ်ပေးခြင်းကို နေ့ချင်းပြီးဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ကျန်ရှိသော သံဃာတော်များကို ကြိုတင်ဖြည့်သွင်းရေးသားဆောင်ရွက်ရန်အတွက် လိုအပ်သည့် (သသ)ပုံစံစာရွက်များကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ဒသမအကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၃**

သုတစာပေဖွံ့ဖြိုးစေရန်၊ ပြည်သူများ အထွေထွေဗဟုသုတ ကြွယ်ဝလာစေရန်နှင့် စာပေရေးသားသူများအား သုတစာပေများ ပိုမိုရေးသားလာနိုင်ရန်ရည်ရွယ်၍ စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံ စာအုပ်တိုက်က ၂၀၁၃ ခုနှစ်အတွက် ချီးမြှင့်သည့် ဒသမအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံ စာရေးဆရာ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သုတစွယ်စုံ စာပေဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သုတစွယ်စုံ စာပေဆု အလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံ မီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းအကြောင်း၊ ဆုရွေးချယ်ပုံအဆင့်ဆင့်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင်၏ အကဲဖြတ်သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က သုတစွယ်စုံ တစ်သက်တာစာပေဆုရရှိသည့် ပါမောက္ခ ဒေါက်တာမောင်မောင်ညိုနှင့် "ဦးခင်ညွှန့်နှင့် အင်တာဗျူး" စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု(နိုင်ငံရေးစာပေ) ရရှိသည့် ဦးမြတ်ခိုင်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ၂၀၁၃ ခုနှစ်အတွက် သုတစွယ်စုံစာပေဆုများကို တာဝန်ရှိသူများက ဆက်လက်ချီးမြှင့်ခဲ့သည်။

သုတစွယ်စုံစာပေဆု(လူမှုစီးပွား)ကို ဒေါက်တာနေဇင်လတ်က "ရွှေရတု လက်ရွေးစင်ဆောင်းပါးများ (၁)နှင့် (၂)"စာအုပ်ဖြင့်လည်းကောင်း၊ သုတ စွယ်စုံစာပေဆု (လူငယ်စာပေ)ကို တင်စိန်(ပထဝီဝင်)က "ဖေ့စ်ဘွတ်ခ်သက်ရောက်မှု" စာအုပ်ဖြင့်လည်းကောင်း၊ သုတစွယ်စုံစာပေဆု(ဝိဇ္ဇာစာပေ)ကို ပန်းချီလှတင်ထွန်းက "မြန်မာ့ပန်းချီရေစီးကြောင်း" စာအုပ်ဖြင့်လည်းကောင်း၊ သုတစွယ်စုံ စာပေဆု(စာပဒေသာ)ကို သရုပ်ဆောင်ဒါရိုက်တာ အကယ်ဒမီ ဦးကျော်သူက "ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့လျှင်" စာအုပ်ဖြင့်လည်းကောင်း၊ သုတစွယ်စုံ စာပေဆု (အသုံးချသိပ္ပံ)ကို ပါမောက္ခ ဒေါက်တာခင်မကြီးက "ပြည်သူ့အတွက် ဆေးဝါးဗေဒ " စာအုပ်ဖြင့်လည်းကောင်း ရရှိခဲ့ကြသည်။




ထို့နောက် စွယ်စုံမီဒီယာဂရု(ပ်)မှ ဒေါက်တာ တင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ဟင်္သာတမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်နှင့် ၂၀၁၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များနှင့် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲများအတွက် အလှူငွေကျပ် သိန်း ၄၀ ကို တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စွယ်စုံမီဒီယာဂရု(ပ်)က သုတစွယ်စုံစာပေဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသော်ကောင်းနှင့် သုတစွယ်စုံစာပေဆု ရွေးချယ်ရေးအဖွဲ့အား မေတ္တာလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် သုတစွယ်စုံစာပေဆုရရှိသူများကိုယ်စား ပါမောက္ခ ဒေါက်တာမောင်မောင်ညို၊ အကယ်ဒမီ ဦးကျော်သူနှင့် ဦးမြတ်ခိုင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများနှင့် ဆုရသူများ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ **(ဓာတ်ပုံ)**

သုတစွယ်စုံ စာအုပ်တိုက်ကို ၁၉၈၂ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ပညာပေးစာအုပ်များ ထုတ်ဝေခဲ့သည်။ စွယ်စုံမီဒီယာဂရု(ပ်) အနေဖြင့် သုတစွယ်စုံ မဂ္ဂဇင်း၊ အာရောဂျံကျန်းမာရေးမဂ္ဂဇင်း၊ ပြည်မြန်မာ သတင်းလွှာဂျာနယ်၊ Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်၊ The Chic အလှအပ၊ ဖက်ရှင်နှင့် လူမှုဘဝမဂ္ဂဇင်း၊ "ပြည်မြန်မာနေ့စဉ်"သတင်းစာများ ယနေ့အထိ ထုတ်ဝေလျက်ရှိပြီး ၂၀၀၄ ခုနှစ်မှစတင်၍ သုတစွယ်စုံစာပေဆုများကို နှစ်စဉ်ချီးမြှင့်ခဲ့ရာ ဆုပေါင်း ၇၉ ခု ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်ထက်မြက်အောင် ဆွေးနွေးမှုများပြုလုပ်

**နေပြည်တော် မေ ၂၃**

နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုကို ဝန်ဆောင်မှုပေးမည့်သူများဖြစ်သည့်အတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေးတွင် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကိုအဓိကအကြောင်းအရာအဖြစ် ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှု၊ ဗဟိုဦးစီးစနစ်လျှော့ချခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်း ခေါင်းစဉ်များဖြင့် အုပ်စုများခွဲကာ ဆွေးနွေးခဲ့ကြသည်။




"နိုင်ငံ့ဝန်ထမ်းများရဲ့ စွမ်းရည်ဆိုရာမှာ ယခင်ကရှိခဲ့တဲ့ စွမ်းရည်ကို ပိုပြီး ပြည်သူကို ဗဟိုပြုနိုင်အောင်၊ ပြည်သူ့ဝန်ကိုဆောင်တဲ့ ပြည်သူ့ဝန်ထမ်းအဖြစ် အသွင်ပြောင်းနိုင်အောင်၊ စွမ်းဆောင်ရည်ထက်မြက်အောင် ဆွေးနွေးမှုတွေပြုလုပ်မှာ ဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဇော်ဦးက ပြောသည်။

ယင်းဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရန်ဆိုပါက ပြည်သူ့အကျိုးပြုဆောင်ရွက်ပေးနေသည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးယန္တရားကို လည်ပတ်ပေးနေသည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းများဖြစ်ရန် မြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

"အကောင်အထည်ဖော်ရေးကာလမှာ အဓိကကျတာက နိုင်ငံ့ဝန်ထမ်းစနစ်ဖြစ်တဲ့အတွက် အခုလိုအလုပ်ရုံဆွေးနွေးပွဲမှာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရပါမယ်။ လာမယ့်နှစ်ရက်အတွင်းမှာ ပြည်သူဗဟိုပြု အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ် ရေးဆွဲရေးမှာ လူတစ်ဦးချင်းစီရဲ့ အရည်အသွေးတက်ဖို့ ဆိုရင် ပြည်သူ့ဝန်ထမ်းတွေက ပညာတတ်တယ်၊ ဘွဲ့ရတယ်ဆိုတာနဲ့ မဟုတ်ဘဲ လုပ်ငန်းခွင် အတွေ့အကြုံတွေရှိဖို့လိုတယ်၊ ကဏ္ဍတိုင်းမှာ အရည်အသွေးရှိရမယ်၊ လုပ်ရည်ကိုင်ရည် ရှိရမယ်၊ နိုင်ငံ့ဝန်ထမ်းတွေက ပြည်သူများလိုအပ်တဲ့ ဝန်ဆောင်မှုကိုပေးသူမှာ ပြည်သူ့ဝန်ထမ်းများဖြစ်တယ်၊ အကျင့်စာရိတ္တကောင်းမွန်ရမယ့်အပြင် စွမ်းရည်လည်းရှိရမယ်၊ သဘောက တော်ရမည်ဆိုသလို ကောင်းရမှာလည်း ဖြစ်ပါတယ်"ဟု ဒေါက်တာ အောင်ထွန်းသက်က ပြောသည်။

"နောက်ပြီး အကျင့်စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်တွေလည်း ရှိဖို့လိုပါတယ်၊ သတ္တိရှိဖို့လည်း လိုပါတယ်။ အခုပြည်သူ့ဝန်ထမ်းတွေ အနေနဲ့မလုပ်၊ မရှုပ်၊ မပြုတ် လုပ်နေလို့မရပါဘူး။ ပြည်သူ့အတွက်လုပ်နေတာမို့ စွန့်မှုရမယ်။ ပြီးတော့ အရည်အသွေးတက်လာတာနဲ့အမျှ ပြန်လည်ဝေမျှရပါမယ်။ ပြည်သူတွေ ဘာလိုအပ်တယ်ဆိုတာသိပြီး ဖြည့်ဆည်းနိုင်တဲ့ ဝန်ထမ်းတွေ ဖြစ်ရပါမယ်"ဟု ၎င်းကဆိုသည်။

ယခုဆွေးနွေးပွဲကို မေ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရလဒ်များအပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် သင်တန်းပေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန္ဒာဝင်း၊ဟန်နီဝင်း**

*စာမျက်နှာ ၁၀ မှ*

**မေး။ ။ ကြိုတင်မဲပေးချင်သူတွေရဲ့ စာရင်းသိပြီးရင် ကြိုတင်မဲပေးချင်သူတွေအတွက် မဲလက်မှတ်ကို ဘယ်လို ပို့ပေးမလဲ။**

ဖြေ ။ ။ ထူးခြားတာက မဲလက်မှတ်ကို လာရာလမ်းကြောင်းအတိုင်း အဆင့်ဆင့် ပို့ပေးလိုက်တယ်။ ကာယကံရှင်တွေက မဲလက်မှတ်တွေပေါ်မှာ သူတို့ပေးချင်တဲ့ ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုပြီးတော့ ပြန်ပို့ပေးလာမယ်။ အဲ့ဒီလိုပို့တဲ့အခါမှာ မြို့နယ်ကပဲ ပို့ပေးတယ်။ ပြန်လာရင်လည်း မြို့နယ်ကိုပဲ ပြန်ပို့ခိုင်းတယ်။ မြို့နယ်တွေကလည်း သူတို့ဆီကရောက်လာတဲ့ မဲလက်မှတ်တွေ ချိပ်ပိတ်ထားတဲ့ ကြိုတင်မဲပုံးထဲထည့်တယ်။ ကြိုတင်မဲပုံးထဲမထည့်ခင် ချိပ်မပိတ်ခင် သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်းတွေ၊ စောင့်ကြည့်လေ့လာသူကို ခေါ်ပြပြီးမှ ချိပ်ကြိုးထိုးတယ်။ ရပ်/ကျေးမှာကျတော့ ကြိုတင်မဲထည့်ချင်တဲ့ ကာယကံရှင်ကိုယ်တိုင် ထည့်တာလည်းရှိတယ်။ ရပ်/ကျေးကော်မရှင်ကလည်း ကိုယ်စားသွားယူပြီး ထည့်ပေးတာရှိတယ်။ မြို့နယ်မှာပေးတဲ့ ကြိုတင်မဲကျတော့ မြို့နယ်ကော်မရှင်က တာဝန်ယူပြီး ထည့်ပေးရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက စာတိုက်တွေကလည်း ဆက်သွယ်ရေးလမ်းကြောင်းနဲ့ လာကြတယ်။ မြို့နယ်ကော်မရှင်က သူတို့ဆီကို ရောက်တာနဲ့ နံပါတ်စဉ်တပ်တယ်။ ရက်စွဲတပ်တယ်။ အချိန်တပ်တယ်။ ဒါတွေလုပ်ပြီးရင် ကြိုတင်မဲပုံးထဲထည့်တယ်။ မဲမသမာမှု မဖြစ်အောင် မြို့နယ်ကော်မရှင်က တာဝန်ခံတာပေါ့။

**မေး။ ။ ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲနဲ့ မြို့နယ်ကြိုတင်မဲ ဘယ်လိုကွာခြားချက်တွေများ ရှိလာနိုင်မလဲ ဆရာ။**

ဖြေ ။ ။ ရပ်ကွက်မှာကတော့ ၁၃ မဲပေးရင် ၁၃ မဲလုံးက ပုံးထဲရောက်မှာပဲ။ မြို့နယ်ကျတော့ ကြိုတင်မဲပေးချင်သူက ၁၀၀၀ လောက်ရှိတယ်ထား၊ ၁၀၀၀ လုံးက ပြန်ရောက်ချင်မှရောက်မှာ။ ဘယ်အချိန်ရောက်မှန်းလည်း မသိဘူး။ ဒီတော့ လာတဲ့မဲတွေအားလုံးကို စာရင်းလုပ်ထားတာပေါ့။ ဘယ်လိုပဲလာလာ၊ ဘယ်အချိန်ပဲရောက်ရောက် မဲရုံမပိတ်ခင် ၄ နာရီထက်နောက်မကျဘဲရောက်တဲ့ ကြိုတင်မဲကိုပဲ စာရင်းသွင်းလက်ခံမဲပုံးထဲ ထည့်လို့ရတယ်။ အဲ့ဒီထက်နောက်ကျပြီးရောက်တဲ့ မဲကိုတော့ လက်ခံလို့လည်း မရတော့ဘူး။ စာရင်းသွင်းလို့လည်းမရတော့ဘူး။ အဲ့ဒါတွေက ပယ်မဲဖြစ်သွားမယ်။ မြို့နယ်ကြိုတင်မဲက ၄ နာရီထိုးရင် ဒေါင်ကနဲပိတ်မှာဆိုတော့ လိမ်လို့မရဘူး။ ဒီတော့ ၁၀၀၀ ကြိုတင်မဲပေးဖို့စာရင်းပေးထားတယ်၊ ကြိုတင်မဲ ၇၀၀ ကတော့ ၄ နာရီ မထိုးခင်ရောက်ပြီး ၃၀၀ က ၄ နာရီနောက်ပိုင်းမှ ရောက်ရင် ပယ်မဲဖြစ်သွားမယ်ဆိုတဲ့သဘောပဲ။ နောက်အဲ့ဒီမှာ မြို့နယ်ကိုယ်စားလှယ်အေးဂျင့်တွေ လေ့လာစောင့်ကြည့်သူတွေကလည်းရှိနေမှာ။ မြို့နယ်ကြိုတင်မဲမှာက စာရင်းမှာကပ်ထားတဲ့ မဲပေးမယ့်သူဦးရေထက် နောက်ကျမှရောက်လာလို့ လျော့သွားရင်သာ လျော့သွားမယ်။ ပိုသွားစရာအကြောင်းမရှိဘူး။ ကြိုတင်မဲတွေမှာ အရင်တုန်းက ချိပ်လည်းမရှိဘူး။ မဲပုံးလည်းမရှိဘူး။ ကြိုတင်မဲပေးတဲ့စာရင်းလည်း မရှိဘူး။

ကြိုတင်မဲအား ရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် မဲဆန္ဒနယ်ပြင်ပရောက်နေသည့် မဲဆန္ဒရှင်များနှင့် မဲဆန္ဒနယ်အတွင်း၌ရှိသော်လည်း မဲရုံကို မလာရောက်နိုင်သည့် မဲဆန္ဒရှင်များသည် ကြိုတင်မဲပေးခွင့်ရှိသည်။

မဲဆန္ဒနယ် ပြင်ပရောက်နေသည့် မဲဆန္ဒရှင်များတွင် (၁) တပ်မတော်သားနှင့် အတူနေအိမ်ထောင်စုဝင်များ၊ (၂) ကျောင်းသားများ၊ (၃) သင်တန်းသားများ၊ (၄) အခြားမဲဆန္ဒရှင်များ၊ (၅) အချုပ်ခံနေရသူများ၊ (၆) ဆေးရုံသို့ ရောက်ရှိနေသည့် အတွင်းလူနာများ၊ (၇) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ (သံရုံးများ၊ ကောင်စစ်ဝန်ရုံးများ၊ ပညာတော်သင်များ၊ အလုပ်လုပ်ကိုင်နေသူများ)သည် ကြိုတင်မဲပေးခွင့်ရှိသူများအဖြစ် အကျုံးဝင်သည်။

မဲဆန္ဒနယ်အတွင်း၌ရှိနေသော်လည်း မဲရုံကို လာရောက်ခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်စာရင်းများတွင် (၁)ရွေးကောက်ပွဲကျင်းပမည့်နေ့၌ ခရီးသွားရန်ရှိနေသူများ၊ (၂)အသက်အရွယ်ကြီးရင့်သူများ (၃) အနာကြီးရောဂါစွဲကပ်နေသူများ၊ (၄) နေအိမ်တွင် ရောဂါဝေဒနာခံစားနေရ၍ မဲရုံသို့ မလာရောက်နိုင်သူများ၊ (၅) မီးဖွားနေသူများ၊ (၆) မသန်စွမ်းသူများ ၊ (၇) အချုပ်ခံနေရသူများ၊ (၈) ဆေးရုံသို့ တက်ရောက်နေရသည့်အတွင်းလူနာများနှင့် ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မိမိမဲပေးရမည့် မဲဆန္ဒနယ်မှကျော်လွန်ကာ တာဝန်ထမ်းဆောင်ရမည့် ဝန်ထမ်း၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများ ဖြစ်သည်။

# ပင်တဂွန်က အလက်စကာတွင် ရေဒါအသစ်တစ်ခုကိုဖြန့်ကြက်ထားမည်



ဝါရှင်တန် မေ ၂၃

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယားနှင့် အီရန်တို့ဘက်က ပစ်လွှတ်မည့် ဒုံးကျည်များကို ဟန့်တားရန်နှင့် ပိုမိုကောင်းမွန်သော အမေရိကန် ဒုံးကျည် ကာကွယ်ရေးစနစ်တစ်ခုကို ထောက်ပံ့ပေးနိုင်မည့် ရေဒါအသစ်တစ်ခုကို အလက်စကာ အလယ်ပိုင်းတွင် ဖြန့်ကြက်ချထားရန် အစီအစဉ်ကို ကြေညာခဲ့သည်။ ထို့ပြင် အလက်စကာနှင့် ကယ်လီဖိုးနီးယား မြေပြင်စခန်းများရှိ ကြားဖြတ်တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်ကိုလည်း တိုးတက်စေမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ရေသီယွန်ကုမ္ပဏီ၊ နော့သ်သရပ်ဂရူးမန်း ကော်ပိုရေးရှင်း၊ လော့ခ်ဟီးဒ်မာတင် ကော်ပိုရေးရှင်းတို့သည် ရေဒါအသစ်တစ်ခုကို တည်ဆောက်ရန် ယှဉ်ပြိုင်နေကြပြီး အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

ရေဒါအသစ်ကို ကာကွယ်မှုဆိုင်ရာ စစ်ဆင်ရေးများအတွက် လာမည့် ၂၀၂၀ တွင် စတင်နိုင်လိမ့်မည်ဖြစ်သည်။

ရေဒါအသစ်သည် မြောက်ကိုရီးယားနှင့် အီရန်တို့က အမေရိကန်ကို တိုက်ခိုက်လာနိုင်သည့် ဖြစ်နိုင်ချေရှိသည့် အလားအလာများကို ဆန့်ကျင်တုံ့ပြန်နိုင်အောင် ပြုလုပ်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း မတ်လက ဒုံးကာကွယ်ရေးအေဂျင်စီ ညွှန်ကြားရေးမှူး ဂျိမ်းစ်ဆိုင်ရင်းနှင့် အခြား ပင်တဂွန်အဆင့်မြင့်အရာရှိများက လွှတ်တော်သို့ပြော ကြားခဲ့သည်။

ရေဒါအသစ်ကို ချူကလီးယားလေကြောင်းတပ်နှင့် အလက်စကာ အလယ်ပိုင်းရှိ ရေဒါသုံးလေကြောင်း ကာကွယ်ရေးတပ်တွင် တပ်ဆင်နေရာချထားရန် စဉ်းစားထားသော်လည်း အဆုံးသတ်ဆုံးဖြတ်ချက်ကို သဘာဝဆိုင်ရာ လေ့လာစုံစမ်းမှုများ ပြုလုပ်ပြီးချိန်မှသာ ချမှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

## ဟီလာရီကလင်တန်၏ အီးမေးလ် ၂၉၆ စောင်ကိုထုတ်ပြန်ကြေညာ

ဝါရှင်တန် မေ ၂၃

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် ယခင်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏အကောင့်မှ အီးမေးလ် ၂၉၆ စောင်ကို အွန်လိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘန်ဂါဇီနှင့် လစ်ဗျားတို့တွင် အမေရိကန် သံတမန်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေစဉ် သံအမတ်တစ်ဦးအပါအဝင် အမေရိကန်လေးဦးအသတ်ခံခဲ့ရသည့် စက်တင်ဘာလ ၂၀၁၂ ခုနှစ် တိုက်ခိုက်မှုပြီးနောက် အဆိုပါ အီးမေးလ်များကို ပေးပို့လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်မှုများပြီးနောက် ယင်းအီးမေးလ်များကို အရေးကြီးသည့် အသွင်သဏ္ဌာန်နှင့်အနှစ်သာရပြောင်းလဲခြင်းမရှိဘဲ ယနေ့ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။ အီးမေးလ်ပေါင်း ၃၀၀၀၀ ရှိသည့်အနက် အီးမေးလ် ၂၉၆ စောင်ကို ၎င်း၏ ကိုယ်ပိုင်အီးမေးလ်ဆာဗာမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲအပ်ပေးခဲ့ခြင်းဖြစ်သည်။ ကလင်တန်သည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ယင်းအီးမေးလ်ဆာဗာကို ပုဂ္ဂိုလ်ရေးနှင့် အများပြည်သူအတွက် သုံးစွဲခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနသည် ကလင်တန်၏ အခြားအီးမေးလ်များကို နောက်ပိုင်းထုတ်ပြန်ကြေညာမှုပြုရန် ပြန်လည်စိစစ်သုံးသပ်နေသည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် သူ၏အီးမေးလ်များကို ဇန်နဝါရီလ ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ရန်စီစဉ်နေကြောင်း သိရသည်။


ယခုသီတင်းပတ်အစောပိုင်းက အိုင်အိုဝါတွင် ကလင်တန်က ကာကွယ်ရေးဝန်ကြီးဌာနကို အီးမေးလ်ထုတ်ပြန်မှုကို အရှိန်မြှင့်လုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။ အဆိုပါ အီးမေးလ်များသည် ကလင်တန်အတွက် အရေးတကြီး ခြိမ်းခြောက်နှောင့်ယှက်မှုများ ဖြစ်လာခဲ့သည်။ **(ဆင်ဟွာ)**

# မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ပြည်နယ်ရဲများ တိုက်ခိုက်ခံရ ၃၉ ဦးထက်မနည်းသေဆုံး

မက္ကဆီကိုစီးတီး မေ ၂၃

မီချိုကန်ပြည်နယ် အလယ်ပိုင်း တန်ဟွာတိုမြို့ရှိ ပြည်နယ် အထူးရဲတပ်ဖွဲ့ဝင်များကို သောကြာနေ့က လက်နက်ကိုင်လူတစ်စုက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ၃၉ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အစိုးရသတင်းအရင်းအမြစ်များက ဖော်ပြခဲ့သည်။

အရပ်သား ၄၂ ဦးနှင့် အထူးရဲတစ်ဦးအပါအဝင် စုစုပေါင်း ၄၃ ဦးသေဆုံးခဲ့သည်ဟု ပြည်နယ်ရဲများက ပြောသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အစိုးရလုံခြုံရေး အဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာ နေရာသို့ သွားရောက်ကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။




လူမှုမီဒီယာများတွင် အခြားသော ဒုစရိုက် အဖွဲ့အစည်းများကပြုလုပ်သည်ဟု ပြစ်တင်ပြောဆိုထားသော်လည်း ဒေသတွင်းမီဒီယာက အဆိုပါ တိုက်ခိုက်မှုသည် Jaliscio ရှိ နယူးဂျန်နရေးရှင်း ကုန်သည်ကြီးများအဖွဲ့က ပြုလုပ်သည်ဟု ဖော်ပြထားသည်။

မီချိုကန် နယ်စပ်တစ်လျှောက် ရဲတပ်ဖွဲ့ဝင်အင်အားများ တိုးမြှင့်ချထားကြောင်း Jalisco ပြည်နယ် အရာရှိများက ပြောသည်။


အစိုးရမှ သေဆုံးသူအရေအတွက်ကို တရားဝင်ထုတ်ပြန်ခြင်း မပြုမီ သေဆုံးသူအရေအတွက် အတိအကျကို ဖော်ပြရန် တန်ဟွာတိုမြို့တော်ဝန်က ငြင်းဆိုခဲ့သည်။ **(ဆင်ဟွာ)**

# နျူကလီးယားအရေး ပြန်လည်သုံးသပ်မည့် ဥပဒေမူကြမ်းကို အိုဘားမားလက်မှတ်ရေးထိုး

ဝါရှင်တန် မေ ၂၃

အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်ပြီး တင်သွင်းသော ဥပဒေမူကြမ်းကို ပြန်လည်သုံးသပ်ရန် အမေရိကန်သမ္မတ ဘားရတ် အိုဘားမားက သောကြာနေ့က လက်မှတ်ရေးထိုးခဲ့သည်။

လွှတ်တော်မှ အီရန်နျူကလီးယားအစီအစဉ်ကို တစ်လကြာပြန်လည်သုံးသပ်မည်ဖြစ်ပြီး ယင်းအချိန်ကာလအတွင်း အီရန်အပေါ် အရေးယူပိတ်ဆို့မှုများကို အိုဘားမားအနေနှင့် ဆက်လက်တိုးမြှင့်သွားမည်ဖြစ်သည်။



ဥပဒေရေးဆွဲသူများအနေနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ လက်သင့်ခံနိုင်မည့် အဖြေမရလျှင် အီရန်အပေါ် အရေးယူထားသော စီးပွားရေးပိတ်ဆို့မှုများကို သက်ညှာခွင့်ပေးထားသော အိုဘားမား၏ ဗီတိုအာဏာကို ပယ်ဖျက်သွားမည်ဖြစ်သည်။

ကမ္ဘာ့အင်အားကြီး နိုင်ငံများအနေနှင့် အီရန်နျူအရေးကို ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးနေကြပြီး အီရန်၏ နျူကလီးယားအစီအစဉ်အပေါ် မူတည်၍ စီးပွားရေးပိတ်ဆို့ကန့်သတ်မှုများကို ပြောင်းလဲတိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ဧပြီလကတည်းက နှစ်ဖက်စလုံးမှ သဘောတူညီချက် မူဘောင်တစ်ခု သတ်မှတ်ထားရာ ဇွန်လကုန်နောက်ဆုံးထား၍ အဖြေရှာသွားကြမည်ဖြစ်ကြောင်း သိရသည်။

အီရန်ကို နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့်ရရှိရန် ခွင့်မပြုကြောင်း၊ ယခုကိစ္စကိုလည်း လက်သင့်မခံနိုင်ကြောင်း သောကြာနေ့က အိုဘားမားက ပြောဆိုခဲ့သည်။ **(ဆင်ဟွာ)**



# လူသားချင်းစာနာသည့် ထောက်ပံ့ကယ်ဆယ်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**မောင်တော မေ ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပင်လယ်ပြင်အတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေး ဦးစီးကော်မတီအဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်တို့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယား၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး မစ္စ ရေနာတာဒေဆာလင်း၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမီဒီယာများနှင့်အတူ ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ယာယီစခန်း၌ ဖွင့်လှစ်ထိန်းသိမ်းထားသည့် ရေမျောဒုက္ခသည်များအား ကြည့်ရှုအားပေးကြသည်။

ယာယီစခန်းတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူသားချင်းစာနာမှုအရ ကူညီထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှတာဝန်ရှိသူများထံ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတင်ပြနိုင်ပါကြောင်း ပြောကြားပြီး အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက ပင်လယ်ပြင်အတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ် စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းထားရှိပြီး ရေမျောဒုက္ခသည်များအား လူသားချင်းစာနာသည့် ထောက်ပံ့ကယ်ဆယ်မှုဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ်က ရေမျောဒုက္ခသည်များကို လျင်မြန်စွာကူညီဆောင်ရွက်ပေးခဲ့ခြင်းနှင့် လက်တွေ့မြေပြင်အထိ လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံ မေးမြန်းခွင့်ရသည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများကိုကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂ၏ စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများကို လိုက်နာရပါကြောင်း၊ INGO၊ NGO များ ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာများ အကူအညီပေးရေးတို့သည် နိုင်ငံအားလုံးနှင့်သက်ဆိုင်ပါကြောင်း ပြောကြားသည်။



ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ယာယီစခန်းတွင် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရေမျောဒုက္ခသည်များအား သိရှိလိုသည်များကို မေးမြန်းကြစဉ်။

ထို့နောက် ရေမျောဒုက္ခသည်များက ပင်လယ်ပြင်တွင် တွေ့ကြုံခံစားခဲ့ရသည်များကို ရှင်းလင်းပြောကြားကြပြီး ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက ရေမျောဒုက္ခသည်များအား မိမိတို့ သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရေမျောဒုက္ခသည်များအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့ ရွှေဝါနဒီခန်းမ၌ မောင်တောမြို့ရှိ နှစ်ဖက်အသိုက်အဝန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၀ ဦးနှင့် ကျောက်တော်မြို့တွင် နေထိုင်သူ ဘင်္ဂါလီလူမျိုးရှစ်ဦး ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆွာမြို့တွင် ပစ္စည်းနှင့် ငွေ ၆၅ သိန်းကျော် ဖောက်ထွင်းခိုးယူမှုဖြစ်ပွား

**ရေတာရှည် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ တောင်ပိုင်း ၄(က) ရပ်ကွက်တွင် မေ ၂၀ရက် နံနက်ပိုင်း ၆ နာရီခွဲက စတိုးဆိုင်အတွင်းမှ ဖုန်းဟန်းဆက်၊ ငွေဖြည့်ကတ် စုစုပေါင်း ငွေကျပ် ၆၅ သိန်းကျော် ဖောက်ထွင်းခိုးယူခံခဲ့ရ၍ မေ ၂၂ ရက် ညနေပိုင်းက အမှုဖွင့်တိုင်တန်းခဲ့သည်။ ဖြစ်စဉ်မှာ ဆွာမြို့တောင်ပိုင်း ၄ (က) ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်း အနောက်ဘက်ရှိ ရွက်လှေလျှပ်စစ်နှင့် မိုဘိုင်းဖုန်းရောင်းဝယ်ရေးဆိုင်ရှင် ကိုမင်းသူသည် နံနက်ပိုင်း ဆိုင်ဖွင့်ခဲ့ရာ ဖုန်းဟန်းဆက်များထည့်ထားသော ကောင်တာအတွင်း ဖုန်းများဖရိုဖရဲဖြစ်နေသည်ကို တွေ့ရှိခဲ့ရ၍ စစ်ဆေးကြည့်ရှုရာ OPPO ဖုန်းဟန်းဆက်တစ်လုံး တန်ဖိုးငွေကျပ် ၂၁၉၀၀၀ ပျောက်ဆုံးနေသည်ကိုတွေ့ရှိရသည်။ ဆက်လက်ပြီး သက်ာမကင်းဖြစ်ကာ ဆိုင်တွင် တပ်ဆင်ထားသော CCTV အား ကြည့်ရှုရာ လျှာထိုးဦးထုပ်ဆောင်းထားကာ တီရှပ်အင်္ကျီ၊ ဘောင်းဘီ ဝတ်ဆင်ထားပြီး လက်ပတ်နာရီ အနက်ရောင် ပတ်ထားသည့် လူတစ်ဦးသည် ဖုန်းကောင်တာမှတစ်ဆင့် ငွေကောင်တာအံဆွဲကို ဆွဲထုတ်၍ အတွင်းမှ ငွေနှင့် ဖုန်းကတ်များ ထုတ်ယူ၍ အသင့်ပါလာသော လွတ်အိတ်အတွင်းထည့်ကာ ပြန်ထွက်သွားကြောင်း တွေ့ရသည်။

တစ်သောင်းတန် ဖုန်းငွေဖြည့်ကတ် ၁၃ ခု၊ ငွေစက္ကူရောရာ ၆၁၉၈၀၀၀ စုစုပေါင်း ငွေကျပ် ၆၅၄၇၀၀၀ ဖောက်ထွင်းခိုးယူခံရ၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်ပြီး မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး ညဏ်ဝင်း ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တောင်ငူခရိုင်ရဲတပ်ဖွဲ့ရုံးမှ တာဝန်ရှိသူများက ပူးပေါင်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**


**အောင်ပြည့်စုံ**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770


## မွေးနေ့ဆုတောင်း

သီရိသုဓမ္မမဏိဇောတရေ "ကေသီပန်" ဘဘ ဦးလှမြင့် (၈၂)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်းရာကျော်တိုင် ကျန်းမာ ပျော်ရွှင်ပါစေ။

ချေးချေးရီရဲ့ သူငယ်ချင်း
တူမများ - ခင်ချေးလွင်
- ခင်လှလှ
- မွေးမွေးကြူ

## CLAIMS DAY NOTICE

**M.V MALACCA HIGHWAY VOY: NO(5)**

Consignees of cargo carried by M.V MALACCA HIGWAY VOY: NO (5) are here by notified that the vessel will arrive on about 26-5-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အမည်ပြောင်း

ဦးထွန်းမော် ၁၀/မလမ(နိုင်)၁၄၇၇၂၃၏သား မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ကမ်းနားလမ်းနေ အမှတ်(၉) အခြေခံအထက်တန်းကျောင်း တတိယတန်း (D)မှ မောင်ကောင်းထက်ခန့် အား မောင်မြတ် ထက်ခေါင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ဦးဘသိန်း၏သား ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် ဇင်ချောင်း အထက ကျောင်းမှ ကျောင်းဝင်နံပါတ် ၂၂၃၃(က) မောင်မင်းစိုးထွေးအား မောင်မင်းစိုးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးဝင်းစိုး ၉/တသန(နိုင်)၁၄၈၄၁၂ ၏သမီး မချောကေခိုင်အား ယနေ့မှစ၍ မချောချောလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မချောချောလှိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## မူဆယ်မြို့
## လေလံကြော်ငြာ

၁။ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ (မူဆယ်လှုပ်ရှား)က မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနရုံးတွင် ဖမ်းဆီးအပ်နှံခဲ့သော ထုခွဲအဆင့်ရောက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အထွေထွေလူသုံးကုန်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း လေလံတင် ရောင်းချပါမည်။

၂။ လေလံတင်ရောင်းချမည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၂၈-၅-၂၀၁၅ ရက်
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - ၉း၃၀နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး (ရှမ်း/မြောက်)၊ လားရှိုးမြို့

၃။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံစည်းကမ်းပစ္စည်းစာရင်းနှင့် ကြည့်ရှုခွင့်လက်မှတ်များကို ၂၇-၅-၂၀၁၅ ရက်၌ ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**


## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် သန်လျင်၊ ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ်(၅၅'×၁၄၅') ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော နှစ်ထပ်ရှေးအိမ်ကြီးတစ်လုံးပါ၊ အေးချမ်းစွာနေထိုင်ရန်၊ ဘဏ်ဖွင့်ရန်၊ တည်းခိုခန်းဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန်အချက်အချာကျနေရာကောင်း၊ လုံးချင်းအိမ်ဖြင့်နေထိုင်လိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး တစ်ခန်းမျှသာရှိသော အလွန်သက်သာသောဈေးနှုန်း။ ရေ၊ မီး အပြည့်အစုံပါ၊ ဖုန်းပါ။

**ကျပ်သိန်း (၃၅၀၀)၊**

**ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၁-၅၇၂၂၂၄၊ ၀၁-၅၆၀၇၈၇**

# အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးကိစ္စရပ်များကို ထောက်ပံ့ကူညီမှုများ ပြုလုပ်သွားမည်

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်တိုနီဘလင်ကန်သည် မေ ၂၂ ရက် ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ အမေရိကန်စင်တာ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

သတင်းစာရှင်းလင်းပွဲ၌ မစ္စတာ အန်တိုနီဘလင်ကန်က ၎င်း၏ နှစ်ရက်တာ ခရီးစဉ်အတွင်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်ပြီး လွတ်လပ်၍ တရားမျှတစွာ ကျင်းပနိုင်ရေး၊ ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များနှင့် အကူအညီပေးရေး၊ ပင်လယ်ပြင်အတွင်း လှေစီးဒုက္ခသည်များအရေးကိစ္စ၊ မြန်မာနိုင်ငံ ဒီမိုကရေစီ ခိုင်မာရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ မီဒီယာလွတ်လပ်ခွင့်၊ လူ့အခွင့်အရေးနှင့် လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့မှုများအပေါ် ရှင်းလင်းပြောကြားခဲ့သည်။

၎င်းက သုံးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ သို့ရာတွင် ထိုသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများလည်း ရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေး ကိစ္စရပ်များကို ထောက်ပံ့ကူညီမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် သတင်းစာရှင်းလင်းပွဲ မပြုလုပ်မီ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်မှု စွမ်းဆောင်ရည်အစီအစဉ် (YSEALI) အဖွဲ့ဝင် လူငယ် ကိုယ်စားလှယ်များနှင့်လည်း ရန်ကုန်မြို့၌ သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်း၏ နှစ်ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပါအဝင် အစိုးရအဆင့်မြင့်အရာရှိများနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ လူငယ်ခေါင်းဆောင်များနှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ ၂၀၁၅ ရွေးကောက်ပွဲ အမေရိကန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ ပင်လယ်တွင်း လှေစီးဒုက္ခသည်များအရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဒေသတွင်းနိုင်ငံများ၌ ဖြစ်ပေါ်နေသည့် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

မစ္စတာ အန်တိုနီဘလင်ကန်သည် ၎င်း၏ ခရီးစဉ်အတွင်း ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့လည်း သွားရောက်ခဲ့သည်။

**မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်**

# သရက်သီးပြပွဲ၌ သရက်မျိုး ၂၀၀ နီးပါး ခင်းကျင်းပြသထား

**ရန်ကုန် မေ ၂၃**

မြန်မာ့သရက်သီးစိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးမြင့်မားလာစေရန်နှင့် ပြည်ပဈေးကွက်ပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ သာကေတမြို့နယ် ရွှေပုဇွန်၌ မေ ၂၃ ရက်က စတင်ကျင်းပသည့် သရက်သီးပွဲတော်၌ သရက်သီးအမျိုးအစားပေါင်း ၂၀၀ နီးပါးကို ခင်းကျင်းပြသထားကြောင်း သိရသည်။

သရက်သီးပွဲတော်ကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သရက်အမျိုးမျိုး ပြသထားသည့်အပြင် သရက်သီးအရောင်းဆိုင်များ၊ စိုက်ပျိုးရေးပညာပေးပြခန်းများနှင့် အော်ဂဲနစ်သီးနှံအရောင်းဆိုင်များလည်း ဖွင့်လှစ်ပြသထားသည်ကို တွေ့ရသည်။ ခင်းကျင်းပြသထားသည့် သရက်မျိုးများအနက် ပြည်ပဈေးကွက်ဝင် သရက်မျိုးများဖြစ်သည့် စိန်တလုံး၊ မြကျောက်၊ ပတ္တမြားငမောက်၊ ရင်ကွဲနှင့် ရွှေဟင်္သာစသည့် သရက်မျိုးများကို သရက်သီးအရောင်အသွေး ကောင်းမွန်လှပမှုအပေါ် မူတည်၍ အမှတ်ပေးကာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် နှစ်သိမ့်ဆုများ သတ်မှတ်ချီးမြှင့်ထားသည်။

သရက်သီးပွဲတော်ကို ပြည်တွင်းပြည်ပ သရက်သီးဈေးကွက် ခိုင်မာလာစေရန်နှင့် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် သရက်သီးမျိုးစိတ်များကို ပြန်လည်ဖော်ထုတ်စိုက်ပျိုးပြီး ပြည်ပတင်ပို့မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေက ပြောသည်။

လက်ရှိအချိန်၌ မြန်မာ့သရက်သီးများသည် ထုတ်လုပ်မှုအရည်အသွေးကောင်းမွန်လာပြီး ပြည်ပဈေးကွက်များသို့ ထိုးဖောက်လာနိုင်မှုကြောင့် သရက်သီးတင်ပို့မှုမှာ နှစ်စဉ်မြင့်တက်လျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သရက်သီးတင်ပို့မှု ၃၂ တန်ရှိခဲ့ပြီး ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ရရှိခဲ့ကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃၉ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ဒေါ်လာ ၁၃ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# နည်းပြ ဂွါဒီယိုလာလက်ထက် ဘွန်ဒက်စ်လီဂါဖလား နှစ်နှစ်ဆက်တိုက်ဖလားဆွတ်ခူး

**ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၄) ရာသီပိတ်ပွဲစဉ်အဖြစ် စနေနေ့ညပိုင်းက ပွဲအားလုံးကို တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့ရာ ရာသီမပိတ်ခင် ဖလားရရှိထားသော ဘိုင်ယန်မြူးနစ်အသင်းသည် အိမ်ကွင်း၌ ဧည့်သည်မိန့်ဇ်အသင်းကို ၂-၀ ဖြင့်အနိုင်ယူခဲ့သည်။**

**နိုင်ငံတကာအားကစား**

ပွဲချိန် ၂၅ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်း ပယ်နယ်တီရရှိကာ တိုက်စစ်မှူး လီဝမ်ဒေါ်စကီးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတစ်ချိန်လုံး အပြန်အလှန်ကစားပြီး ရလဒ်မပြောင်းလဲခဲ့ပေ။ ဒုတိယပိုင်း ပွဲချိန် ၄၈ မိနစ်တွင် လီဝမ်ဒေါ်စကီး ဖန်တီးပေးလိုက်သော ဘောလုံးကို ရှဝိန်းစတိုင်ဂါက ဘိုင်ယန်အတွက် ဒုတိယအနိုင်သေချာစေမယ့်ဂိုးကို သွင်းယူခဲ့သည်။ ရှဝိန်းစတိုင်ကပင် ယခုပွဲတွင် တစ်ဂိုးသွင်းယူခဲ့သောကြောင့် ဂိုး ၅၀၀ ပြည့်သွားခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းကို ၁၉၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ကာ ယခုနှစ်တွင် ၁၁၅ နှစ်ပြည့်သွားပြီဖြစ်ပြီး ဖလားပေါင်းမြောက်မြားစွာကို ပိုင်ဆိုင်ရယူထားပြီဖြစ်သည်။ ဘွန်ဒက်စ်လီဂါဖလား (၂၅)ကြိမ်၊ ဂျာမန်ပိုကယ်ဖလား (၁၇) ကြိမ်၊ ယူအီးအက်ဖ်အေချန်ပီယံလိဂ်ဖလားကို ငါးကြိမ်နှင့် ယူရိုပါလိဂ်ဖလားတစ်ကြိမ် ရရှိထားသည်။ အခြား ပြည်တွင်းပြည်ပဖလားပေါင်းများစွာလည်း ရရှိထားသောအသင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းကို နည်းပြပေါင်း ၂၅ ဦး ကိုင်တွယ်ခဲ့ပြီး လက်ရှိနည်းပြ ဂွါဒီယိုလာလက်ထက်တွင် ဆုဖလား ငါးလုံးရရှိထားသည်။ နည်းပြ ဂွါဒီယိုလာသည် ဘိုင်ယန်အသင်းကို ၂၀၁၃ ခုနှစ်တွင် စတင်ကိုင်တွယ်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြ ၂၅ ဦး လက်ထက်တွင် ဆုဖလားပေါင်း ၆၂ လုံး ရရှိခဲ့သည်။ နည်းပြ ၂၅ ဦးထဲတွင် နည်းပြ ကိုးဦးသည် ဆုဖလားရရှိခြင်း မရှိဘဲ ဖလားလက်မဲ့ဖြင့် ကြုံခဲ့ရသည်။ အအောင်မြင်ဆုံးနည်းပြမှာ ဂျာမနီနိုင်ငံသားနည်းပြ ဟစ်ဇက်ဖက်ဒ် ဖြစ်ပြီး ၁၉၉၈ မှ ၂၀၀၄ ခုနှစ်အထိ ကိုင်တွယ်ခဲ့ပြီး ဘိုင်ယန်အတွက် ဆုဖလား (၁၁)လုံးအထိ ယူဆောင်ပေးခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ် ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို နည်းပြ ဂွါဒီယိုလာလက်ထက်တွင် နှစ်နှစ်ဆက်တိုက် ဆွတ်ခူးပေးနိုင်ခဲ့သည်။ **သီဟ-ရေးသည်**




## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ၂၀၁၅-၂၀၁၆ ပညာသင်နှစ်
## အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များခေါ်ယူမည်ဖြစ်ပါ၍ မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း) အောင်မြင်သော ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက နည်းပညာတက္ကသိုလ်များသို့ သက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း တက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။

၃။ (၂)နှစ်သင်တန်းတွင် ရိုးရိုးအဆင့်ဖြင့် အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း (၄)လတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးပါက A.G..T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းအောင်လက်မှတ် (Certificate)ရရှိပြီးပါက အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် တစ်လ ၃၀၀၀ဝိ/-နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေးပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) အဆောက်အအုံနည်းပညာသင်တန်း(Building Technology)
(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း(Electronics Technology)
(ဂ) လျှပ်စစ်နည်းပညာသင်တန်း(ELectrical Technology)
(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Auto Mechanics Technology)
(င) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
(စ) ရေခဲသေတ္တာနှင့် လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း (Metal Process Technology)
(ဇ) သုတနည်းပညာသင်တန်း(Information Technology)

၇။ သင်တန်းများကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအဆင့်များရရှိစေရန် စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးမည်ဖြစ်ပါသည်။

**သင်ကြားရမည့်ဘာသာရပ်များ**

၈။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်သည်-

| | |
|---|---|
| (က) မြန်မာစာ | (င) ဓာတုဗေဒ |
| (ခ) အင်္ဂလိပ်စာ | (စ) ဘောဂဗေဒ |
| (ဂ) သင်္ချာ | (ဆ) မိမိသင်တန်း၏အထူးပြုဘာသာရပ် |
| (ဃ) ရူပဗေဒ | (ဇ) ပုံဆွဲဘာသာရပ် |

**ကျောင်းအပ်စတင်လက်ခံမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**ကျောင်းစတင်ဖွင့်လှစ်မည့်ရက်** - ၁-၆-၂၀၁၅ ရက်
**ကျောင်းအပ်လက်ခံမည့်နောက်ဆုံးရက်** - ၂၁-၆-၂၀၁၅ ရက်

၉။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရရှိနိုင်မည်ဖြစ်ပြီး သတ်မှတ်ကျောင်းအပ်ရက်အတွင်း မိမိတက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**



## ရန်ကုန်တက္ကသိုလ်
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနအစီအစဉ်ဖြင့် မြန်မာစာဌာနက ကြီးမှူးပြီး အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** (၁) စာပေတည်းဖြတ်မှုအတတ်ပညာသင်တန်း(Editorial Course)
(၂) နိုင်ငံခြားသားများအတွက် မြန်မာဘာသာ (Myanmar Language for Foreigners) အခြေခံအဆင့်-၁၊ အခြေခံအဆင့်-၂၊ ကြားအဆင့် (Basic 1,2 and Intermediate levels)

၂။ **အပ်နှင်းမည့်လက်မှတ်** - အသိအမှတ်ပြုအောင်လက်မှတ်(Certificate)

၃။ **သင်တန်းဝင်ခွင့်သတ်မှတ်ချက်** - အမှတ်စဉ်(၁)အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အမှတ်စဉ်(၂)အတွက် သင်တန်းကာလအတွင်း မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခွင့်ရရှိထားသူ နိုင်ငံခြားသားများ

၄။ **သင်တန်းကာလ** - ရက်သတ္တ ၁၄ ပတ်(၃ ၁/၂ လ)

၅။ **သင်တန်းဖွင့်ရက်** - အမှတ်စဉ်(၁) ၈-၆-၂၀၁၅ရက်၊ အမှတ်စဉ်(၂) ၉-၆-၂၀၁၅ရက်

၆။ **သင်တန်းချိန်** - စာပေတည်းဖြတ်မှု-နံနက်၇း၃၀နာရီမှ ၉း၃၀နာရီ (တနင်္လာမှ ကြာသပတေးအထိ)
နိုင်ငံခြားသားများအတွက် - မြန်မာဘာသာ နံနက်၇း၃၀နာရီမှ ၉း၃၀နာရီ(အင်္ဂါမှ သောကြာအထိ)

၇။ **လျှောက်လွှာစတင်လက်ခံမည့်ရက်**-၂၅-၅-၂၀၁၅ရက်

၈။ **လျှောက်လွှာလက်ခံမည့်နေရာ** -မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင်

၉။ စုံစမ်းရန်-မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင်၊ ဖုန်း-၀၁-၅၃၆၀၇၂

**မှတ်ချက်**-သင်တန်းတိုင်းအတွက် လူဦးရေကန့်သတ်ချက်ရှိပါသည်။ သတ်မှတ်ဦးရေပြည့်ပါက လျှောက်လွှာပိတ်ပါမည်။



**အမည်ပြောင်း**

ရမည်းသင်းမြို့နယ်၊ စီဗွီလိုင်းရပ်နေ ဦးပြည့်ဖြိုးအောင် ၉/ရမသ(နိုင်)၁၀၄၂၄၆ ၏သား တပ်တွင်းအခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်း(အောင်)မှမောင်ရှိုင်းပြည့်စုံအား မောင်ချမ်းမင်းအိမ်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ချမ်းမင်းအိမ်**

## ကျပန်းစကားပြော၊ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲများ ကျင်းပ

**ပုလဲ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ အလင်းစေတမာန် ကျေးရွာစာကြည့်တိုက်ကော်မတီက ကြီးမှူး၍ တတိယအကြိမ်မြောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အဖြစ် ကျပန်းစကားပြော၊ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲများကို မေ ၁၈ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် သက္ကယ်ကျင်းကျေးရွာ အလင်းစေတမာန်စာကြည့်တိုက်ကော်မတီ နာယကဆရာတော်က ပုံတောင်ခြေရှိ ကျေးလက်စာကြည့်တိုက်များ၏ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးနှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ စာပေဗဟုသုတမြင့်မားလာစေရေး ရည်ရွယ်ပြီး ပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ပြိုင်ပွဲသို့ သက္ကယ်ကျင်းကျေးရွာ၊ မယင်းကျေးရွာနှင့် အိုင်းမကျေးရွာများမှ လူငယ် ၄၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ဆုရရှိကြသူများအား စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖြစ်မြောက်ရေးကော်မတီနာယက ဆရာတော်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးညွန့်ဆောင်နှင့် ဦးမြင့်ဝေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမြင့်သိန်းစိုး တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်နှင့် မြစ်ကမ်းမြို့ကြီးများတွင် မိုဘိုင်းဖုန်းဆက်သွယ်မှုကောင်းမွန်ရန် ဒေသခံများလိုလား

**ကလေးဝ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ချင်းတွင်းမြစ်ကမ်းဘေးမြို့များဖြစ်သော ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ကနီနှင့် မုံရွာမြို့များသည် ချင်းတွင်းမြစ်အတွင်း ရေကြောင်းခရီးကို အဓိကထားရသောမြို့များဖြစ်ရာ အဆိုပါမြစ်ကြောင်းခရီးတစ်လျှောက် မိုဘိုင်းဖုန်း ဆက်သွယ်မှုများ ကောင်းမွန်လာစေရန် ဒေသခံပြည်သူများ လိုလားလျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့မြို့တွေအနေနဲ့ ချင်းတွင်းမြစ်ကြောင်းခရီးကိုသာ အဓိကအားထားနေရတာပါ။ ဒါကြောင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မိုဘိုင်းဖုန်းဆက်သွယ်ရေးတွေ ကောင်းမွန်စေချင်ပါတယ်။ ၂၀၁၀ ခုနှစ်လောက်တုန်းကတော့ မက်(စ်)ဝဲဖုန်းတွေ ချပေးခဲ့ဖူးပါတယ်။ ဒါပေမယ့် အဆင်မပြေပါဘူး။ တကယ်လိုအပ်နေတာက ဂျီအက်(စ်)အမ်ဖုန်းတွေဖြစ်ပါတယ်။ မြစ်ကြောင်းတစ်လျှောက် ဂျီအက်(စ်)အမ်ဖုန်းတွေ ပြောလို့ရအောင် ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ကလေးဝမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ကလေးမြို့မှ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးမျိုးကလည်း "စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာက တစ်မြို့နဲ့တစ်မြို့ ဆက်သွယ်သွားလာရာ လမ်းကြောင်းတစ်လျှောက် တယ်လီဖုန်းဆက်သွယ်မှုတွေ ပြတ်တောက်နေပါသေးတယ်။ ဒါတင်မက ပါဘူး။ မြို့ပေါ်တွေဆိုလည်း ဖုန်းလိုင်းမိပေမယ့် အင်တာနက်လိုင်းတွေက မကောင်းဘူး။ ဒါတွေသာ ကောင်းလာမယ်ဆိုရင် ချင်းတွင်းအထက်ပိုင်းမြို့တွေ ပိုပြီးဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်။ ဒေသခံတွေအနေနဲ့လည်း သတင်းတွေကို ပိုပြီးသိလာနိုင်ပါတယ်"ဟု ပြောသည်။

ချင်းတွင်းမြစ်ကမ်းတစ်လျှောက်မြို့များသည် လူဦးရေများပြားပြီး ဖွံ့ဖြိုးတိုးတက်နေသောမြို့များဖြစ်ရာ မြစ်ကြောင်းတစ်လျှောက် မိုဘိုင်းဖုန်းဆက်သွယ်မှုရလာပါက ပို၍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောကြားကြပြီး မြစ်ကြောင်းတစ်လျှောက် မိုဘိုင်းဆက်သွယ်မှုများ ကောင်းမွန်လာရန် လိုလားနေကြသည်။

**သျှင်နေမင်း**

## သတင်းတို

### အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံများထောက်ပံ့

ချင်းပြည်နယ် ရိခေါဒါရ်မြို့မှ အရန်မီးသတ် တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၁ ရက်က ထောက်ပံ့ပေးအပ်ပွဲ ကျင်းပခဲ့ရာ ဖလမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ထွန်းနိုင်က ရိခေါဒါရ်မြို့ ရပ်ကွက်နှစ်ခုမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးသတ်ဝတ်စုံအစုံ ၁၀၀ ကို ပေးအပ်ခဲ့သည်။ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ပညာသင်တန်းကိုလည်း ရက်သတ္တနှစ်ပတ်ကြာ သင်တန်းပို့ချပြီး မီးသတ်ပညာများ လက်တွေ့သင်ကြားပေးခဲ့သည်။ **နေစု(ချင်းရိုးမ)**

## သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီး

**ကလေး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းဆောင်သစ်ကြီး တည်ဆောက်မှုလုပ်ငန်းများ မေ ၂၁ ရက်က ပြီးစီးပြီဖြစ်ရာ ယခုပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင် သစ်ကြီးသည် အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့် ၃၄ ပေ ရှိ အာရ်စီသုံးထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ကျောင်းဆောင်သစ် တည်ဆောက်မှုများ အမြန်ပြီးစီးပြီး ၂၀၁၅ ခုနှစ် ပညာသင်နှစ်အမီ အသုံးပြုနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် ကလေးခရိုင်စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကြီးကြပ်ကာ ကျောင်းဆောက်လုပ်ရေးကော်မတီက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**



## အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ရွေးကောက်ပွဲဆိုင်ရာများ အသိပေးရှင်းလင်း

**ကလေး မေ ၂၃**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ပါဝင်ကူညီနိုင်ရန် သိရှိထားသင့်သည့် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များနှင့် ရွေးကောက်ပွဲအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကလေးမြို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ မေ ၂၁ ရက်က အသိပေးရှင်းလင်းခဲ့သည်။

အသိပေးရှင်းလင်းပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဂင်ခန့်ပေါင်က အမှာစကားပြောကြားကာ အတွင်းရေးမှူး ဦးကြားအွယ်က ခရိုင်ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မုံရွာမြို့နှင့် နေပြည်တော်တွင် တက်ရောက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။ အသိပေးရှင်းလင်းပွဲသို့ ကလေးမြို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းရှစ်ခုမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ကာ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဦးမြင့်စိုး(ခရိုင်ဥပဒေအရာရှိ)တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ချင်းတွင်းသား**(iprd)


**Let's develop young leaders together!**

MIC
Myanmar Imperial College



*Myanmar Imperial College* မှသင့်အားကြိုဆိုပါသည်။

| | |
|---|---|
| Senior Manager | - Degree in business-related field, preferably an MBA holder with a minimum of (7) years relevant managerial experience<br>- Excellent leadership and communication abilities, combined wtih high degree of problem solving and organisational skills |
| Programme Manager | - Master Degree in Business Administration or Management<br>- Strong experience in education industry and familiarty with UK education system |
| Operations Manager | - Degree in business-related field, preferably a Master degree in Management with a minimum of (5)years' experience.<br>- Ability to display independent leadership, interpersonal skills in a fast paced working environment. |
| Finance Manager | - Degree in Finance-related field, preferably with ACCA qualification with minimum of (3) years' experience.<br>- Ability to display independent leadership and interpersonal skills in fast paced working environment. |
| Asst: Programme Manager | - Master Degree in Business Administration from an accredited institution. Minimum 2 years of working experience in education industry. Be able to lead programme. |
| Marketing Consultant | - Degree in marketing-related field, preferably with experience in educational sector. Strong and confident communicator. Excellent copywriting skills.<br>- Good command of written and spoken English. |
| Librarian | - Any graduate and Diploma/Certificate holder with relevant experience. Advanced computer literacy skills. |

Accountant, Supervisor, Receptionist, Office Staff posts are also warmly welcome.

အမှတ် ၆၂ (C)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
hr.micedumm@gmail.com
www.mic-education.com
09 73210001/ 01 537562

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ယ/၅၇၈၄၇ Stream II-110 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၉/ပဗသ(နိုင်)၀၀၇၇၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

**အမြန်ပြန်လာပါ**

**နန်းရွှေ**

ရောက်တဲ့နေရာက

အမ်းမဆီ အမြန်ပြန်လာပါ။

**ဖုန်း-၀၉-၇၃၀၀၁၉၂၇**

**ဂျပန်စာလေ့လာနေသူများအတွက်**

ဂျပန်စာ(4Skills)အခြေခံ/အဆင့်မြင့်၊ N5,N4,N3,N2 စာမေးပွဲအနီးကပ်တန်းခွဲများ။ Kanji သီးသန့်၊ လုပ်ငန်းသုံးဂျပန်စကားပြောအမြန်ပိုင်း/ သီးသန့် တန်းခွဲသစ်များဖွင့်ပြီ။ ဂျပန်စာသင်ရိုးညွှန်းတမ်းစာအုပ်များ။ JLPT Level များအတွက် လေ့ကျင့်ရန်စာအုပ်များ။ မေးခွန်းဟောင်းများ။ ဂျပန်သီချင်း/စကားပြောအခွေ+စာအုပ်များ ဝယ်နိုင်ပါသည်။

Ph: 09254903604 , 0973040610 , 098770096

**EVER TOP ဘာသာစကားသင်တန်းများ**

အမှတ်(၆၆ / ၆ခ)၊ ၅လွှာ၊ အင်းစိန်လမ်း၊ (စံရိပ်ငြိမ်မှတ်တိုင်၊လှည်းတန်းအနီး)

**အကောင်းဆုံးလစာနှင့် အချိုရည်စက်ရုံ Marketing (မ)နှင့် အရောင်းကိုယ်စားလှယ်ဆိုင်များ အလိုရှိသည်။**

-လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
စိတ်ပါဝင်စားသူများနှင့် နယ်ကိုယ်စားလှယ်ဆိုင်များ လာရောက်ဆက်သွယ်နိုင်ပါသည်။
(အရေးအတွက် အကန့်အသတ်မရှိ ဆက်သွယ်နိုင်ပါသည်။)
ဖုန်း ၀၉-၃၁၂၀၁၂၂၂၊ ၀၉-၄၂၅၂၉၂၇၀၀၉၊ ၀၁-၆၁၀၈၀၅၄

**ကန့်ကွက်နိုင်ပါသည်**

အမှတ်(၁၅)၊ သစ္စာပန်းလမ်း၊ ၄ စိုက်ပျိုးရေးရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် အလျား(၂၀၀)ပေ၊အနံ(၁၀၀)ပေ ဦးကြည်အမည်ပေါက် မြေကွက်အား ပိုင်ရှင်ဒေါ်ထွေးထွေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားတင်ပြ၍ ကျွန်ုပ်မှဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပါသည်။ ကန့်ကွက်လိုလျှင် (၇)ရက်အတွင်းအထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

ဦးမောင်မောင်သက် (၇/ရတရ(နိုင်)၀၆၆၆၆၆)
ဖုန်း ၀၉-၄၂၀၀၉၄၆၆၆

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး ၂လမ်းနေ ဦးသန်းရွှေ ၁၂/သကတ(နိုင်)၀၀၉၅၀၂-ဒေါ်ခင်မမ ၁၂/သကတ(နိုင်)၀၀၃၄၇၁တို့၏သား မောင်ကျော်ဇင်ထက် ၁၂/သလန(နိုင်)၁၃၀၈၆၄သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးသန်းရွှေ၊ဒေါ်ခင်မမ**

# ရော်ဘာထုတ်လုပ်မှုအရည်အသွေးမြင့်မားစေရေး ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာမည်

**ရေး မေ ၂၃**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ စီးပွားဖြစ် စိုက်ပျိုးထားကြသည့် ရော်ဘာများကို ထုတ်လုပ်မှု အရည်အသွေး မြင့်မားလာစေရန်နှင့် ပြည်ပဈေးကွက် ရရှိစေရန်အတွက် နည်းပညာပိုင်းဆိုင်ရာများကိုလေ့လာရန် ထိုင်းနိုင်ငံသို့ မေလနောက်ဆုံးအပတ်အတွင်း မြို့နယ်များမှ ကိုယ်စားလှယ်များ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာမည့်သူများတွင် ရော်ဘာကုန်သည်များ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သော လုပ်ငန်းရှင်များနှင့် တောင်သူများပါဝင်မည်ဖြစ်ပြီး နည်းပညာအရည်အသွေးမြင့် ထုတ်လုပ်မည့် ရော်ဘာကုန်ကြမ်းများအား ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် သွားရောက်လေ့လာကြမည်ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာနိုင်ရန်အတွက် မွန်ပြည်နယ်အခြေစိုက် ကဲရ်မြန်မာလူမှုအဖွဲ့အစည်းက စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်းရော်ဘာဈေးကွက်အခြေအနေမှာ ဈေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း၊ ဈေးနှုန်းမြင့်တက်သော်လည်း ပြည်ပဈေးကွက်မရှိသဖြင့် ကုန်သည်များနှင့် စိုက်ပျိုးတောင်သူများ၊ ခြံလုပ်သားများအနေဖြင့် အမြတ်အစွန်းနည်းပါးကြပြီး တွက်ခြေမကိုက်သောနှစ်ဖြစ်ကြောင်း ရော်ဘာစိုက်ပျိုးသူအများစု၏ ပြောကြား ချက်များအရ သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ကျေးရွာအုပ်စုချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်

**မြန်အောင် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်းရှိ ထူးကြီးမြို့နှင့် မြန်အောင်မြို့နယ်အတွင်းရှိ ဇလုပ်ကြီးကျေးရွာအုပ်စု ဆက်သွယ်သော ကျေးရွာအုပ်စုချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ထူးကြီး-ဇလုပ်ကြီးလမ်း ကွန်ကရစ်ခင်းခြင်းကို အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ အင်္ဂပူမြို့နယ် ထူးကြီးမြို့မှ လမ်းအရှည် ၃ မိုင် ၅ ဖာလုံ ကွန်ကရစ်ခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ရွှေနေဦးကုမ္ပဏီက ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။



ကွန်ကရစ်ခင်းပြီးသော ထူးကြီးမြို့နယ်လမ်းပိုင်း။

ကွန်ကရစ်လမ်းခင်းမှုများပြီးစီးပါက မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်အကြားရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ချောမွေ့လာမည်ဖြစ်ပြီး ဒေသထွက် လယ်ယာထွက်ကုန်များကို ထူးကြီး၊ မဲဇလီကုန်းနှင့် ဟင်္သာတမြို့များသို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူလေးများ အချိန်ကိုအကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းကို မြင်းခြံမြို့နယ် မြောက်ကျွန်းကျေးရွာရှိ သာသနာ့ရက္ခိတဘုန်းတော်ကြီးကျောင်း၌ မေ ၁၇ ရက်က ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကာ သင်တန်းတက်ရောက်သူများထဲမှ ကျောင်းသား ၅၀ ကို ရှင်သာမဏေအဖြစ်လည်းကောင်း၊ ကျောင်းသူ ၄၀ ကို သီလရှင်အဖြစ်လည်းကောင်း ကုသိုလ်ရှင် ဦးမန်းစိန်(ဝေလင်းထိုက်သတ္တုတူးဖော်ရေး)လုပ်ငန်း၏ ထောက်ပံ့မှုဖြင့် သာသနာ့ရက္ခိတကျောင်းတိုက် ပဓာနနာယကဆရာတော်အား အမှူးပြု၍ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်ခဲ့ကြောင်း သိရသည်။ သင်တန်းကို သီတင်းနှစ်ပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး စာရေးကိရိယာများနှင့် အခြားကုန်ကျစရိတ်များကိုလည်း အလှူရှင်က တာဝန်ယူကုသိုလ်ပြုထားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

### ကလေးများအတွက် မိုဘိုင်းစာကြည့်တိုက်ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ကလေးသူငယ်များ စာဖတ်သည့်အလေ့အထကောင်းများရှိစေရေးနှင့် အသိပညာဗဟုသုတများ တိုးပွားရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် SVA ရှန်တီစေတနာ့ဝန်ထမ်းများအဖွဲ့မှ ဝန်ထမ်းများပူးပေါင်း၍ အုတ်ဖိုကျေးရွာဘုန်းတော်ကြီးကျောင်း၌ နယ်လှည့်မိုဘိုင်းစာကြည့်တိုက်ကို မေ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ နယ်လှည့်မိုဘိုင်းစာကြည့်တိုက်ကို မေ ၂၇ ရက်တွင်လည်း စိုင်ဂေါင်းကျေးရွာသို့ ဆက်လက်ကွင်းဆင်းဖွင့်လှစ်သွားမည်ဟု သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဆင်းပွဲကျင်းပ

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်စေရန်နှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်သည့် အခြေခံမော်တာစက်ချုပ်သင်တန်းဆင်းပွဲကို မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း အတတ်ပညာသင်ကျောင်း၌ မေ ၂၁ ရက်က ကျင်းပရာ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်နုက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျုံးလျန်ဗွိုင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ကျောင်းအုပ်ကြီး ဒေါ်ခင်အုန်းက သင်တန်းထူးချွန်ဆုများကို ပေးအပ်ခဲ့သည်။ သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၃ ဒသမ ၈၂၉ သန်းဖြင့် တစ်လကြာဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝ၆၂)**


## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ အထူးဘွဲ့နှင်းသဘင်အခမ်းအနား(၂၀၁၅)ဖြင့် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ "Doctor of Letter (Honoris Causa)" ကို ၂၀၁၅ ခုနှစ် မေလ ၉ ရက်တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အပ်နှင်းချီးမြှင့်ခံရပါသော ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဦးမော်သန်းနှင့်တစ်ကွ ပါမောက္ခဆရာကြီး၊ ဆရာမကြီးဖြစ်ကြသည့် ဒေါက်တာဦးခင်မောင်ညွန့်၊ ဒေါက်တာဦးသန်းညွန့်၊ ဒေါက်တာဦးမြတ်သိန်း၊ ဒေါက်တာဦးကံဇော်၊ ဒေါက်တာဒေါ်ခင်မေလှ၊ ဒေါက်တာဦးလှမောင်၊ ဒေါက်တာဦးကျော်မင်းထွန်း၊ ဒေါက်တာဒေါ်ရီရီမြင့်၊ ဒေါက်တာဒေါ်လှမြင့်၊ ဒေါက်တာဦးအောင်ထွန်းသက်၊ ဒေါက်တာဦးသက်လွင်၊ ဒေါက်တာဒေါ်ခင်စန်းမြင့်နှင့် ဒေါက်တာဒေါ်တင်လှကြည်တို့အတွက် အထူးပင်လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)

1. Win Thin & Associates
2. Maung Maung Hteik Audit Firm
3. Top Sein Win and Associates Consulting Ltd.
4.Kyu Kyu Win & Associates
5. Ngwe Inzaly Audit Firm
6.JF Group Audit Firm
7. Cho Cho Toe and Associates
8.Excellent Choice Professional Training Centre
9. Nay Lin Aung Finance & Accountancy Academy

# နှစ်ယောက်တည်းပြိုင်မယ့် ဖီဖာဥက္ကဋ္ဌရွေးပွဲ

မေ ၂၉ ရက်မှာ ဇူးရစ်မြို့၌ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ ရွေးပွဲ ကျင်းပတော့မှာပါ။ ဒီအချိန်မှာပဲ အရွေးခံဖို့စာရင်းပေးထားတဲ့ လူးဝစ်ဖီဂိုနဲ့ မိုက်ကယ်ဗန်ပရက်တို့ဟာ ဝင်ရောက်ရွေးခံမယ့်ပြိုင်ပွဲမှ ရုပ်သိမ်းသွားခဲ့ပါတယ်။ အသက် ၄၂ နှစ်အရွယ်ရှိ ပေါ်တူဂီကွင်းလယ်ကစားသမားဟောင်း ဖီဂိုဟာ အသက် ၆၇ နှစ်အရွယ် ဗန်ပရက်နဲ့ တစ်နေ့တည်းနှုတ်ထွက်သွားခဲ့ပါတယ်။ လက်ရှိဥက္ကဋ္ဌ ဆပ်ဘလတ္တာရဲ့ ပြိုင်ဘက်က ဂျော်ဒန်အိမ်ရှေ့မင်းသား အလီဘင်အယ်လ်ဟူစိန်တစ်ဦးသာ ရှိပါတော့တယ်။ ဘလတ္တာဟာ ဖီဖာဥက္ကဋ္ဌအဖြစ် ပဉ္စမအကြိမ်အရွေးခံရဖို့ ရေပန်းစားနေတယ်လို့ ဖီဂိုနဲ့ ဗန်ပရက်တို့က ဆိုပါတယ်။ ဖီဖာအဖွဲ့ဝင်ပေါင်း ၂၀၉အသင်းက ဒီရွေးကောက်ပွဲမှာ ဥက္ကဋ္ဌသစ်ကို ရွေးချယ်ပေးမှာဖြစ်ပါတယ်။ ဒတ်ချ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗန်ပရက်ကတော့ မင်းသားအလီကို ထောက်ခံသွားမယ်လို့ ဆိုပါတယ်။ အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်ကလည်း မင်းသားအလီကို ထောက်ခံမယ်လို့ ဆိုပါတယ်။ ဖီဖာမှာအပြောင်းအလဲတစ်ခု လိုအပ်နေတယ်လို့ ဖီဂိုက ဆိုပါတယ်။



# မက်ဆီနဲ့ နေမာ ဘာစီလိုနာမှာ ဆက်ရှိနေမလား

ဒီနှစ်ဘောလုံးရာသီမှာ ဖလားသုံးလုံး လမ်းကြောင်းပေါ်ကို ရောက်ရှိနေတဲ့ ဘာစီလိုနာအသင်းရဲ့ အနာဂတ်အတွက် စိုးရိမ်ဖွယ်သတင်းတစ်ရပ်ကတော့ မက်ဆီနဲ့ နေမာတို့ကို ချယ်လ်ဆီးနဲ့ ပီအက်စ်ဂျီတို့က ခေါ်ယူဖို့ ကြိုးစားနေတယ်ဆိုတဲ့ သတင်းပဲဖြစ်ပါတယ်။

ကမ္ဘာကျော် တိုက်စစ်အတွဲဖြစ်တဲ့ ဘာစီလိုနာရဲ့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တိုက်စစ်အတွဲက ဒီနှစ်ဘောလုံးရာသီမှာ စုစုပေါင်းသွင်းဂိုး ၁၁၄ ဂိုးအထိ သွင်းယူကာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်အတွဲအဖြစ် သက်သေပြထားပါတယ်။ ဒါကြောင့် ဘဏ္ဍာငွေတောင့်တင်းတဲ့ ချယ်လ်ဆီးနဲ့ပီအက်စ်ဂျီတို့က ခေါ်ယူဖို့ တိတ်တဆိတ်ကြိုးစားနေတယ်လို့ ဆိုပါတယ်။

ဒါကို ဘာစီလိုနာအသင်းရဲ့ ဘဏ္ဍာရေးအမှုဆောင်ချုပ် ဂျာဗီးယားဖာရက်စ်က မက်ဆီနဲ့ နေမာတို့ကို ပြောင်းရွှေ့ကြေး အမြောက်အမြားပေးတဲ့အပြင် သူတို့အတွက် လုပ်ခလစာ မက်မက်မောမောပေးပြီး ကြိုးစားလာရင် ကျွန်တော်တို့ ဟန့်တားဖို့ ခဲယဉ်းပါလိမ့်မယ်လို့ ထုတ်ဖော်ပြောကြားနေပါတယ်။

လက်ရှိအချိန်မှာ ချယ်လ်ဆီးရော ပီအက်စ်ဂျီပါ ကစားသမားတွေကို လုပ်ခလစာကောင်းကောင်းပေးထားပြီး အသင်းအပေါ်မှာ သူတို့ရဲ့ လုပ်အားတွေ အပြည့်အဝပေးဆပ်နိုင်အောင် ပံ့ပိုးဖြည့်ဆည်းပေးထားပါတယ်။ မက်ဆီကို ခေါ်ယူရင် လုပ်ခလစာတစ်ပတ်ပေါင် လေးသိန်းအထိ ပေးချေမယ်လို့ သုံးသပ်မှုတွေ ထွက်ပေါ်နေပါတယ်။

တကယ်တော့ ချယ်လ်ဆီးရော ပီအက်စ်ဂျီတို့ပါ တိုက်စစ်မှူးကောင်းတစ်ဦးစီ လိုအပ်နေပြီး ခြေစွမ်းထက်မြက်တဲ့ တိုက်စစ်မှူးအတွက် မက်မောဖွယ်ရာ လုပ်ခလစာကို ပေးချေဖို့ ဝန်မလေးဘူးလို့ ဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကတည်းက ချယ်လ်ဆီးက ခေါ်ယူဖို့ ကြိုးစားခဲ့ဖူးတဲ့ မက်ဆီကို ဘာစီလိုနာက ဘယ်လောက်ပြောင်းရွှေ့ကြေးပေးပေး ထုတ်ရောင်းမှာ မဟုတ်ဘူးလို့ ဆိုခဲ့တာမို့ လက်လျှော့ခဲ့ခြင်းဖြစ်ပါတယ်။

အခုဆိုရင် ပီအက်စ်ဂျီအသင်းကလည်း မက်ဆီကို မခေါ်နိုင်ရင် တိုက်စစ်မှူး နေမာကို ခေါ်ယူနိုင်ရေး ပြင်ဆင်နေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ တကယ်တော့ ဥရောပထိပ်တန်းကလပ်တွေထဲမှာ ပရီမီယာလိဂ်နဲ့ ဘွန်ဒက်စ်လီဂါတို့က ကလပ်အသင်းတွေရဲ့ ကစားသမားတွေဟာ လုပ်ခလစာကောင်းမွန်ကြသူတွေဖြစ်ပါတယ်။ ဒါကြောင့် လုပ်ခလစာကောင်းကောင်းပေးနေတဲ့ ကလပ်အသင်းတွေဆီ ပြောင်းရွှေ့သွားနိုင်တယ်လို့လည်း ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမူကလည်း ပြောနေပါတယ်။

ဒီနှစ်ဘောလုံးရာသီမှာ ဘာစီလိုနာအတွက် မက်ဆီက ၅၃ ဂိုး၊ နေမာက ၃၇ ဂိုးနဲ့ ဆွာရက်ဇ်က ၂၄ ဂိုး သွင်းယူထားတာမို့ ပြိုင်ဘက်ထိပ်တန်းကလပ်တွေအတွက်တော့ အားကျစရာဖြစ်နေတာတော့ အမှန်ပါပဲ။ ဘာစီလိုနာဟာ နေမာကို ခေါ်ယူခဲ့တဲ့အတွက် ပေါင် ၇၅ သန်းပေးခဲ့ရတာမို့ ထိုက်တန်တဲ့အကျိုးတွေ ပြန်ရနေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် မက်ဆီကို ခေါ်ယူဖို့ဆိုရင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀၀ ကျော်ပေးမှ ရနိုင်မယ်လို့ ဝေဖန်မှုတွေအပေါ် ဘာစီလိုနာအသင်း ဒုတိယဥက္ကဋ္ဌ ကာဒိုနာက "မက်ဆီလိုကစားသမားမျိုး ပိုင်ဆိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ အသင်းမှာ မဖြစ်မနေရှိရမယ့် ကစားသမားဖြစ်ပါတယ်။ သူ့ကိုခေါ်ယူလိုတဲ့အသင်းတွေကလည်း ပြောင်းရွှေ့ကြေးရော လုပ်ခလစာပါ ကမ္ဘာ့စံချိန်သစ်ဖြစ်ရမယ့်အပြင် အံ့သြစရာကောင်းတဲ့ ငွေကြေးသုံးစွဲမှုပြုလုပ်နိုင်မှ ရပါလိမ့်မယ်"ဟု ပြောကြားနေပါတယ်။ ။

❒ မိုးမြင့်လင်းလက်



# ရီးရဲမက်ဒရစ်နည်းပြဖြစ်လာဖွယ်ရှိတဲ့ ဘင်နီတက်ဇ်

နာပိုလီအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အနေနဲ့ ရီးရဲမက်ဒရစ်အသင်းရဲ့ နည်းပြဖြစ်လာဖို့ ထိပ်ဆုံးမှရေပန်းစားနေပါတယ်။ လက်ရှိ နည်းပြ အန်ဆယ်လော့တီဟာ ဂီတာဖေးလ်နဲ့ နောက်ဆုံး လာလီဂါပွဲအပြီး နည်းပြရာထူးမှ နှုတ်ထွက်ဖွယ်ရှိနေပါတယ်။ ရီးရဲမက်ဒရစ်နဲ့ ဘင်နီတက်ဇ်တို့အကြား စာချုပ်ကိစ္စအတွက် ဆွေးနွေးမယ့် အနေအထားရှိနေပါတယ်။ အသက် ၅၅ နှစ်အရွယ်ရှိတဲ့ ဘင်နီတက်ဇ်ဟာ နာပိုလီအသင်းနဲ့ လက်ရှိစာချုပ်က လာမယ့်လမှာ ပြီးဆုံးမှာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းကလည်း လီဗာပူးနဲ့ ချယ်လ်ဆီးနည်းပြဟောင်း ဘင်နီတက်ဇ်ကို အဆက်သွယ်ပြုလုပ်ထား တယ်လို့ ဆိုပါတယ်။ ဆမ်အလာဒိုက်ဟာ တနင်္ဂနွေနေ့ နယူးကာဆယ်နဲ့ ပွဲအပြီး ဝက်စ်ဟမ်းအသင်းအတွက် ပြင်ဆင်နေပါတယ်။ လာမယ့် သီတင်းပတ်မှာ သူ့ရဲ့အနာဂတ်နဲ့ပတ်သက်ပြီး ဆွေးနွေးဖွယ်ရှိပါတယ်။ ဘင်နီတက်ဇ်ဟာ ရီးရဲမက်ဒရစ်အသင်းနဲ့ နည်းပြဘဝကို စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ဗယ်လာဒိုးလစ်၊ အိုဆာဆူနာ၊ ဗလင်စီယာနဲ့ အင်တာမီလန်တို့ကိုလည်း ရောက်ခဲ့သူဖြစ်ပါတယ်။ လီဗာပူးမှာ သူနာမည်ရလာတာကတော့ ၂၀၀၅ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲ၊ အက်ဖ်အေဖလားနဲ့ ယူအီးအက်ဖ်အေစူပါဖလားတွေ ဆွတ်ခူးပေးနိုင်ခဲ့ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ရာသီမှာ ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့ပြီး ယူရိုပါလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ အီတလီမှာတော့ နာပိုလီအသင်းနဲ့အတူ ကိုပါအီတာလီယာဖလား ဆွတ်ခူးနိုင်ခဲ့ပြီး ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အထိ ပို့ပေးနိုင်ခဲ့ပါတယ်။





# ဘာစီလိုနာမှာ ၁၇ နှစ်ကြာကစားခဲ့တဲ့ ဇာဗီ ကာတာကလပ် အယ်လ်ဘတ်သို့ ပြောင်းပြီ

ကွင်းလယ်ကစားသမား ဇာဗီဟာ ကာတာကလပ် အယ်လ်ဘတ်နဲ့ သုံးနှစ်စာချုပ်လိုက်ပြီးနောက် နွေရာသီမှာ ဘာစီလိုနာအသင်းနဲ့ ၁၇ နှစ်ကြာ ကစားခဲ့မှု အဆုံးသတ်တော့မှာ ဖြစ်ပါတယ်။

အသက် ၃၅ နှစ်ရှိ စပိန်ကွင်းလယ်ကစားသမား ဇာဗီဟာ ဘာစီလိုနာအသင်းနဲ့ အတူ လိဂ်ဖလားရှစ်လုံးနဲ့ ချန်ပီယံလိဂ်ဖလားသုံးလုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ သူဟာ ဒီနှစ်လာလီဂါဖလား အပြင် ဘာစီလိုနာအသင်းကို ကိုပါဒယ်ရေးဖလားနဲ့ ချန်ပီယံလိဂ်ဖလားများလည်း ဆွတ်ခူးပေးနိုင်ဖွယ်ရှိပါတယ်။ ကျွန်တော့်ရဲ့ အကောင်းဆုံးဘောလုံးသမားဘဝဆိုတာ မရှိနိုင်တော့ပါဘူးလို့ ဇာဗီက ဆိုပါတယ်။ ဘာစီ လိုနာအသင်းဟာ ဇွန် ၆ ရက်မှာ ဂျူဗင်တပ်စ်နဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲကစားရမှာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ သူမရှိလည်း အောင်မြင်မှုတွေ ဆက်လက်ရရှိနေမှာပါလို့ ဇာဗီကဆိုပါတယ်။ ကာတာနိုင်ငံသို့ သွားရောက်ကစားရမှာဖြစ်ပေမယ့် အနာဂတ်မှာတော့ ဘာစီလိုနာအသင်းရဲ့ နည်းပြဖြစ်လိုတယ်လို့လည်း သူကဆိုပါတယ်။ ဇာဗီဟာ စပိန်အသင်းနဲ့အတူ ပွဲပေါင်း ၁၃၃ ပွဲ ပါဝင်ကစားခဲ့သူလည်း ဖြစ်ပါတယ်။

အသက် ၃၅ နှစ်ရှိနေပြီဖြစ်ပေမယ့် ခြေစွမ်းကောင်းမွန်နေဆဲဖြစ်တဲ့ ဇာဗီဟာ ဘောလုံးသမားဘဝကို မစွန့်လွှတ်သေးဘူးလို့ ဆိုပါတယ်။ ကာတာနိုင်ငံမှာ သွားကစားတာဟာ အတွေ့အကြုံသစ်ရလိုမှုကြောင့်ဖြစ်ပြီး ဒီအချိန်မှာ ငွေကြေးထက် အတွေ့အကြုံရရှိမှုနဲ့ အပြောင်းအလဲတွေကို ပိုမိုခံစားလိုပါတယ်လို့ ဇာဗီက ပြောကြားပါတယ်။ အသက် ၁၈ နှစ်အရွယ် လူငယ်ကစားသမားဘဝကတည်းက ဘာစီလိုနာမှာ ကစားလာခဲ့တဲ့ ဇာဗီက မိမိအနေနဲ့ ဘာစီလိုနာမှာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့လို့ ကျေနပ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

## "CB Bank ၏ Customerများဂုဏ်ယူဝမ်းမြောက်နိုင်ပါကြောင်း"

စီးပွားရေးလုပ်ငန်းရှင်များအတွက်ငွေကြေးလည်ပတ်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန် နှင့်
ငွေကြေးကောက်ခံမှု၊ ငွေပေးချေမှုများအားအချိန်တိုအတွင်းပြီးစီးစေရန်တို့အတွက်
အကောင်းဆုံးဝန်ဆောင်မှုကို ပေးနိုင်ခြင်းတို့ကြောင့်

"The Asset Triple A" မှ ချီးမြှင့်သည့်

## "Best Cash Management Bank in Myanmar 2015"

ဆုကိုချီးမြှင့်ခံရခြင်းနှင့်

နှစ်ပေါင်းကြာရှည်စွာနာမည်ကောင်းဖြင့် အခိုင်အမာရပ်တည်နိုင်မှု၊
ကျယ်ပြန့်သော Branch Network ထားရှိနိုင်မှု နှင့်ဘဏ်မရှိသောအရပ်ဒေသများတွင်
လုပ်သားပြည်သူများငွေကြေးကိစ္စများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ပြီးလုံခြုံစိတ်ချစေရန်
Mobile Banking ဝန်ဆောင်မှုဖြင့်
ငွေကြေးလုပ်ဆောင်ချက်များမှန်ကန်လျင်မြန်စွာဆောင်ရွက်နိုင်မှုတို့ကြောင့်

"Global Finance Magazine" မှ ချီးမြှင့်သည့်

## "Best Emerging Markets Bank in Myanmar 2015 "

ဆုကို(၂) နှစ်ဆက်တိုက်ချီးမြှင့်ခံရခြင်းတို့အတွက်

CB Bank ၏ Customerများအားဂုဏ်ယူဝမ်းမြောက်နိုင်ပါရန်နှင့်နောင်တွင်လည်း
CB Bank ၏ ကောင်းမွန်သော ဝန်ဆောင်မှုများကို ယုံကြည် စိတ်ချစွာဖြင့်
ရေရှည်လက်တွဲဆောင်ရွက်နိုင်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။

**CB Bank မိသားစု**

နိုင်ငံတကာအဆင့်မီ

# ရွှေနန်းတော်

စိန်ရွှေရတနာဆိုင်

ဆိုင်(၁) – အမှတ်–၃၄၃၊ မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ သံဈေးမီးပွိုင့်အနီး၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

ဆိုင်(၂) – အမှတ်–၆၈၅၊ ၁၉ လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ (ခေတ္တခဏပြောင်းရွှေ့ဖွင့်လှစ်သည့်ဆိုင်)

ဆိုင်(၃) – မြေညီထပ်၊ Junction Square Shopping Centre ၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဆိုင်(၄) – No.B-05, မြေညီထပ်၊ Myanmar Centre Plaza (HAGL, Near Sedona Hotel)၊ကမ္ဘာအေးဘုရားလမ်း၊ရန်ကင်းမြို့နယ်၊ (မကြာမီအသစ်ထပ်မံဖွင့်လှစ်မည့်ဆိုင်)

ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၃)ဆိုင်စလုံးတွင် ၂–၅–၂၀၁၅ မှ ၃၀–၆–၂၀၁၅ ထိ

up to 30% off

| | |
|---|---|
| ၂ ကျပ်သားရွှေဆွဲကြိုး | (၃) ဆု |
| ၁ ကျပ်ခွဲသားရွှေဆွဲကြိုး | (၃) ဆု |
| ၁ ကျပ်သားရွှေဆွဲကြိုး | (၅) ဆု |
| သုံးမတ်သားရွှေဆွဲကြိုး | (၅) ဆု |
| ငါးမူးသားရွှေဆွဲကြိုး | (၅) ဆု |
| တစ်မတ်သားရွှေဆွဲကြိုး | (၁၀) ဆု |
| နှစ်ပဲရွှေဆွဲသီး | (၂၀) ဆု |
| တစ်ပဲရွှေဆွဲသီး | (၃၀) ဆု နှင့်အခြားအဖိုးတန်ဆုမဲများစွာ |

ချက်ခြင်းပေါက်
ချက်ခြင်းယူ
ဗလာမပါ
ကံစမ်းမဲ

GIA/HRD Certificate စိန်များ
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
Golden Palace Super Diamond Card



GS Oil

Kixx

## ဂုဏ်ယူစွာ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ **Eternal** မှ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချလျက်ရှိသော **Korea** နိုင်ငံထုတ် **GS Oil Kixx** စက်ချောဆီများကို **2015 June** လမှ စတင်၍ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် အရည်အသွေး ပြောင်းလဲမှုမရှိပဲ ဆန်းသစ်ခေတ်မီသော ထုတ်ပိုးမှုပုံစံအသစ်များဖြင့် ပြောင်းလဲထုတ်လုပ် ဖြန့်ချိသွားမည် ဖြစ်ပါသည်။

သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ ဆက်လက်အသုံးပြုနိုင်ပါကြောင်း အသိပေး အကြောင်းကြား အပ်ပါသည်။




ETERNAL

Head Office Yangone Tel : 01-504013, 01-535439 Fax : 01-516792
info_eternal@myanmar.com.mm

Branch Office
Mandalay Tel : 02-5153139, 092031202 Fax : 02-5153139
Naw Pyi Taw Tel : 067 - 22775, 09 86 27875 Fax : 067 - 22775
Phar Kant Tel : 074 - 70378, 0947106549 Fax : 074 - 70378

# တောင်သူများမျှော်လင့်နေသောမိုး ရမည်းသင်းမြို့နယ်တွင် ရွာသွန်းပြီ



**ရမည်းသင်း မေ ၂၃**

ရာသီဥတုပူပြင်း၍ အပူရှိန် ခံစားရပြီး သင်္ကြန်ပြီးနောက်ပိုင်း စိုက်ပျိုးထားသော ပဲတီစိမ်းနှင့်မိုးမြေပဲစိုက်ပျိုးထားကြသော တောင်သူများ အပင်များညှိုးနွမ်းနေ၍ မိုးမျှော်နေကြသော မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း၌ မေ ၁၉ ရက်နှင့် ၂၀ ရက်တွင် ရွာသွန်းခဲ့သောမိုးကြောင့် အပူရှိန်လျော့၍ စိုက်ပျိုးထားသော သီးပင်များအတွက် မျှော်လင့်ချက်ပြည့်ကြပြီဟုဆိုသည်။

ရမည်းသင်း မြို့နယ်အတွင်း သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ပြီးနောက်ပိုင်းကာလများတွင် မိုးသုံးလေးကြိမ်သာရွာခဲ့သည်ဟုသိရပြီး ယင်းနောက်မိုးရွာသွန်းမှု အဆက်ပြတ်သွားသောကြောင့် နေ့ညအပူရှိန်တက်လာပြီး လူအများနေထိုင်မှုခက်ခဲကာ စိုက်ပျိုးထားသောအပင်များလည်း ညှိုးနွမ်းပြီး တချို့သေကြသည်ဟု သိရသည်။

ယခုရွာသွန်းခဲ့သော မိုးကြောင့် လူအများ အပူချိန်လျော့နည်းသွား၍ နေထိုင်မှုသက်သာပြီး စိုက်ပျိုးထားသော သီးနှံများအတွက်လည်းများစွာ အကျိုးရှိသည်ဟု သိရသည်။

"ဒီမိုးရွာတာ တော်တော်လေး အဆင်ပြေပါတယ်။ ပဲတီစိမ်းတွေကလည်း ပွင့်ဖူးဝေတော့မယ်။ မိုးမျှော်ရင်းပေါင်းပေါက်ခဲ့တဲ့ အကွက်တွေက ခုရွာတဲ့မိုးကြောင့် အဆင်ပြေတာပါ။ တချို့ရွာတွေမှာ ရေတွင်းတွေလည်း ရေခန်းလို့ရေအခက်အခဲရှိတယ်။ မိုးရွာတော့ မိုးရေတော့သုံးရတာ မစိုက်ရသေးတဲ့အကွက်တွေအတွက်လည်း အစိုဓာတ်ရပြီး ထွန်ယက်ရေးအတွက် ပိုပြီးအဆင်ပြေပါတယ်"ဟု ပဲ့ဆည်ရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။ မေ ၁၉ ရက်နှင့် ၂၀ ရက်တွင် ရမည်းသင်းမြို့နယ်အတွင်း နေရာအနှံ့အပြား မိုးရွာသွန်းခဲ့သည်ဟု သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

# သောင်ထွန်းမြေများအား မဲစနစ်ဖြင့်ခွဲဝေချထား

**သထုံ မေ ၂၃**

သထုံမြို့နယ် ဆိတ်ကျွန်းကျေးရွာရှိ သောင်ထွန်းမြေများအနက် စိုက်ပျိုးမြေအဖြစ် အသုံးပြုနိုင်သည့် မြေနေရာများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှ မေ ၂၁ ရက်က ဆိတ်ကျွန်းကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျေးရွာအတွင်းရှိ လယ်ယာမဲ့တောင်သူများကို ယခုနှစ်မိုးရာသီအမီစိုက်ပျိုးနိုင်ရေး မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။ "ဒီကျေးရွာမှာ လယ်ယာမဲ့တောင်သူ စုစုပေါင်း ၄၀၅ ဦးရှိပြီး ဒီနှစ်မှာစိုက်ပျိုးလို့ရတဲ့မြေဧက ၁၈၀ ရှိပါတယ်။ တောင်သူ ၉၀ တို့ကို မဲစနစ်နဲ့ခွဲပေးမှာဖြစ်ပြီး တစ်ဦးကိုနှစ်ဧကနှုန်းရရှိမှာပါ။ ရရှိတဲ့တောင်သူတွေ စိုက်ပျိုးချိန်အမီအမြန်ဆုံး မြေကိုအသုံးချနိုင်ဖို့ ဆောင်ရွက်နေတာဖြစ်ပြီး စာရင်းဇယားအရ ကျန်ရှိနေတဲ့ လယ်ယာမဲ့တောင်သူတွေကိုလည်း နောက်ထပ်ရရှိလာမယ့် မြေနေရာတွေခွဲဝေပေးတဲ့အခါ ဦးစားပေးစီစဉ်မှာပါ" ဟု ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဆောက ပြောသည်။

အဆိုပါ ခွဲဝေချထားရာသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ လယ်ယာမြေ လုပ်ထုံးလုပ်နည်းများကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

**သက်ဦး(သထုံ)**

# သဘာဝဘေးကာကွယ်ရေး အသိပညာပေးဟောပြော



**ရန်ကုန် မေ ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကဦးဆောင်ပြုလုပ်သော ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရေးတို့အတွက် ဆောင်ရန်၊ ရှောင်ရန်တို့အား ပြည်သူလူထုသို့ အသိပညာပေးဟောပြောပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓမ္မဇျုဟာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့်အလုပ်အမှုဆောင်များ၊ အသင်းသူများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ဦးရဲနောင်**(အပေါ်ပုံ)**က မိုးဦးရာသီကျရောက်လာပြီဖြစ်၍ သဘာဝကြောင့်ဖြစ်ပေါ်လာသောဘေးအန္တရာယ် အမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံလာရပါက ကြိုတင်ရှောင်ရှားနိုင်ရန်ပြုလုပ်ခြင်း၊ အန္တရာယ်သတိပေးချက်များကို နားထောင်လိုက်နာခြင်း၊ ဒဏ်ရာအနာတရဖြစ်ခဲ့ပါက အခြေခံရှေးဦးသူနာပြုစုနည်းတို့ဖြင့် အရေးပေါ်ပြုစုခြင်း၊ အသက်ကယ်ခြင်းတို့ ဆောင်ရွက်ရန်နည်းလမ်းများကို ပြည်သူများသိရှိနိုင်ရန် ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# မင်းတပ်မြို့ (မြို့မဘောလုံးကွင်း)အား စံချိန်မီဘောလုံးကွင်းအဖြစ် တည်ဆောက်

**မင်းတပ် မေ ၂၃**

မြို့ပြနှင့် ကျေးလက်ကွာဟမှုလျော့ချရေးနှင့် ကျေးလက်ဒေသများအမြန် ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်၍ ပြည်ထောင်စုအစိုးရဘတ်ဂျက်(သိန်းတစ်ထောင့်သုံးရာ)ဖြင့် မင်းတပ်မြို့ မြို့မဘောလုံးကွင်းကို စံချိန်မီဘောလုံးကွင်းအဖြစ် တည်ဆောက်လျက်ရှိသည်။

အဆိုပါ မြို့မဘောလုံးကွင်းကို အလျား ၃၄၅ ပေ၊ အနံ ၂၂၅ပေ၊ ပြေးလမ်းလေးလမ်းဖြင့်တည်ဆောက်ပြီး ပွဲကြည့်စင်ကို အလျားပေ ၁၁၀၊ အနံ ၁၈ ပေ ပွဲကြည့်ပရိသတ် ခန့်မှန်း ၃၀၀ ကျော် ကြည့်ရှုနိုင်ရန်အတွက်လည်းကောင်း၊ အားကစားသမားများအတွက် အဝတ်လဲခန်းနှစ်ခန်း၊ VIP ခန်းတစ်ခန်းကိုလည်းကောင်း တည်ဆောက်လျက်ရှိသည်။ ၎င်းဘောလုံးကွင်းကို ခြံစည်းရိုး(ချိန်းလင့်)ဖြင့်ကာရံပြီး ဝင်ပေါက်နှစ်ပေါက်ဖြင့် တည်ဆောက်လျက်ရှိသည်။ ယင်းလုပ်ငန်းများကို မေလကုန်အပြီးသတ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ကနီ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ရန်ကုန်မြို့ သံလွင်လမ်းနေ ဒေါက်တာပါမောက် ဇနီးဒေါ်ခင်ရီ၊ သမီးဒေါက်တာဥမ္မာ၊ ပါမောက္ခ ဒေါက်တာနီလာ၊ ပါမောက္ခ ဒေါက်တာချမ်းအေး၊ ဒေါက်တာစိုးပြေမိသားစုတို့က လှူဒါန်းသည့်ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်၌ ကျင်းပသည်။

အလှူရှင်များက လှူဒါန်းသည့်ခွဲစိတ်ခန်းသုံး အဝတ်လျှော်စက်တစ်လုံး၊ နံရံကပ်ပန်ကာငါးလုံး၊ ၅ ကေဗွီဗို့အားမြှင့်စက်တစ်လုံး၊ X' Ray View Box တစ်ခု၊ မွေးခန်းသုံး Spot Light တစ်ခု၊ ရေအေးစက်နှစ်လုံးနှင့် ရေပူရေအေးစက်တစ်လုံးတို့ကို မြို့နယ်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီးအုန်းဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး မြို့နယ်ဆရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအပြီးတွင် ကနီအသင်း(မုံရွာ)မှ ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေကြသော လူနာ၃၂ဦးအား အာဟာရ၊ တစ်ကိုယ်ရည်သုံးပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3I/7405 Toyota Harrier MCU 10, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူရ ၁၂/အစန(နိုင်)၀၂၀၀၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)




BBS
U HLA BU'S TOEFL
TOEFL တန်းသစ် May 27 စမည် ph: 09252633064/01220403
၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ ( သိတာရုံအနီး )

ဆရာဦးရန်ဝင်းနောင် B.E ( Mech:) (တည်ထောင်ခြင်း ၁၅ နှစ်ပြည့်)
WISDOM Education Centre
IGCSE , GCE O & A , SAT
တာမွေ ၊ မေတ္တာ ညွန့် ၊ ဖုန်း ၀၉-၇၃၀၀ ၅၉၃၈ ၊ ၀၉ ၄၃၀ ၂၀၆၄၅

ကြိုတင်မှာပါ
မှာသူများလို့ ချက်ချင်းမရောက်ရင်စိတ်မဆိုးကြပါနဲ့
095 095 095, ☎ 01-682944
ပေါင်ဆန်းမွှေးနှစ်အိတ်ဝယ်ရင် ကလေးTရှပ်တစ်ထည်ယူပါ။
စိတ်ကောင်းကြည်လင် ချန်ပီယံပေါင်ဆန်းမွှေး
SKILL CAHMPION

ကန့်ကွက်နိုင်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၅၄ ရပ်ကွက်၊ မြေကွက် အမှတ်(၁၀၅၀)၊ အကျယ်အဝန်းပေ(၄၀×၆၀)ဦးကျော်ညွန့်(B/RGN-018917)၏မြေချပါမစ်အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ မငြိမ်းသီတွန်း(၁၂/ ကမရ(နိုင်)၀၄၉၈၀၇)ထံမှ ကျွန်တော် ဦးအေးစန်း(၁၂/စခန(နိုင်)၀၂၇၃၉၁)သည် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်းကန့်ကွက်ရန်နှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ဦးအေးစန်း
ဖုန်း ၀၉-၇၉၈၁၁၈၄၈၇၉

# လယ်ယာသုံးလက်တွန်းထွန်စက်များ အရစ်ကျငွေချေစနစ်ဖြင့် ရောင်း

**မိုင်းကိုင် မေ ၂၃**

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၌ မေလ တတိယပတ်မှစ၍ အနောက်တောင်မုတ်သုံလေစတင်ဝင်ရောက်ပြီး မိုးရာသီကာလသို့ရောက်ရှိလာပြီဖြစ်သဖြင့် တောင်သူလယ်သမားများမိမိတို့၏လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သည်။

မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်တို့ပူးပေါင်း၍ မိုင်းကိုင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးချိန်အမီ လယ်ယာသုံးလက်တွန်းထွန်စက်များကို အရစ်ကျငွေပေးချေစနစ်ဖြင့် စတင်ရောင်းချပေးလျက်ရှိသည်။

အဆိုပါ လက်တွန်းထွန်စက်များသည် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃၉)အကြီးစားစက်မှု(အင်းကုန်)မှ ထုတ်လုပ်သည့် ဧရာ(၂)လက်တွန်းထွန်စက်(တောင်ပေါ်ကျွဲ)များဖြစ်ပြီး တစ်စီးလျှင် ငွေကျပ် ၁၆ သိန်းဖြင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးတင်နိုင်ထွန်းလေး၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိုင်းကျော်ဦးတို့က မေ ၂၁ ရက်မှစ၍ တောင်သူများလက်ဝယ်သို့ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**



# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**နေပြည်တော် မေ ၂၃**

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေတို့အရ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် သင့်တင့်သော ငွေကြေးအရင်းအနှီးရရှိစေရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရန် စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၁ ရက်မှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်ဘဏ်ခွဲအသီးသီးမှ ထုတ်ချေးပေးနေပြီဖြစ်သည်။ စပါးတစ်ဧက ချေးငွေကျပ်တစ်သိန်းနှုန်း အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေအပေါ် အတိုးနှုန်းမှာလည်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြစ်၍ ငွေကျပ် ၁၀၀ အပေါ် တစ်လလျှင် ၄၂ ပြားသာ ကျသင့်မည်ဖြစ်သည်။ ချေးငွေ ထုတ်ချေးရန်အတွက် တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မိတ္တူတင်ပြရမည်။ ၂၀၁၅ ခုနှစ် မိုးချေးငွေအတွက် ချေးငွေကျပ်ဘီလီယံ ၁၀၀၀ ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဥပဒေ၊ နည်းဥပဒေတို့အရ ကြွေးဟောင်းပြေကျေပြီးသူများကို ကြွေးသစ်ထုတ်ချေးပေးနေပြီဖြစ်၍ ဘဏ်သို့ပေးဆပ်ရန်ကျန်ရှိနေသည့် ကြွေးကျန် တောင်သူလယ်သမားများအနေဖြင့် ကြွေးဟောင်းများကို ဘဏ်သို့ အမြန်ပြန်လည်ပေးဆပ်ပြီး မိုးစပါးစိုက်ပျိုးရန်အတွက်လိုအပ်သော စိုက်ပျိုးစရိတ်အရင်းအနှီးများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှရယူကြရန် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကျောင်းအပ်နှံရေး ဆိုင်းဘုတ်စိုက်ထူ

**ပေါင်းတည် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် မေ ၂၁ ရက်က ရန်ကုန်-ပြည် လမ်းမကြီးနှင့် ဘုရားကြီးလမ်းထောင့်တွင် မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းများက "နိုင်ငံတော်၏ အနာဂတ်လှဖို့ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်စို့" ကြော်ငြာဆိုင်းဘုတ်ကို စိုက်ထူသည်။ အဆိုပါကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှစတင်ပြီး မေ ၃၀ ရက်အထိ ကျောင်းသား ကျောင်းသူများ အပ်နှံနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင် နည်းပြသင်တန်းဖွင့်



**ပန်းတောင်း မေ ၂၃**

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လူငယ် စွမ်းဆောင်ရည် မြှင့်တင်ရေးနည်းပြ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၁၅)အား ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် မေတတိယပတ်က စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းများအား ရွှေဘုံသာကျေးရွာအုပ်စု၊ တောင်ဘွေကျေးရွာအုပ်စု၊ ကိုင်းကြီးကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ဇရပ်လှကျေးရွာအုပ်စုများတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက အစုအဖွဲ့အလိုက်ခွဲ၍ တစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၈)**

# ငှက်ဖျားနှင့်တီဘီရောဂါတိုက်ဖျက်ရေး သင်တန်းပို့ချ

**နမ့်ဆန် မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် CESVI အဖွဲ့၏စီစဉ်မှုဖြင့် ငှက်ဖျားနှင့် တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ကို ကျေးရွာ/ကျေးရွာအုပ်စုများရှိ စေတနာ့ဝန်ထမ်းများအား သင်တန်းပို့ချခြင်းအခမ်းအနားကို မေ ၂၂ ရက်က အလက(၁)ထခွဲ နဝရတ်ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ CESVI အဖွဲ့သည် နမ့်ဆန်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများကို ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် မိခင်ကလေးကျန်းမာရေးအတွက် ကာကွယ်စောင့်ရှောက်ရေး စီမံချက်များကို ကျေးရွာတွေအထိကွင်းဆင်းဆောင်ရွက်ခြင်း၊ အမှန်တကယ်ရောဂါဖြစ်နေသည့် လူနာများကို ဆေးဝါးအခမဲ့ဖြန့်ဝေခြင်း၊ ရောဂါကုသရန် ငွေကြေးမတတ်နိုင်သည့်လူနာများကို ဆေးရုံသို့အလျင်မီရောက်ရှိနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသင်တန်းကို ကျေးရွာ/ကျေးရွာအုပ်စုများမှ သင်တန်းတက်ရောက်သူပေါင်း ၅၀ ခန့်ရှိ ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တန့်ယန်း-လားရှိုးလမ်းပေါ်ရှိ ခိုယောင်းတံတားဖွင့်

**တန့်ယန်း မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော တန့်ယန်း-လားရှိုးလမ်းပေါ်ရှိ ဟိုယ-တန့်ယန်းလမ်းအပိုင်း၏ တံတားအမှတ်(၁/၃၀)ခိုယောင်းတံတားကို မေ ၂၁ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါတံတားမှာ အရှည် ၂၅ ပေ၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ် သန်း ၈၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး**

PUN HLAING SILOAM HOSPITALS

အရိုးအကြောနှင့်ကျီးပေါင်းရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း

အရိုးအကြောနှင့်ကျီးပေါင်းရောဂါဆိုင်ရာစစ်ဆေးကုသမှုများအတွက်နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ.....

မေလ ( ၂၈ ) ရက်နေ့မှ ( ၃၁ ) ရက်နေ့အထိ

မလေးရှားနိုင်ငံမှ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော အထူးကုဆရာဝန်ကြီးမှ

- လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးဆစ်ရိုးနာ၊ အကြောညပ်စသောကျောရိုးဆစ်ရောဂါများ (Minimally Invasive Spine Surgery)
- မှန်ပြောင်းဖြင့်အဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးကုသခြင်းများ (Total Hip and Knee Replacement) နှင့်
- အခြားအရိုးအကြောဆိုင်ရာကုသခြင်းများကိုလာရောက်ဆွေးနွေးတိုင်ပင်ကုသပေးမည်ဖြစ်ပါသည်။

LIKE US ON facebook Pun Hlaing Hospital

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com

မြေကွက်ရောင်းမည်

ပြင်ဦးလွင် ရပ်ကွက်ကြီး (၁၂) ရှိ အသင့်နေထိုင်သော ဘန်ဂလိုငယ်ပါသည့် လူနေရပ်ကွက် ဧရိယာအတွင်းရှိ ၄၀ ( 70'x 80') မြေကွက်အား အမြန်ရောင်းမည်။

ဈေးနှုန်း - (450) သိန်း

ဆက်သွယ်ရန် - 09-250136302

Myanmar Nissenken Co.,Ltd

Japanese Language အရည်အချင်းရှိသူ အမြန်အလိုရှိသည်။

No.343, ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

Ph: 09-253528387, 09-253528389

ကျား/မ (၅)ဦး

အထည်ချုပ်အတွေ့အကြုံရှိသူနှင့် Accounting အတွေ့အကြုံရှိသူနှင့် ၎င်းအတွေ့အကြုံမရှိသော်လည်း Japan စာ အရည်အချင်းရှိသူ အလိုရှိပါသည်။

ခန့်မှန်းလစာ (၃)သိန်းမှ (၆)သိန်းအထိ (မိမိအရည်အချင်းပေါ်မူတည်သည်။)

လျှောက်ထားလိုသူများသည် ဖုန်းဖြင့် အရင်ဆက်သွယ်ရန်နှင့် လျှောက်ထားမည့်သူပေါ်မူတည်ပြီး အင်တာဗျူးရက်ကို သတ်မှတ်ပါမည်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်လမ်းဆုံ၊ အမှတ်(၅၂)၊ ဧရိယာ ( ၂၇´ × ၅၀´ ) အကျယ်ရှိ မြေနှင့်အိမ်သည် ကျွန်မ ဒေါ်မြမြသီ (၁) ဒေါ်မဥ္စူသင်း ( ၁၂/ရကန (နိုင်) ၀၃၀၃၃၈ ) ဝယ်ယူပိုင်ဆိုင်ထားသောမြေနှင့်အိမ် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မြမြသီ (၁) ဒေါ်မဥ္စူသင်း ( ၁၂/ရကန (နိုင်) ၀၃၀၃၃၈ )

အမှတ် (၇၀၈)၊ နှင်းဆီလမ်း၊ ဂ-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**ကချင်ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့နယ်(၂၉)မြို့နယ်တွင် မြို့ပြတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ ရက်
(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၁၂-၆-၂၀၁၅ ရက်
(ဂ) တင်ဒါတင်သွင်းမည့်နေရာ - ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊မြစ်ကြီးနားမြို့
(ဃ) **ဆက်သွယ်ရန်ဖုန်း-၀၇၄-၂၀၄၂၇၊ ၀၉-၆၄၀၀၉၈၀**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ကချင်ပြည်နယ်၊ မချမ်းဘော့-ဖရုခ-နောင်မွန်လမ်းပေါ်ရှိ တံတားအမှတ် (၁/၁)၊ မလိခတံတား (မချမ်းဘော့)တွင် အသုံးပြုရန်အတွက် Main Cable ကြိုးနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၅-၆-၂၀၁၅ ရက်
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်၊ အချိန်** - ၁၀-၆-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၄၆၅**

**ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တောင်ကြီးမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ တည်ဆောက်ဆဲ (၇၁ပေ×၄၂ပေ)ရှိ သံကူကွန်ကရစ် လေးထပ် အဆောက်အအုံအား အပြီးသတ်ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| တည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|
| ပြည်နယ်ရုံး | တည်ဆောက်ဆဲ(၇၁ပေ×၄၂ပေ)သံကူကွန်ကရစ်(၄)ထပ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၅-၂၀၁၅ရက်မှ ၂-၆-၂၀၁၅ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၅ရက် နံနက် ၁၀း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအတွင်း တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၁၂၁၃၄၅၊ ၀၈၁-၂၁၂၁၀၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် (ဒုတိယအကြိမ်အဖြစ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း(၅)ခုအပါအဝင် ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) ခရိုင်ရုံး (၃) ရုံးတည်ဆောက်ခြင်း (လွိုင်လင်/လင်းခေး/မိုင်းဆတ်)
(ခ) PVC နှင့် GI ပိုက်များဝယ်ယူခြင်း
(၄"Ø၊ ၃"Ø၊ ၂"Ø၊ ၁½"Ø PVC)ပိုက်များ
(၂"Ø GI၊ ၁½"Ø GI)ပိုက်များ

၂။ (က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက် (တနင်္လာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၄-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၅-၆-၂၀၁၅ ရက် (ကြာသပတေးနေ့)
၃။ အသေးစိတ်သိရှိလိုသည့်အချက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖုန်း-၀၈၁-၂၁၂၄၂၅၀၊၀၈၁-၂၁၂၄၄၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ရွှေအင်ကြင်းရပ်ရှိ ပေ(၁၀၀×၁၀၀) မြေကွက်အမှတ်(ဒ-၂၆၅၁)၊ ဧရိယာ(၀.၂၂၉) ဧကအား ဦးစိန်လွင်(ဘ)ဦးသန်းနိုင် ၁၂/မရက(နိုင်)၁၁၂၁၄၅ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ၈-၃-၂၀၁၂ရက်စွဲပါ စာအမှတ်၇၂၇/၁၈-၁/နပတ(မြို့/မြေ)ဖြင့် ပါမစ်မြေအမည်ပြောင်းမိန့်ထုတ်ပေးခဲ့ပြီး အဆိုပါ ပေ(၁၀၀×၁၀၀) မြေကွက်အမှတ်(ဒ-၂၆၅၁)၊ ဧရိယာ(၀.၂၂၉)ဧက၏ အမည်ပြောင်းမိန့်မူရင်း ပျောက်ဆုံးသွားပါ၍ ဦးစိန်လွင်(ဘ)ဦးသန်းနိုင် ၁၂/မရက(နိုင်)၁၁၂၁၄၅မှ မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးစိန်လွင် အမည်ပေါက် မြေကွက်အမည်ပြောင်းလဲသတ်မှတ်ပေးသည့် အမည်ပြောင်း မြေပေးမိန့် မူရင်းအားပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းမြေပေးမိန့် မိတ္တူမှန်ထုတ်ပေးသွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**
**အိတ်ဖွင့်လေလံခေါ်ယူခြင်း**

၁။ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ အသုံးမပြုတော့သည့် အဆောက်အအုံဟောင်း သုံးလုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာများကို ၂၈-၅-၂၀၁၅ ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။
၂။ အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၅-၂၀၁၅ ရက်မှစတင်၍ ဆေးရုံအုပ်ကြီးရုံးတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၂၁၀၁၃ နှင့် -၀၁-၂၂၂၈၁၁ (လိုင်းခွဲ)၃၃၃၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရောင်းချရေးကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**

**မသန်စွမ်းသူများအတွက် (အထူး)အခွင့်အရေးကောင်း**
**အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသား/သူခေါ်ယူခြင်း**

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR Japan မှ အဆင့်မြင့် ဂျပန်နည်းပညာစက်ချုပ်၊ ဆံသအလှပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းများကို တစ်နှစ်လျှင် (၃)ကြိမ်အခမဲ့ ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ အသက်(၁၈)နှစ်မှ (၄၀)အတွင်း လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်း အဆောင်တွင် နေထိုင်နိုင်သူဖြစ်ရမည်။ သင်တန်းသား /သူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/ဆရာမများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။လျှောက်လွှာများကို AAR Japan အသက်မွေးဝမ်းကျောင်းတွင် အခမဲ့ရယူနိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။

တတိယအပတ်စဉ် ၂၀၁၅ ခုနှစ်သင်တန်းအတွက်
**လျှောက်လွှာပိတ်မည့်ရက်** - ၃၀-၆-၂၀၁၅ ရက်
**သင်တန်းကာလ** - ၁-၉-၂၀၁၅ ရက်မှ ၁၅-၁၂-၂၀၁၅ ရက်အထိ
**ဆက်သွယ်စုံစမ်းရန်လိပ်စာ- AAR Japan မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၃၄၃၇၀၁**

**ပြည်တွင်းအခွန်များဦးစီးဌာန**
**အငယ်တန်းစာရေးနှင့် ရုံးအကူ/စာပို့ရာထူးနေရာများအတွက်**
**ရွေးချယ်ခံရသူများစာရင်းထုတ်ပြန်ခြင်း**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) ရရှိသော အငယ်တန်းစာရေးရာထူးနှင့် လစာနှုန်းကျပ် (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရရှိသော ရုံးအကူ/စာပို့ရာထူးနေရာများအတွက် ၇-၅-၂၀၁၅ ရက်တွင် လူတွေ့နှုတ်ဖြေစစ်ဆေးခဲ့ပြီး ရွေးချယ်ခံရသူ (၈၈)ဦး ၏ ခုံအမှတ်များ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ရုံးအကူ/စာပို့ ပတခ-၃၄၊ ၃၆၊ ၃၇၊၄၄၊၆၈၊၁၁၆၊၁၂၂၊ ၁၂၄၊၁၃၇၊ ၁၆၄၊၁၇၅၊၂၁၂။
(ခ) စစ်ကိုင်းတိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ စက-၁၀၊ ၄၉၊ ၅၆၊ ၃၆၉၊၄၈၅။
(ဂ) ပဲခူးတိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ ပခ-၁၉၊ ၅၀၊ ၁၆၄၊ ၁၉၁၊ ၁၉၃။
(ဃ) မွန်ပြည်နယ်၊ အငယ်တန်းစာရေး၊ မွန်-၄၊ ၂၆၊ ၃၇၊ ၆၃။
(င) ရခိုင်ပြည်နယ်၊ အငယ်တန်းစာရေး၊ ရခ-၁၈၊ ၁၉၊ ၉၅၊ ၁၀၂။
(စ) ရန်ကုန်တိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ ရက-၁၊ ၃၈၊ ၄၀၊ ၄၁၊ ၅၃၊ ၁၀၀၊ ၁၀၆၊ ၁၃၆၊ ၂၃၀၊ ၂၄၆၊ ၃၁၂၊ ၃၅၃၊ ၃၆၀၊ ၃၇၈၊ ၄၀၂၊၄၁၂၊ ၄၄၃၊ ၄၆၈၊ ၅၃၂၊ ၅၉၁၊ ၆၃၄၊ ၇၀၄၊ ၇၅၁၊ ၇၉၇၊ ၈၀၆၊ ၈၆၀၊ ၉၅၀၊ ၁၀၃၀၊ ၁၀၅၀၊ ၁၁၀၂၊ ၁၁၇၃၊ ၁၂၂၆။
ရုံးအကူ/စာပို့၊ ရက-၁၁၁၀၊ ၁၂၆၇၊ ၁၂၈၂၊ ၁၂၈၈၊ ၁၃၀၆၊ ၁၃၁၆၊ ၁၃၁၇၊ ၁၃၁၈၊ ၁၃၅၅၊ ၁၄၀၀၊ ၁၄၁၇၊ ၁၄၄၃။
(ဆ) ရှမ်းပြည်နယ်၊ အငယ်တန်းစာရေး၊ ရှမ်း-၁၁၊၅၂၊ ၈၁၊၁၁၂၊ ၁၁၈၊ ၁၂၉၊ ၁၄၈၊ ၁၉၉၊ ၂၄၀၊ ၂၄၁။
(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ အငယ်တန်းစာရေး၊ ဧရာ-၁၀၊ ၅၂၊ ၅၃၊ ၇၀။

၂။ ရွေးချယ်ခံရသူများသည် ၂၅-၅-၂၀၁၅ ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း မိမိ ဖြေဆိုခဲ့သည့် သက်ဆိုင်ရာ နေပြည်တော်(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ သတင်းပို့ရမည်ဖြစ်ပြီး သတင်းပို့ရန် ပျက်ကွက်ပါက ရွေးချယ်ခန့်ထားမည်မဟုတ်ပါ။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**မွန်ပြည်နယ်-မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် (၁၁)ကေဗွီဓာတ်အားလိုင်းအသစ်များ သွယ်တန်းခြင်း၊ (၁၁/၀.၄) ကေဗွီဓာတ်အားခွဲရုံအသစ်များတည်ဆောက်ခြင်း၊ (၄၀၀)ဗို့ဓာတ်အားလိုင်းသစ်များတည်ဆောက်ခြင်း၊ စံမမီဓာတ်အားလိုင်းများအား ကွန်ကရစ်တိုင်၊ သံလက်တန်းနှင့် ကြိုးများလဲလှယ်ခြင်းလုပ်ငန်းများတို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသည်။

**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ရက်မှ ၁၅-၆-၂၀၁၅ရက်၊ ၁၆း၀၀ နာရီအထိ
**တင်ဒါသွင်းရမည့်ရက်** - ၁၅-၆-၂၀၁၅ ရက်မှ ၁၅-၇-၂၀၁၅ ရက်အထိ
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၂၂၄၊ ၀၉-၈၇၂၅၅၇၁၊ ၀၉-၈၇၂၅၅၇၂၊ ၀၉-၃၆၁၁၉၈၂၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Asia-Pacific Broadcasting Union (ABU) တို့ ပူးပေါင်းစီစဉ်သည့် ABU Radio Song Festival 2015 ကို ၂၀၁၅ ခုနှစ် မေ ၂၉ ရက် ညနေ ၆း၀၀ နာရီမှ ၉း၀၀ နာရီအထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံမှ အနုပညာရှင်များ ပါဝင်သီဆိုကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပါသည်။ ယခုလို မြန်မာနိုင်ငံတွင် ထူးထူးခြားခြားကျင်းပသည့် အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးကြရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း-၀၉-၅၁၈၈၅၀၄ နှင့် ဖုန်း-၀၆၇-၇၉၃၇၄၊ Fax: 06779205 email.irmrtv @ gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ချင်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဟားခါးမြို့နယ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ဝန်ထမ်းအိမ်ရာ (25' x 102' x 18' h)RC လေးခန်းတွဲ နှစ်ထပ် (၄) လုံး (ရေ/မီးစနစ်အပါ)
၂။ (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၅ ရက် (ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၅-၆-၂၀၁၅ ရက်၊ ညနေ ၄နာရီ
(ဂ) **တင်ဒါပေးသွင်းမည့်နေရာ** - ပြည်နယ်ဦးစီးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟားခါးမြို့
(**မှတ်ချက်** - ၂၀၁၅ခုနှစ် အောက်တိုဘာ ၃၁ ရက် (အပြီးသတ်) တည်ဆောက်နိုင်ရမည်)
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၂၄၂၀**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော Relay, Transformer Accessories and Security Light များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

**သတ္တုတွင်းဝန်ကြီးဌာန**
**အမှတ်(၂) သတ္တုတွင်းလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

ဆေးနှင့်ဆေးဝါးပစ္စည်း၊ ရုံးအသုံးအဆောင်၊ ဧည့်ရိပ်သာ၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ အထွေထွေလုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုထည့်အိတ်ခွံ၊ ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ

၂။ **တင်ဒါပုံစံထုတ်ပေးရက်** - ၂၂-၅-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်ရက်** - ၂၂-၆-၂၀၁၅ ရက်၊ ၁၅း၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် နယ်စီမံကိန်း၊ ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်-
(က) အမှတ် (၂) သတ္တုတွင်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် (၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ) နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး (ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၆၇- ၂၂၁၂၆
(ဂ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၅၆-၂၁၀၂၉
(ဃ) မော်ချီးသတ္တုတွင်းစီမံကိန်းရုံး၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၇၆
(င) အထွေထွေမန်နေဂျာရုံး (ကယား၊ ရှမ်း၊ မန်း)၊ မန္တလေးမြို့၊ ဖုန်း-၀၂-၅၉၈၇၅
(စ) တနင်္သာရီတိုင်းဒေသကြီး၊ တိုင်းအထွေထွေမန်နေဂျာရုံး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၁၀၀
(ဆ) တနင်္သာရီတိုင်းဒေသကြီး၊ ဒု-တိုင်းအထွေထွေမန်နေဂျာရုံး၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၂၂၉၄

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ် (၂)၊ သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်**

# မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်း

မြန်မာနိုင်ငံတွင် လက်ရှိ ကျင့်သုံးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ သည် ခေတ်နှင့်လိုက်လျောညီထွေရှိစေရန် Asian Development Bank(ADB)၏ အကူအညီဖြင့် အသစ်ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးဆွဲပြီးဖြစ်သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ မူကြမ်းများအား www.dica.gov.mm တွင် ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင်အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်းဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) 12 mm MS Plate ၁၀၀ တန်
(ခ) 75 KW,5MGD Low Lift Pump ၂ စုံ
(ဂ) Automatic Air Valve,Check Valve ၄၁ လုံး
(ဃ) မြက်ဖြတ်စက် ၂ စီး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁-၆-၂၀၁၅ ရက် ၁၆:၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ (ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ စံချိန်မီ အ·မ·က၊ စတုတ္ထတန်းမှ မဖြိုးသီရိဇော်၏ဖခင်အမည်မှန် မှာ ဦးစောအောင် ၁၂/ကတန(နိုင်)၀၉၁၅၀၇ ဖြစ်ပါကြောင်း။

**ဦးစောအောင်**

## အမည်ပြောင်း

ဦးစိုးလွင်(ခ)ဦးဖိုးလုံး ၉/လဝန(နိုင်)၀၆၁၈၃၉၏သား နေပြည်တော် လယ်ဝေးမြို့ အထက(၁)ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော မောင်စည်းစိမ်ဟန်အား မောင်စည်းဇိမ်ဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စည်းဇိမ်ဟန်**

## အမည်ပြောင်း

ဦးစိုင်းဆေဟန် ၁၃/လခန(နိုင်)၀၂၅၅၀၈၏သမီးပင်လုံမြို့၊ အထက(၂)မူလွန်စတုတ္ထတန်းမှ နန်းစင်ဟွမ်ဟိန်းအားယနေ့မှစ၍ နန်းစင်ဆိုင်မွေဟု ပြောင်းလဲခေါ်ပါရန်။

**နန်းစင်ဆိုင်မွေ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | FQ(1)Machinery Spare Parts/ IRR/2015-2016 | Machinery Spare Parts | 1 Lot | USD |
| 2. | 2(Q)Survery Equipments/Local Purchase/IRR/2015-2016 | Survery Equipments | 1Lot | Kyat |
| 3. | 3(Q)Deformed Bar/Local Purchase/IRR/2015-2016 | Deformer Bar | 1Lot | Kyat |
| 4. | 4(Q)Battery/Local Purchase/IRR/2015-2016 | Battery | 1Lot | Kyat |
| 5. | 5(Q)Tyre/Local Purchase/IRR 2015-2016 | Tyre | 1Lot | Kyat |
| 6. | 6(Q)Lubricants/Local Purchase/IRR/2015-2016 | Lubricants | 1Lot | Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၃၁၆၊ ၀၆၇-၄၁၀၃၁၇**

## ယာဉ်မောင်းဝန်ထမ်းအလိုရှိသည်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ အမှိုက်သိမ်းယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ယန္တရားများအား မောင်းနှင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် လျှောက်ထားနိုင်ပါသည်-

(က) ယာဉ်မောင်းလုပ်သက် (၁)နှစ်ရှိသူဖြစ်ရမည်။
(ခ) ယာဉ်မောင်းလိုင်စင်(ခ) ကိုင်ဆောင်ထားသူဖြစ်ရမည်။
(ဂ) အသက်(၂၀)မှ (၄၅)နှစ်ကြား ဖြစ်ရမည်။
(ဃ) အခြေခံပညာအလယ်တန်းအဆင့် ပညာသင်ကြားဖူးသူဖြစ်ရမည်။
(င) နေ့/ညအချိန်မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်ထားသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မော်တော်ယာဉ်ဌာနခွဲ၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ အလုံမြို့နယ်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်သည်။

၃။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး ယာဉ်မောင်းဝန်ထမ်းခန့်ထားခံရပါက သတ်မှတ် အခြေခံလစာအပြင် နေထိုင်ရန် လိုင်းခန်းစီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မော်တော်ယာဉ်ဌာနခွဲ ဖုန်း-၅၀၄၈၉၃၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန**

## အမည်ပြောင်း

ဦးညွန့်မောင်၏သား မျိုးမင်းဇော် ၉/ကဆန(နိုင်)၁၀၅၉၂၃ အား ယနေ့မှစ၍ မိုးဇော်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မိုးဇော်အောင်**

## အမည်ပြောင်း

ကျောက်တန်းမြို့၊ အထက(၂)ပထမတန်းအောင် ကျောင်းသူ မဝင်းမို့မို့ကျော်(ဘ) ဦးမြင့်ဌေး ကျောင်းဝင်အမှတ်(၄၁/၁၃)အား မဝင်းမို့မို့ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ် ဒူးယားအထက နဝမတန်းတွင် ပညာသင်ကြားနေသော မပပလင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ဖြစ်ပါသည်။

**ဦးအောင်ထွန်း ၁၄/ဟသတ(နိုင်)၀၇၈၅၇၄**

## အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် MyanmarV-Pile Co.,Ltd. မှ ဆောင်ရွက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိတိုက်ခန်းများအား ၂၀၁၅ ခုနှစ် ဇွန်လမှစတင်၍ တိုက်ခန်းဝယ်ယူထားသူများထံသို့ အခန်းအပ်နှံမည်ဖြစ်ပါသဖြင့် တိုက်ခန်းဖိုးအရစ်ကျငွေသွင်းထားသူများအနက်မှ နောက်ဆုံးအရစ်ပေးသွင်းပြီးတိုက်ခန်းဖိုး ငွေကျေသူများအား ဌာနမှအဆောက်အအုံနေထိုင်ခွင့်စာချုပ်များ ချုပ်ဆိုထုတ်ပေးသွားမည်ဖြစ်ပါသောကြောင့် အင်ဂျင်နီယာဌာန (အဆောက်အအုံ)နှင့် လာရောက်ဆက်သွယ်ပါရန်နှင့် တိုက်ခန်းဖိုးငွေပေးချေရန် ကျန်ရှိသူများအနေဖြင့်လည်း တိုက်ခန်းဖိုးငွေများ သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/2760, MITSUBISHI CANTER TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာထွန်း ၁၂/သလန(နိုင်)၀၀၀၃၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

## အမည်ပြောင်း

ဦးလှိုင်မြင့်၏သမီး ခရမ်းမြို့နယ် အမက (၈)၊ စတုတ္ထတန်းအောင်မှ မသန္တာဆွေမြင့်အား ယနေ့မှစ၍ မဆန်းလှရတနာဟု ပြောင်းလဲခေါ်ပါရန်။

**မဆန်းလှရတနာ**

## ဦးချစ်ခိုင် ၉/အမရ(နိုင်)၀၁၆၆၇၅ နှင့် အများသိစေရန် ရှင်းလင်းအသိပေးကြေညာခြင်း

တောင်သမန်သစ္စာကုမ္ပဏီလီမိတက်အနေဖြင့် ဦးချစ်ခိုင်နှင့်၄င်းရှေ့နေများ၏ ၃-၅-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်နှင့်စပ်လျဉ်းပြီး အများပြည်သူသို့ ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

တောင်သမန်သစ္စာကုမ္ပဏီလီမိတက်သည် တောင်သမန်အင်း၏ အရှေ့တောင်ဘက် ဦးပိန်တံတား၏ တောင်ဘက်ပေ ၁၉၀၀ ကျော်အကွာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တောင်သမန် ကျေးလက် Resort တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါစီမံကိန်းမြေနေရာသည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကွင်းအမှတ် (၅၉၂)ရှိ ကိုင်းမြေ ဧက ၄၀ ဒသမ ၂၇ ပေါ်တွင် သက်ဆိုင်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ကို လယ်ယာမြေ ဥပဒေပုဒ်မ-၂၉ နှင့် ၃၀တို့အရ အဆိုပါစီမံကိန်း တည်ဆောက်ရန်အတွက် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ပါသည်။

ယခုတည်ဆောက်မည့်စီမံကိန်းမြေနေရာသည် တောင်သမန်အင်း၏ ရေပြင်ဧရိယာပေါ်တွင် တည်ဆောက်ခြင်းလုံးဝမဟုတ်ပါ။ကိုယ်ပိုင်တရားဝင်ရရှိထားသော မြေပေါ်တွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပါသည်။ လတ်တလောကာလတွင် စီမံကိန်းဧရိယာအတွင်းရှိ သဘာဝပေါက်ရောက်သစ်ပင်ကြီးများအား ရေရှည်တည်တံ့ ထိန်းသိမ်း မည်ဖြစ်သည့်အပြောက် ရာသီဥတု၊ ဒေသနှင့် လိုက်လျောညီထွေမှုရှိသော အပင်များအား ဆက်လက်စိုက်ပျိုးသွားပါမည်ဖြစ်ရာ၊ စီမံကိန်းအတွင်း ရေအသုံးပြုမှုစနစ်၊ လေထုအရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင် သယံဇာတများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ- ၁၀ ပါစံချိန်စံညွှန်းများအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်လည်းဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တောင်သမန်ကျေးလက် Resort တည်ဆောက်ရေးစီမံကိန်းအတွက် သက်ဆိုင်ရာဌာနအသီးသီး၏ ထောက်ခံချက်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သတ်မှတ်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်လျှောက်ထားခဲ့ပြီး လုပ်ဆောင်ခွင့်ပြုချက်အား ၅-၃-၂၀၁၅ ရက်တွင် ဥပဒေနှင့်အညီ တရားဝင်ရရှိထားပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုစီမံကိန်းလုပ်ငန်းအား သတ်မှတ်ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း အင်းလုပ်ပိုင်ခွင့်ရ ဦးချစ်ခိုင်သိရှိစေရန်နှင့် ဖော်ပြပါအတိုင်း လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသို့ ရှင်းလင်းကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးမြတ်သူ**
**LL.B, Dip.in Business Law**
**Consultant of Companies,**
**Executive Consultant of Taung Tha Man Thit Sar Co.,Ltd.**
**Head Office "The Balance"a Legal Group**
**အမှတ် F-9၊ လမ်း ၆၀၊ ၃၂ လမ်းထောင့်၊ ရတနာတိုင်းပြည်အိမ်ရာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၇၉၂၁၁၈၇၅၈**

## အသိပေးကြေညာချက်

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၈ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိ တိုက်ခန်းများအား ၂၀၁၅ ခုနှစ် ဇွန်လတွင် အပ်နှံနိုင်မည်ဖြစ်သဖြင့် ကမ္ဘောဇဘဏ်လီမိတက်နှင့်ချိတ်ဆက်၍ ဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူထားသူများသည် မိမိတို့ဝယ်ယူထားသည့် တိုက်ခန်းများအတွက် အောက်ပါအချက်အလက်များ လိုက်နာဆောင်ရွက်ရန် အသိပေးအပ်ပါသည်-

(က) ဘဏ်သို့ပေးသွင်းရမည့်ငွေများအား သတ်မှတ်ရက်အတွင်း မပျက်မကွက် အချိန်မီပေးသွင်းရန်
(ခ) တိုက်ခန်းအတွက် ဘဏ်နှင့်ချိတ်ဆက်ဝယ်ယူစဉ် ချုပ်ဆိုထားသော စာချုပ်အရ တစ်နှစ်လျှင် တစ်ကြိမ် မီးအာမခံထားရှိရေး Myanmar V-Pile Co.,Ltd. နှင့် ဆက်သွယ်ဆောင်ရွက်ရန်
(ဂ) တိုက်ခန်းသော့နှင့် နေထိုင်ခွင့်စာချုပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ Myanmar V-Pile Co.,Ltd. နှင့်ကမ္ဘောဇဘဏ်လီမိတက်တို့၏ တာဝန်ရှိသူတို့မှ သီးခြားအစီအစဉ်အဖြစ် အပ်နှံမည်ဖြစ်ပါ၍ ဝယ်ယူခွင့်ရရှိသူကိုယ်တိုင်မှတ်ပုံတင်နှင့်အတူ လာရောက်ထုတ်ယူပေးရန်နှင့် ကိုယ်တိုင်ထုတ်ယူခြင်းမရှိပါက တိုက်ခန်းလွှဲပြောင်းပေးအပ်မည်မဟုတ်ပါ။

၂။ ဘဏ်နှင့်ချိတ်ဆက်၍ ဝယ်ယူသူများအတွက် တိုက်ခန်းများအပ်နှံမည့် ရက်နှင့်အချိန်တို့အား ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်မှန်

တောင်ကြီးမြို့၊ အထက(၃)၊ နဝမတန်း(ဃ)အောင်မှ မဆွေဆွေမြင့်၏ မွေးသက္ကရာဇ်မှန်မှာ ၇-၁၂-၁၉၉၉ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

လှိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်နေ ဦးအောင်မြင့်၏သမီး ဒေါ်ဖြူဖြူခိုင် ၂/လကန(နိုင်) ၀၀၆၅၉၀ အား ယနေ့မှစ၍ ဒေါ်သီတာဦးဟု ပြောင်းလဲခေါ်ပါရန်။

**ဒေါ်သီတာဦး ၂/လကန(နိုင်)၀၀၆၅၉၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ မိုင်း(၂၇၁)နေ ဒေါ်စန်းစန်းဦး၏သမီး မသီတာဆွေနှင့် မသီတာသင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မသီတာဆွေ(ခ)မသီတာသင်း**

## (၃၆)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေဒေါက်တာမြင့်ဌေး(ဒု-ညွှန်မှူး(ငြိမ်း)တိ-မွေး-ကု) နှင့် ချစ်မေမေ ဒေါ်အမာတင် (သမ-ဦးစီး(ငြိမ်း))တို့၏ (၂၄-၅-၂၀၁၅) တွင် ကျရောက်သော မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါး ပြည့်စုံ ချမ်းမြေ့သော ဘဝခရီးကို ချစ်သောမိသားစုနှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သား နှင့် ချစ်သမီးများ

- ~ ဦးမျိုးကျော်သူ(အထက်တန်းရှေ့နေ)+ဒေါ်ဂျူလိုင်နွယ်
- ~ ဒေါ်ဝါရီနွယ်(ဒု-မြို့နယ်ဥပဒေအရာရှိ)
- ~ ဒေါက်တာဖူးဖူးမြင့်ဌေး M.B.B.S (Mdy)
- ~ ချစ်မြေးများ - မသီရိရတနာကျော်၊ မောင်အောင်မျိုးဟိန်း၊ မရွှေရည်မင်း

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့လမ်းမတော်မြို့နယ်၊သရက်တောကျောင်းတိုက်၊မွှာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါနပါဝင် လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍နှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ၁။ ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ အခန်းတံခါး | ၂ သိန်း |
| ၃။ ရေချိုးခန်း | ၃ သိန်း |
| ၄။ ကုဋီတစ်ခန်း | ၅ သိန်း |
| ၅။ အဝင်တံခါးမကြီးတစ်စုံ | ၇ သိန်း |
| ၆။ သံကူကွန်ကရစ်လှေကားတစ်စုံ | ၉ သိန်း |
| ၇။ သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ သံဃာလေးပါးနေ တစ်ခန်း | ၂၀ သိန်း |
| ၁၀။ မုခ်ဦး | ၃၀ သိန်း |
| ၁၁။ ဘုရားခန်း | ၅၀ သိန်း |
| ၁၂။ စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၃။ ဆွမ်းစားဆောင် | ၃၅၀ သိန်း |
| ၁၄။ ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၅။ ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၆။ စာချဆရာတော်များနေ တစ်ခန်း | ၂၅ သိန်း |
| ၁၇။ စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀ သိန်း |
| ၁၈။ သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ သိန်း |

အလှူရှင်များကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
မွှာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း -၀၁-၇၀၈၈၇၄၊၀၉-၈၆၃၀၅၁၆

ဦးတေဇိန္ဒ -ကမ္ဘောဇဘဏ်၊ဗဟိုစည်လမ်းမတော်
(Account No.061-301-06100921001)
ရိုးမဘဏ်၊ဘုန်းကြီးလမ်း၊လမ်းမတော်
(Account No.021-31-501798-9) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**၂၀-၄-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးမင်းလတ်ဟန်၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဇေယျာဝင်း LL.B, D.B.L ၏**

## အများသိစေရန်ကြေညာချက်အပေါ် ပြန်လည်တုံ့ပြန်ကြေညာခြင်း

ဦးမင်းလတ်ဟန်က အထက်ရက်စွဲပါသတင်းစာမှ ဒေါ်ချောမေအောင်အား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်းကို ဒေါ်ချောမေအောင် ၁၂/ကတတ(နိုင်)၀၂၆၃၆၆ က သဘောတူပါကြောင်း၊ အကြင်လင်မယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင်တွင် တစ်ဦး၏ကိစ္စအဝဝအား ကျန်တစ်ဦးအနေဖြင့် သက်ဆိုင်ခြင်းမရှိပါကြောင်း ပြန်လည်တုံ့ပြန်ကြေညာအပ်ပါသည်။

ဒေါ်ချောမေအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်ကျော်မြတ် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၇၀၀၉)
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်/ဦးပိုင်အမှတ် ၄၉၊ ဧရိယာ ၀ဒသမ၄၄၇ ဧကရှိ ဦးစံသာ အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်မိုးစန္ဒာမျိုးဦး(အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ၁၂/မဂတ(နိုင်)၀၁၃၈၀၂ (ဘ) ဦးမျိုးညွှန့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်ရှိ ပေ(၁၀၀×၁၀၀)၊ မြေကွက်အမှတ်(ဒ-၂၆၅၃)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကအား ဒေါ်ခင်စောအေး(ဘ)ဦးအေးမောင် ၁၄/ပသန(နိုင်)၀၁၇၆၈၃ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ၈-၃-၂၀၁၂ရက်စွဲပါစာအမှတ် ၇၂၇/၁၈-၁/နပတ(မြို့/မြေ)ဖြင့် ပါမစ်မြေအမည်ပြောင်းမိန့်ထုတ်ပေးခဲ့ပြီး အဆိုပါ ပေ(၁၀၀×၁၀၀)မြေကွက်အမှတ် (ဒ-၂၆၅၃)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧက၏ အမည်ပြောင်းမိန့် မူရင်းပျောက်ဆုံးသွားပါ၍ ဒေါ်ခင်စောအေး(ဘ)ဦးအေးမောင်၁၄/ပသန(နိုင်)၀၁၇၆၈၃မှ မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါ်ခင်စောအေး အမည်ပေါက် မြေကွက်အမည်ပြောင်းလဲသတ်မှတ်ပေးသည့် အမည်ပြောင်းမြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်း မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# မွေးနေ့ဆုမွန်

ဒေါက်တာ ဒေါ်စိန်စိန်အောင် ပါမောက္ခ(ဌာနမှူး)
မုံရွာတက္ကသိုလ်၏ မေ ၂၄ ရက်တွင် ရောက်ရှိသော
မွေးနေ့မှစ၍-
ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာ၍
တတ်သိပညာ ဖြန့်ဝေကာဖြင့်
ဘာသာ သာသနာ နှစ်ဖြာအကျိုး
ရွက်သည်ပိုး၍ ကောင်းကျိုးကိုယ်၌ တည်ပါစေ။

**ဒေါ်ကြည်ကြည်အေး(မုံရွာ)**
**သား-ဒေါက်တာအောင်ဟိဏ်းကျော်**

**သင်တန်းမှူးဆရာမ ဒေါ်ငွေရည်ဦးမှ နှစ်စဉ် ဓမ္မဒါနပို့ချနေသော သံသရာလမ်းညွှန် အဘိဓမ္မာ သင်တန်းများ ဖွင့်လှစ်ပါတော့မည်။**

| စဉ် | နေရာ | စတင်ဖွင့်လှစ်မည့်ရက် | အချိန် |
|---|---|---|---|
| ၁။ | မြို့တော်စည်ပင်မွှာရုံ ရွှေတိဂုံဘုရားလမ်း မဟာဝိဇယစေတီတော်ရှေ့ | ၃၀-၅-၂၀၁၅ (စနေနေ့) | နံနက် ၈ နာရီ |
| ၂။ | စိန္တာမယမွှာရုံ ကျောက်မြောင်းလမ်း အောင်မင်္ဂလာလမ်းမှဝင်ရန် | ၃၀-၅-၂၀၁၅ (စနေနေ့) | ညနေ ၆ နာရီ |
| ၃။ | ပန်းလှိုင်အရဏ်တော် ဝတ်အသင်းမွှာရုံ ဟုမ်းလမ်း (အာရုတော်ဝင်ဆေးရုံရှေ့) | ၂-၆-၂၀၁၅ (အင်္ဂါနေ့) | ညနေ ၆ နာရီ |

ဓမ္မမိတ်ဆွေအသစ်များအား ဖွင့်ပွဲနေ့သို့ မပျက်မကွက် ဆက်ဆက်တက်ရောက်စေလိုပါသည်။ ပညာအရည်အချင်း၊ အသက်၊ ကန့်သတ်ချက်မရှိပါ။ ဓမ္မဒါန ပို့ချမည်ဖြစ်ပါသည်။

**ဖုန်း-၀၉-၅၁၀၂၇၂၂၊ ၀၉-၅၁၅၁၈၁၈၊ ၀၉-၂၅၄၃၁၁၄၁၆**

**အကျိုးဆောင်အဖွဲ့**
**သံသရာလမ်းညွှန်အဘိဓမ္မာသင်တန်း**

## အများသိစေရန်ကြေညာချက်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျခတ်ငူကျေးရွာ၊ ကွင်းအမှတ်(၉၂၆)၊ လက်ပံကွင်း၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ ၀ ဒသမ ၃၀ဧက၊ ဟိန္ဒူဘုရားကျောင်းရှေ့ရှိ ဦးဘအို၊ ဘိုးတိုအောင်၊ မရွှေဒုတ်တို့သုံးဦးအမည်ဖြင့် ပြေစာထွက်ရှိသော ခြံမြေနှင့်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကိုပိုင်ဆိုင်သူ ဒေါ်တင်ရွှေထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွန်း ဖုန်း-၀၉-၈၇၀၁၅၃၀ က ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါခြံမြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှ တစ်လအတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးသန်းထွန်းထံသို့ဖြစ်စေ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ၄င်းရက်ကျော်လွန်ပါက ဆက်လက်၍အပြီးသတ်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ ၆-၄-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပိုင်ဆိုင်သူ ဦးငွေညွန့်ထံမှဟု မှားယွင်းဖော်ပြခဲ့မိပါသည်။ ဦးငွေညွန့်မှာ ခြံမြေပေါ်၌ နေထိုင်သူတစ်ဦးသာ ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်မြင့် LL.B, H.G.P
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)
အမှတ်(၁၆)၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ဇမ္ဗူသီရိမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၄**

| | | |
|---|---|---|
| ဒေါ်စီစီလင်း | **နှင့်** | ဦးမောင်မောင်ဇော် |
| **တရားလို** | | **တရားပြိုင်** |

ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ကံ့ကော် ၁ လမ်း၊ အိမ်အမှတ် (၁၆၁)နေ ဦးမောင်မောင်ဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(လင်းထိန်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဇမ္ဗူသီရိမြို့နယ်တရားရုံး**

## ပျောက်ဆုံး

ကျွန်တော် အောင်ကျော်မင်း ၇/အတန(နိုင်)၀၈၇၆၈၀၏ CDCနှင့် S/Dစာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၅၄၆၅၀၈**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/6975 Nissan Diesel 45 CW/Truck (8x4) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လင်း ၁၃/ရငန(နိုင်)၀၁၄၅၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၂၄၅၈ Toyota Harrier, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၁၁/ပတန(နိုင်)၀၀၀၀၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇င/၅၉၁၉ Nissan ADV 4/2, S/W, (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင်သန့်ဇင် ၁၀/ဘလန(နိုင်)၀၃၀၃၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၀၁၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၁**

| | | |
|---|---|---|
| ဒေါ်သိန်းသိန်းအေး (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဇော်) | **နှင့်** | ၁။ ဒေါ်နုနု<br>၂။ ဒေါ်ခင်ပပဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၇ရပ်ကွက်၊ မွှာရုံလမ်း၊ အမှတ် ၄၇၈/ကနေ ဒေါ်နုနု(ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅ရပ်ကွက်၊ ပင်းယ ၁၃လမ်း၊ အမှတ် ၄၁၆/ကနေ ဒေါ်ခင်ပပဝင်း(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းမြေနှင့် အဆောက်အအုံအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေရန် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၁၂အရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၁ရက် (၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

## ဦးစိုးပိုင် (ဥက္ကဋ္ဌ)

**Paing Family International Co.,Ltd** သည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သော ပို့ကုန်ထူးချွန် စီးပွားရေးလုပ်ငန်းရှင် နိုင်ငံ့ဂုဏ်ဆောင်ရည် (ပထမဆု)ကို ရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ETG EXPORT TRADING COMMODITIES PTE LTD

**ပျောက်ဆုံး**

ကျွန်တော် မောင်အောင်အောင်မင်း ၁၁/တကန(နိုင်)၀၉၇၇၇၆ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မောင်အောင်အောင်မင်း ဖုန်း-၀၉-၃၀၅၀၉၅၆၉**

## ၁၅-၅-၂၀၁၅ ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်နေ ဦးညာဏ်စိုး၏ ကြေညာချက်အပေါ် ကန့်ကွက်ဖြေရှင်းခြင်း

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မြင်းခြံမြို့၊ အမှတ် (၅) ရပ်ကွက်နေ ဦးကိုကိုဦး ထံဆက်သွယ်၍ မြင်းခြံမြို့မှ ကြက်သွန်နီများကို လူကြီးမင်းထံ တင်ပို့ပေးရန် ကမ်းလှမ်းပြောဆိုလာသဖြင့် လွန်ခဲ့သော လေးနှစ်ခန့်မှစ၍ ဆက်ဆံရောင်းဝယ်လုပ်ကိုင်ခဲ့ကြပါသည်။

မြင်းခြံမြို့မှ ကြက်သွန်နီများကို ဦးကိုကိုဦးက မိမိကိုယ်ပိုင်ငွေစိုက်ထုတ်ဝယ်ပြီး လူကြီးမင်းထံကားအစီးရေအများအပြား တင်ပို့ပေးသော်လည်း လူကြီးမင်းက ငွေလွှဲပေးသည့် ပမာဏကနည်းနေသဖြင့် ဦးကိုကိုဦးအား ပေးရန်ငွေအမြဲကျန်နေလေ့ရှိပါသည်။ နှစ်စဉ်ကြက်သွန်ရာသီကုန်ဆုံးသည့်တိုင် လူကြီးမင်းက ကျေလည်အောင်ရှင်းပေးလေ့မရှိခဲ့ပါ။

ပြီးခဲ့သော သင်္ကြန်မတိုင်မီကာလတွင် တစ်ဦးနှင့်တစ်ဦး စကားများအဆင်မပြေဖြစ်ကြရာမှ လူကြီးမင်းက သတင်းစာမှတစ်ဆင့် သုံးရက်အတွင်း မော်လမြိုင်သို့လာ၍ စာရင်းရှင်းရန် မရှင်းကတရားစွဲမည်ဟု ကြေညာခဲ့ပါသည်။

ကုန်ပစ္စည်းပေးပို့သူနှင့် ငွေပေးရန်ရှိသူတို့ နှစ်ဦးတွင် ငွေပေးရန်ရှိသူကသာ စာရင်းပြတ်အောင် ငွေရှင်းပေးရန် တာဝန်ရှိမည်ဖြစ်ပါလျက် လွန်ခဲ့သော သုံးနှစ်ကျော်ကတည်းက နေ့စဉ် တင်ပို့ရောင်းချလာသည့် စာရင်းဇယားကို သုံးရက်အတွင်းရှင်းရမည်ဟု တောင်းဆိုခဲ့သဖြင့် ဦးကိုကိုဦးက မိမိလက်ဝယ်တွင်ရှိသော စာရင်းဇယားများဖြင့် မြင်းခြံ-မော်လမြိုင် ကုန်စည်ဒိုင်လူကြီးများရှေ့မှောက်တွင် တင်ပြရှင်းလင်းခဲ့ပြီး လူကြီးမင်းထံမှ ရရန်ရှိငွေကိုလည်း တောင်းဆိုခဲ့ပြီးဖြစ်ပါသည်။မည်သည့်စာရင်းဇယားများမှားနေသည်ဟု လူကြီးမင်းထောက်ပြနိုင်ခြင်းမရှိသလို လူကြီးမင်းမှ တင်ပြမည်ဆိုသည့် စာရင်းဇယားများကို ယခုထိတင်ပြခြင်းမရှိသေးပါ။ လူကြီးမင်း တင်ပြမည်ဆိုသည့် စာရင်းဇယားများကို မြင်းခြံကုန်စည်ဒိုင်လူကြီးများထံမှတစ်ဆင့် တောင်းခံခဲ့သော်လည်း ယခုထိ တင်ပြခြင်းမရှိပါ။

လူကြီးမင်း၏ သတင်းစာကြေညာချက်များတွင် စာရင်းရှင်းပေးပါ။ မရှင်းရင် တရားစွဲမည်ဟု ဖော်ပြထားရာ လူကြီးမင်းနှင့် ဦးကိုကိုဦးတို့သည် အစုရှယ်ယာဝင်များမဟုတ်သလို ငွေပေးရန်ရှိသူက ကုန်ဖိုးရရန်ရှိသူကို တရားစွဲမည်ဆိုခြင်းမှာ ဥပဒေနှင့်မညီ ကျိုးကြောင်းဆီလျော်မှုမရှိပါ။ ဦးကိုကိုဦးအား ဂုဏ်သိက္ခာကျဆင်းအောင်နှင့် လူကြီးမင်းက ပေးရန်ရှိသော ငွေကိုမပေးလိုသဖြင့် တစ်ဖက်သတ်ကြေညာခြင်းဖြစ်ပါသည်။ နောက်နောင်တွင် ဦးကိုကိုဦး၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုကြေညာခြင်းပြုပါက သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကိုကိုဦး၏လွှဲအပ်ချက်အရ-**

**ဦးခင်မောင်ကြည်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၃)ရပ်ကွက်၊ မြင်းခြံမြို့**
**ဖုန်း-၀၉-၂၂၁၅၅၁၉၊ ၀၉-၄၃၁၄၅၄၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၉၃၆၉ Bu Jue 110 M/C ယာဉ်အမည်ပေါက် ဦးသန်းဇော်ထွန်း ၈/ခမန(နိုင်)၁၅၉၈၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## နို့တစ်ကြော်ငြာ

ဦးဘသန်း၊ ဒေါ်ကြေည် အမှတ် ၉၈၊ မဟာဗောဂလမ်း၊ ၈ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)သိစေရန်

ဦးသိန်းလွင် (WKA-၁၉၉၇၆၄) အမှတ် ၉၈၊ မဟာဗောဂလမ်း၊ ၈ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဤနို့တစ်စာဖြင့် အောက်ဖော်ပြပါအတိုင်း သိစေအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃(ကံဘဲ့)၊ မြေကွက်အမှတ် ၇၀[၃]၊ ဧရိယာ ၀.၁၁၀ ဧကရှိ နှစ်၃၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်ကို ဦးဘသန်းနှင့်ဒေါ်ကြေည်တို့က ဦးသိန်းလွင်အား ရောင်းချထားခဲ့ရာ ဦးဘသန်းနှင့်ဒေါ်ကြေည်တို့က ဦးသိန်းလွင် အားဤသတင်းစာတွင် နို့တစ်စာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် တောင်းဆိုလိုက်ပါသည်။ တောင်းဆိုသောရက်တွင် ဦးဘသန်းနှင့် ဒေါ်ကြေည်တို့က ဦးသိန်းလွင်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးခြင်းမပြုပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဤနို့တစ်စာဖြင့် အသိပေးလိုက်ပါသည်။

**ဦးသိန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစံမြ(ပုလော)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၇၁)**
**အမှတ် ၈၃၊ အခန်း(၁၀) ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၃၃၅၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ဦးတိုးတိုးနိုင်(၁၂/လမန(နိုင်)၀၄၂၃၅၇) ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသောရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်မာယလမ်း၊ အမှတ်(၂၈)၊ (ဘီ-၁)၊ ( ၁၆ × ၄၀ )ပေရှိ အခန်းအားငင်းထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးကျော်မိုး(၁၂/ကမတ (နိုင်)၀၄၁၄၂၁)က ၂၀၁၅ခုနှစ်၊ မေလ(၁၄)ရက်နေ့တွင်တိုက်ခန်းဖိုး ငွေအပြေအကျေပေးချေပြီး တိုက်ခန်းအား လက်ရောက်ရယူပြီး ဖြစ်ပါသည်၊ ထိုအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ အဆိုပါတိုက်ခန်းအားပိုင်ရေးပိုင်ခွင့်နှင့်ပတ်သက်ပြီးကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမြင့်ဦး (LL.B) ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄)၊ ပန်းပင်ကြီးလမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်၊**
**ဖုန်း - ၀၉၅၁၈၈၅၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၅၄၉၉ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးသန်း ၅/ဘတလ(နိုင်)၀၄၀၈၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၉၄၃၇၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးမင်း ၉/မနတ(နိုင်)၀၆၆၅၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀တောင်၊ မြေကွက်အမှတ်၂၁၇၃/ခ၊ မြေကွက်တည်နေရာအမှတ် ၂၁၇၃/ခ၊ ဇေယျာဝတီ(၄)လမ်း၊ ၁၀တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်စော အမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်ခင်စော(မိခင်)နှင့်ဦးအောင်မြင့် (ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဒေါ်မြမြစိန် ၁၂/သကတ(နိုင်)၀၅၃၉၁၅ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၄၄/၂၀၁၅)ရသူ ဒေါ်ခင်သန္တာထိုက် ၁၂/ဒပန(နိုင်)၀၀၈၈၇၂ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၉၆ခွဲ)၊ မြေကွက်တည်နေရာ အမှတ်(၉၆ခွဲ)၊ မေယု(၃)လမ်း၊ (ဒေါ်ရင်ရွှေ ၁၂/ဥကမနိုင်၁၁၆၇၅၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် အစ်မဒေါ်ရင်ရွှေ(အပျိုကြီး) ကွယ်လွန်သဖြင့် ဦးကြင်ဟန် ၁၂/ဥကမ(နိုင်)၁၂၉၈၃၂ က တစ်ဦးတည်းသောမောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲစခန်းထောက်ခံချက်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထေက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ် ၁၂၃ မြေညီထပ်နေ ဦးမြသိန်း ၁၂/ဥကတ(နိုင်)၁၀၁၂၄၀ နှင့် ဒေါ်မြင့်မြင့်အေး ၁၂/လမတ(နိုင်)၀၂၂၈၁၈တို့၏သား မောင်သက်နိုင်ထွန်း ၁၂/လသန(နိုင်)၀၂၁၈၀၃ သည် မိဘများ၏ဆိုဆုံးမစကားကို နားမထောင်ဘဲ မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမြသိန်း-ဒေါ်မြင့်မြင့်အေး**

## ဒေါ်ငွေးရီ
### ကညွတ်ကွင်း
### အသက်(၉၂)နှစ်

နွားထိုးကြီးမြို့နယ်၊ မကျည်းကန်ကျေးရွာနေ (ဦးထွန်းမြ-ဒေါ်ဖွားချို)တို့၏ သမီးကြီး၊ ကညွတ်ကွင်းမြို့နေ (ဦးဖိုးဖေ)၏ဇနီး၊ ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းမြို့၊ တောင်ကုန်းတဲရွာနေ (ဦးတင်အောင်-ဒေါ်ညွန့်)၊ တောင်ပိုင်းရပ်ကွက်နေ (ဦးအောင်မောင်း)-ဒေါ်အုံးကြည်၊ နေပြည်တော်နေ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်၊ ကညွတ်ကွင်းမြို့၊ တောင်ပိုင်းရပ်နေ (ဦးအေး)-ဒေါ်အုံးရီ၊ ဒေါ်စန်းကြည် (ကျောင်းအုပ်ဆရာမကြီး)၊ ဦးအောင်မြင့် (ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်လှလှ၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၂၃-၅-၂၀၁၅ရက်နေ့ ည ၉နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၅ရက်နေ့ မွန်းလွဲ ၁နာရီအချိန်တွင် ကညွတ်ကွင်းမြို့ အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိရှိနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေးရီ
### ကညွတ်ကွင်း
### အသက်(၉၂)နှစ်

နေပြည်တော်နေ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၂၃-၅-၂၀၁၅ရက်နေ့ ည ၉ နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၅ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ကညွတ်ကွင်းမြို့ အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိရှိနိုင်ပါရန် အကြောင်းကြားပါသည်။

သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေးရီ
### ကညွတ်ကွင်း
### အသက်(၉၂)နှစ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏ မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက်နေ့ ည ၉နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်-ဒေါ်ခင်စန္ဒာထွန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေးရီ
### ကညွတ်ကွင်း
### အသက်(၉၂)နှစ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း-ဒေါ်ခင်လေးသက်တို့၏ မိခင်ကြီး ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ရက်နေ့ ည ၉နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေ မိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဒေါ်မြမြဆွေ
### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုတန်းလမ်းနေ (ဦးညွန့်-ဒေါ်တင်ရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးတင်အောင်-ဒေါ်ခင်ဝမ်းကြည်၊ ဦးမင်ဇင်-ဒေါ်ခင်စန်းရီတို့၏ညီမ၊ ဦးသောင်းဝင်း-ဒေါ်မြင့်မြင့်မူတို့၏အစ်မ၊ ဦးသောင်းစိန် (သစ်တော၊ငြိမ်း)၏ဇနီး၊ ယုဇနဥယျာဉ်အိမ်ရာနေ ဒေါက်တာထွန်းထွန်းဝင်း-ဒေါ်ယမင်းသောင်း၊ ဦးချစ်မင်းသောင်း - ဒေါ်သဇင်လတ်လတ်ဝင်း၊ ဦးအောင်သူရ (ပြည်တွင်းအခွန်)-ဒေါ်ဆွေဇင်သောင်းတို့၏မိခင်သည် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့)ည ၉:၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

မင်းလှမြို့နယ်အသင်း၊
ပဲခူးတိုင်းဒေသကြီး

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ရီရီမှန်(ခ)Daw Girlie
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၁/၁၀၁နေ(ဦးထွန်းမှန်-ဒေါ်သန်းတင်) တို့၏ဒုတိယသမီး၊ (ဦးကျော်သက်)-ဒေါက်တာသန်းသန်းမှန်တို့၏ ညီမ၊ (ဦးတင်ထွန်းအောင်) - ဒေါ်ချိုချိုမှန်၊ ဦးရဲအောင်-ဒေါ်အေးအေးမှန်၊ ဦးကြည်နိုင်-ဒေါ်ငြိမ်းငြိမ်းမှန်တို့၏ အစ်မသည် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) ည ၇:၁၀နာရီတွင် သုခကမ္ဘာဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (ရှစ်မိုင် ညီအစ်ကိုများအသင်းတော်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင် (ရဲ-၁၆၂၀)
### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
### အသက်(၅၄)နှစ်

ဗိုလ်မှူးခင်အေးနွယ်၏ ခင်ပွန်းဖြစ်သူ ရဲမှူးကြီးအောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်သည် ၁၉-၅-၂၀၁၅ရက်တွင် ထိုင်းနိုင်ငံ စံတော်ချိန် ည ၁၀း၀၅နာရီတွင် ထိုင်းနိုင်ငံ Bumrungrad ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း မိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင်
### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ ဇလမ်း၊ ခရေပင်လမ်းခွဲ၊အမှတ်၂၁၂၇နေ ဗိုလ်မှူးခင်အေးနွယ်၏ချစ်လှစွာသောခင်ပွန်း ရဲမှူးကြီးအောင်ထွန်းထွန်းလွင်သည် ၁၉-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းသိန်းနှင့်ဇနီး ဒေါ်ငွေငွေမြင့်**
**ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ငွေးရီ
### ကညွတ်ကွင်း
### အသက်(၉၂)နှစ်

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏မိခင် ဒေါ်ငွေးရီသည် ၂၃-၅-၂၀၁၅ ရက်နေ့ ည ၉ နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ**
**ဦးတင်အေးနှင့်မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသိန်း
### အသက်(၉၀)

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၂)ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)၊ အင်ဂျင်နီယာမှူးကြီး ဒုတိယဗိုလ်မှူးကြီးမိုးဝင်း(ငြိမ်း)-ဒေါ်ဖြူဖြူလွင်တို့၏မိခင်ကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၉၆နေ ဒေါ်မြသိန်း အသက်(၉၀)သည် ၂၁-၅-၂၀၁၅ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လုပ်ငန်းတာဝန်ခံနှင့်အရာထမ်း/အမှုထမ်းများ**
**ဂေါတန်ကျောက်ထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း**
**အမှတ်(၂)မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း**

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစိန်လင်း (ငြိမ်း)
### အသက်(၈၆)နှစ်

သူငယ်ချင်း ဗိုလ်မှူးကြီးလင်းမောင်-ဒေါ်ခင်အိအိခိုင်တို့၏ ဖခင်သည် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၈၈)မှ**
**သူငယ်ချင်းများ**

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## HAJI AHMED DAWOOD SIMJEE (ခ)
## ဟာဂျီ ဦးမောင်မောင်
### (ခေတ်သစ်သံဆိုင်၊ ပြည်မြို့)
### အသက်(၈၁)နှစ်

ပြည်မြို့၊ လက်သမားလမ်းနေ (ဦးခင်မောင်-ဒေါ်နီနီ)တို့၏သား၊ (ဟာဂျီမဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ဟာဂျီ ဦးခင်မောင်၊ ဟာဂျီဦးဝင်းမောင်၊ (ဟာဂျီမဒေါ်ခင်နှင်းကြူ)၊ ဟာဂျီမဒေါ်ခင်နှင်းဖြူ(ခေတ်သစ်ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၅-၂၀၁၅ရက် နံနက်တွင်အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေပိုင်း အဆွရ်နမားဇ်အပြီးတွင် ဒါဖနာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါက်တာဦးစံကာ အသက်(၇၄)နှစ်
### ဆေးရုံအုပ်ကြီး(ငြိမ်း)၊ ပြည်မြို့

(ဒေါက်တာဦးပီကာရှန်ကာ-ဒေါ်မယ်စိန်ချို) နမ္မတူတို့၏ ဒုတိယသား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ရေကြည်အိုင်(အမှတ် ၉)၊ သစ္စာလမ်းမကြီးနေ ဒေါ်မြတ်လှချို(နမ္မတူ)၏ခင်ပွန်း၊ ဦးအောင်ကျော်စံ-ဒေါ်မေသန့်ဇင်၊ ဒေါ်ချိုချိုအေးစံ၊ ဒေါ်ချိုချိုထွေးစံ(ခေတ္တ-ဂျပန်)၊ ဒေါ်ချိုချိုလေးစံ(ကထိက၊ အင်္ဂလိပ်စာဌာန၊ ပြည်တက္ကသိုလ်)-ဦးတင်မောင်လွင်(ဦးစီးအရာရှိ၊ CFDTC၊ သစ်တောရေးရာဝန်ကြီးဌာန)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၅-၂၀၁၅ရက် နံနက် ၄း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၅-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မောင်မောင်ကလေး
### (Bernard Tin)
### မန္တလေး
### B.Sc Commerce(New York)
### တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)
### အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး
### ကုန်သွယ်ရေးဦးစီးဌာန
### အသက်(၉၃)နှစ်

ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ အမှတ် ၂၃၁၊ အခန်း ၁၂နေ အရေးပိုင်မင်း ဦးမောင်မောင်တင် (KSM, ATM) - ပြည်ထိပ်တင်ဆင့်တို့၏သားထွေး၊ (ဒေါ်တင်တင်လှ/Susan)၊ ဒေါ်မိမိအေး[အထက-၁၊ ဒဂုံ(ငြိမ်း)]တို့၏ခင်ပွန်း၊ ဒေါက်တာတင်တင်ဆင့်-ဦးရဲကျော်သူမြ(Rai)၏ဖခင်သည် ၂၃-၅-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဦးတင်ဝင်း
### အထက်တန်းစာရေး(ငြိမ်း)
### အဆောက်အအုံအထူးအဖွဲ့(၂)
### ရန်ကုန်တိုင်းဒေသကြီး
### သဃ်န်းကျွန်း
### အသက်(၇၀)

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၅၆)ရပ်ကွက်၊ဆုပြည့်ရတနာ ၂လမ်း၊ အမှတ် ၄၇၄နေ (ဦးမောင်လှ-ဒေါ်တင်အေး)တို့၏သားကြီး၊ ဒေါ်အမာကြည်(အလက-၄၊ရန်ကင်း၊ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဝင်း(မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်တင်ဝင်းတို့၏အစ်ကို၊ မသွဲ့ယဉ်ဝင်း၊ (ကိုစိုးကိုကိုဝင်း)၊ မချောစုဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မအိမ့်ပြည့်စုံ၊ မသိမ့်နန္ဒာပြည့်စုံတို့၏အဘိုးသည် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တအာစာရ
### (မင်္ဂလာမဟာစည်ရိပ်သာ)
### သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ မင်္ဂလာမဟာစည်ရိပ်သာတွင်သီတင်းသုံးတော်မူသော ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးအာစာရ အရှင်သူမြတ်သည် (၁၃၇၇ခုနှစ် နယုန်လဆန်း ၆ရက်) ၂၃-၅-၂၀၁၅ရက်(စနေနေ့)တွင် မင်္ဂလာမဟာစည်ရိပ်သာ၌ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား (နယုန်လဆန်း ၈ရက်) ၂၅-၅-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအကြောင်းကြား အပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်စိန်(ခ)
## ဒေါ်စန္ဒာထေရီ
### ဥက္ကဋ္ဌ-ရေကြည်တော်ဝတ်အသင်း
### (ကျိုက္ကစံစေတီတော်)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၁လမ်း၊ အမှတ် ၄၆၅နေ (ဦးမြ-ဒေါ်လှတင်)တို့၏သမီး၊ (ဦးစံခ-ဒေါ်ငွေစိန်)တို့၏ သမီးချွေးမ၊ (ဦးဗိုလ်ဝင်း)၏ညီမ၊ ဦးကျော်ညွန့်-ဒေါ်စန်းစန်းတို့၏အစ်မ၊ ဦးစိန်မြင့် (လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏ ချစ်လှစွာသောဇနီး၊ ဦးတင့်လွင်(လက်ထောက်ဘူမိဗေဒအရာရှိ) - ဒေါ်လှလှမော်၊ ဦးကျော်အောင်-ဒေါ်မို့မို့အေး(အမက-၁၆၊ တ/ဥက္ကလာပ)၊ ဦးမျိုးလွင်-ဒေါ်အေးအေးစိုး၊ ဦးအောင်ဇင်-ဒေါ်အေးစန္ဒာ၊ ကိုသန့်ဇင်ထွေး-မနန်းအထွေး၊ ကိုသိမ့်ဇင်ထွေး-မခင်သက်မွန်၊ မအေးစန္ဒာမြင့်တို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၂၃-၅-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြဆွေ
### (သာယာဝတီ/မင်းလှ)
### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အငြိမ်းစားလယ်ဝန်(ဦးညွန့်-ဒေါ်တင်ရွှေ)တို့၏တတိယသမီး၊ သာယာဝတီမြို့နေ (ဦးထွန်းတင်-ဒေါ်ချစ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်အိမ်ရာ၊ A/12 လမ်း၊ တိုက် ၄၊ အခန်း ၃၀၂နေ ဦးသောင်းစိန်(လက်ထောက်ညွှန်မှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာထွန်းထွန်းဝင်း - ဒေါ်ယမင်းသောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နေ ဦးချစ်မင်းသောင်း-ဒေါ်သဇင်လတ်လတ်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ အခွန်ဦးစီးရုံး၊ ဒု-ဦးစီးမှူး ဦးအောင်သူရ-ဒေါ်ဆွေဇင်သောင်းတို့၏ချစ်လှစွာသောမိခင်၊မောင်ကောင်းစည်သူ၊မဆုရတနာတို့၏ဘွားဘွားကြီးသည်၂၂-၅-၂၀၁၅ရက် (သောကြာနေ့)ည ၉း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြညွန့်(ခ)ဒေါ်မော်မော်
### သ/မဦးစီး(ငြိမ်း)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ ၄လမ်း၊ အမှတ် ၄၇/၁နေ (ဦးစိန်-ဒေါ်အေးပု)တို့၏သမီး၊ ဦးလှသောင်း၏ဇနီး၊ ကိုအောင်ကျော်လွင်(C/O-Raffles)-မသဉ္ဇာမော်တို့၏မိခင်၊ မောင်မင်းသုတ၊ မောင်မင်းသုခတို့၏အဘွားသည် ၂၀-၅-၂၀၁၅ရက် ညတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၅-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှထွန်း (မြောင်းဘွေ)
### ဌာနခွဲမှူး(ငြိမ်း)၊ ကပရ
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊မြန်မာ့ဂုဏ်ရည်အိမ်ရာ၊တိုက် A.3-2၊ အခန်း ၄၀၄နေ (ဦးရွှေလှဖြူ-ဒေါ်သာနု)တို့၏ သား၊(ဒေါ်မြမြဝင်း)၏ခင်ပွန်း၊ ဦးသန်းထွန်း [ဌာနခွဲမှူး (ငြိမ်း)၊ ကပရ]-ဒေါက်တာခင်ဦးသွင်၊ ဦးကိုကိုအောင်-ဒေါ်ခင်အုန်းမြင့်၊ ဦးစိုးနိုင်-ဒေါ်ခင်မာထွေး၊ (ဦးသန်းဇော်အောင်)-ဒေါ်သန်းသန်းနွယ်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးလှထွန်း (မြောင်းဘွေ)
### ဌာနခွဲမှူး(ငြိမ်း)၊ ကပရ
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊မြန်မာ့ဂုဏ်ရည်အိမ်ရာ၊တိုက် A.3-2၊ အခန်း ၄၀၄နေ (ဦးရွှေလှဖြူ-ဒေါ်သာနု)တို့၏ သား၊(ဒေါ်မြမြဝင်း)၏ခင်ပွန်း၊(ဦးသန်းကြည်-ဒေါ်မပု)၊ (ဦးသန်းစိန်-ဒေါ်သန်းရီ)တို့၏ညီ၊ (ဦးစိန်လှ)-ဒေါ်စောလှ၊ ဦးအောင်သန်း-ဒေါ်မကျော့၊ ဦးဦးသာထွန်း-ဒေါ်သင်းကြွယ်၊ ဦးစံရွှေမောင်-ဒေါ်သန္တာဖြူတို့၏ အစ်ကိုသည် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့)ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်းထွန်း(ခ)
## ဦးကေတု (ရွှေကျင်)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်မြတ်)-ဒေါ်အေးခင်တို့၏သား၊ ရွှေကျင်မြို့နေ (ဦးရွှေသင်း) - ဒေါ်တင်ဦးတို့၏ သားသမက်၊ ကိုကျော်ဇောထွန်း-မယဉ်ယဉ်စိုး၊ ကိုနေလင်းအောင်-မခင်နုထွေး၊ မအေးမြတ်သင်း၊ ဗိုလ်မှူးမြတ်မိုး-မမြတ်ဦးခင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်မြင့်မြင့်စန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၅-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကြူစမ်းရွာနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ရီရီမှန်(ခ) Daw Girlie
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၁/၁၀၁နေ(ဦးထွန်းမှန်-ဒေါ်သန်းတင်) တို့၏ဒုတိယသမီး၊ (ဦးစံလှ-ဒေါ်မြအေး)တို့၏သမီးချွေးမ၊ဦးသူရဇော်ကို-ဒေါ်ဥမ္မာကြည်၊ ဦးဝဏ္ဏဇော်ကို-ဒေါ်တင်နီလာမြင့်၊ ဦးစောခရစ္စတီပေါလ်-ဒေါ်မွန်မွန်ဇော်ကိုတို့၏ချစ်လှစွာသောမိခင်၊မောင်အောင်ခန့်မင်း၊မောင်ပေါလ်ဝဏ္ဏမှန်၏ဘွားဘွားကြီးသည် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) ည ၇း၁၀ နာရီတွင် သုခကမ္ဘာဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်၌ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။(ရှစ်မိုင် ညီအစ်ကိုများအသင်းတော်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း
### အသက်(၅၃)နှစ်

(ဦးဘိုးပြန့်-ဒေါ်ညွန့်ရွှေ)တို့၏သား၊ (ဦးစံအေး - ဒေါ်နှင်းတင်)တို့၏ သားသမက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၊ အခန်း ၄၈နေ ဒေါ်ခင်နှင်းအေး၏ ခင်ပွန်း၊ မောင်စိုးမင်းထွန်း၊ မောင်မျိုးမင်းထွန်းတို့၏ဖခင်သည်၂၃-၅-၂၀၁၅ ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့တွင် တည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

## လျှပ်စစ်သွယ်တန်းရေး၊ ရေဖြန့်ဖြူးရေး၊ အမှိုက်နှင့်ရေဆိုးများစွန့်ပစ်ရေး စနစ်တကျဆောင်ရွက်ရန် မှာကြား




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ရှိ “ထင်ရှူးမြိုင်”မြို့ပြဖွံ့ဖြိုးရေး အိမ်ရာတည်ဆောက်ရေးစီမံကိန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း၊ စာမျက်နှာ-၄) (ဓာတ်ပုံ-မြန်/ဆက်)

## ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် သမဝါယမက ယခုထက်ပိုမို၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

စာမျက်နှာ-၉

### မှတ်သားဖွယ်ရာမိုးရေချိန်များ ၂၃-၅-၂၀၁၅

| | |
|---|---|
| ပေါင်မြို့ | ၅ ဒသမ ဝ၄ လက်မ |
| မုဒုံမြို့ | ၄ ဒသမ ၃၇ လက်မ |
| ကော့ကရိတ်မြို့ | ၃ ဒသမ ၇၀ လက်မ |

# မြန်မာနိုင်ငံအနေဖြင့် လှေစီးဒုက္ခသည်များကို လူသားချင်းစာနာ ထောက်ထားမှုအရ ရှာဖွေကယ်ဆယ်ခြင်းနှင့် ယာယီခိုလှုံခွင့်ပေးခြင်းဖြစ်

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံအနေဖြင့် ရွှေ့ပြောင်းအခြေချသူများ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်များကိစ္စနှင့်ပတ်သက်၍မြန်မာနိုင်ငံ၏သဘောထားနှင့်ဆောင်ရွက်နေမှု အခြေအနေအား မေ ၁၉ ရက်ထုတ် သတင်းစာများတွင် သတင်းထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်နှင့်အညီ မြန်မာ့ပင်လယ်ပြင်၌ အတိဒုက္ခရောက်သူများအား တွေ့ရှိကကူညီနိုင်ရန် မြန်မာ့တပ်မတော်(ရေ)နှင့် တပ်မတော် (လေ)တို့က မိမိပိုင်နက်ရေပြင်အတွင်း ပုံမှန်ကင်းလှည့်ရှာဖွေလျက်ရှိသည်။

ယင်းကိစ္စနှင့်စပ်လျဉ်းပြီး မေ ၂၃ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန နောက်ချန်ရုံးသို့ ဖိတ်ခေါ်တွေ့ဆုံခဲ့ပြီး မေ ၂၁ ရက်၌ မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်အနီး ပင်လယ်ပြင်၌ စက်လှေနှစ်စင်းကို တွေ့ရှိခဲ့ကြောင်း၊ မြန်မာ့တပ်မတော်(ရေ)၏ ပုံမှန်ကင်းလှည့်မှုများအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လှေတစ်စင်းတွင် လူ ၂၀၈ ဦး ပါပြီး အခြားတစ်စင်းတွင် လူမပါကြောင်း၊ ယခုအခါ စက်လှေနှစ်စင်းသည် အငူမော်ရေဆိပ်တွင်ရှိကြောင်း၊ ပါဝင်သည့်လှေစီးဒုက္ခသည်များကို အလယ်သံကျော်ရွာတွင် ယာယီစခန်းဖွင့်လှစ်၍ စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားလိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ထားကြောင်း၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာအာဏာပိုင်များ၏ ပူးတွဲစိစစ်ချက်အရ ဖော်ပြပါလူများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြစ်သည်ကို တွေ့ရှိရကြောင်း၊ စစ်တွေမြို့ရှိ ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းများအနေဖြင့် ဖော်ပြပါပုဂ္ဂိုလ်များအား ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုများ သွားရောက်ပြုလုပ်စေလိုကြောင်း၊ ဤအချက်အလက်များကို ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအနေဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရသို့တင်ပြ၍ အမြန်ဆုံးဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးကလည်း စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်အား သွားရောက်တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ကောင်စစ်ဆိုင်ရာတွေ့ဆုံမှုရရှိရေးအတွက် စာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ လှေစီးဒုက္ခသည်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြားသက်ရောက်မှုခံရသည့် နိုင်ငံများနည်းတူ အခြားဒေသများမှ ထွက်ခွာလာသော လှေစီးဒုက္ခသည်များကို လူသားချင်းစာနာထောက်ထားမှုအရ ရှာဖွေကယ်ဆယ်ခြင်းနှင့် ယာယီခိုလှုံခွင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

လှေစီးဒုက္ခသည်များကိစ္စကို အတူတကွ ဝိုင်းဝန်းဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်အတွက် မေ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပြုလုပ်မည့် အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့အား စေလွှတ်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**






mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS